
www.burmeseclassic.com

အောင်မြင်စာပေ ဂမ္ဘီရဆန်းကြယ်လုံးချင်းဝတ္ထုသစ်



# နတ်လှောင်အိမ်မှ သေလာဗယကျွ

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း



၈၉၅.၈၃

ပညာဒီပ

နတ်လှောင်အိမ်မှ သေလာယက္ခ/ပညာဒီပ။ – ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၀။
၁၅၂ - စာ၊ ၁၃.၅ × ၂၁ စင်တီ။
(၁) ပညာဒီပ

စာမူခွင့်ပြုချက်အမှတ် ၅၀၁၁၀၉၀၁၁၀။ မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၂၁၆၀၂၁၀။
[illegible] ။ ဦးအောင်မြင့်၊ အမှတ်(၇)၊ သီတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။
[illegible] ။ ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်၊ အမှတ်(၁၆)၊ သစ်ရာပင်လမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။

ဖြန့်ချိရေး ။ အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်ဘာလေလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။
၈၄၁၁၈၅၊ ၅၅ ၂၁၃၁၊ ၀၉ ၈၀ ၃၄၅၈၁၊ ၀၉ ၅၀ ၂၁၃၅၄။

# ဒဿနလက်ဆောင်

ရေနံဆီကို များစွာစုပ်ယူနိုင်သော မီးစာသည်...မီးအလင်းရောင် တောက်ပအောင် စွမ်းဆောင်နိုင်သကဲ့သို့...

အကြားအမြင် ဗဟုသုတ ကြွယ်ဝခြင်းကြောင့်လည်း...ဘဝအလင်းရောင်ကို တောက်ပစေနိုင်ပါသည်။

မိမိထက် အဆင့်အတန်း နိမ့်ကျသူများအား ကြည့်ပြီး...ငါက သူတို့ထက်သာပေတာပဲ...

ထိုသို့တွေးနေသမျှ လက်ရှိဘဝမှ နောက်တစ်ဆင့်သို့ ရောက်ရန် မလွယ်တော့ပေ။

ပေါင်းမြက်တို့ကို အမြစ်မတွယ်ခင် နုနယ်စဉ် ရှင်းပါက အခက်အခဲ မရှိနိုင်ပေ။ ကြီးရင့်အမြစ်တွယ်မှ ရှင်းလျှင် မရတော့ပေ။

မကောင်းသောအကျင့်ဆိုးများသည်လည်း...အမြစ်တွယ်သောအခါ သုတ်သင်ရန် မလွယ်တော့ပေ။

www.burmeseclassic.com

www.burmeseclassic.com

အလုပ်တစ်ခုကို စတင်လုပ်ရုံနှင့်တော့ အကျိုးအမြတ် ရနိုင်မည်မဟုတ်ပေ။
ပြီးဆုံးအောင် လုပ်နိုင်မှသာ... ထိုအလုပ်၏အကျိုးအမြတ်ကို ရပေလိမ့်မည်။

ငယ်ရွယ်စဉ်အခါက အမှန်နှင့်အမှားကို စူးစမ်းလိုကြသည်။
အရွယ်ရလာသောအခါ...ထိုအကြောင်းကို အလေးအနက် မထားချင်တော့ပေ။

ချစ်ခြင်းမေတ္တာဟူသည်...နူးညံ့သော ပန်းတစ်ပွင့်ဖြစ်သလို...
သေးငယ်သလောက် အဆိပ်ပြင်းသော အဆိပ်လူးတစ်ချောင်းလည်းဖြစ်နိုင်ပေသည်။
အသုံးပြုသူအပေါ်မှာ မူတည်ပါသည်။

ယောကျ်ားတစ်ယောက်၏ချစ်ခြင်း မေတ္တာသည်...သစ္စာဖြင့် တန်ဖိုးထားရခြင်း ဖြစ်ပြီး...
မိန်းကလေးတစ်ယောက်၏ချစ်ခြင်း ကတော့ ဘဝတစ်ခုလုံးဖြင့် ရင်းရခြင်းဖြစ် ပေသည်။

စိတ်ဆန္ဒ၏နံဘေးမှာ ကျိုးကြောင်း ဆင်ခြင်မှုများက ဝန်းရံထားကြသည်။
ထိုစိတ်က အမြင့်သို့ ခုန်တက်သွား သောအခါ...ကျိုးကြောင်းဆင်ခြင်မှုများက အဝေးသို့ ထွက်သွားကြလေတော့သည်။

စိတ်ကူးဖြင့် တွေးတောသည့်အခါ အကန့်အသတ်မရှိ တွေးတောနိုင်ပါသည်။
လက်တွေ့အကောင်အထည်ဖော်သည့် အခါမှာတော့ အကန့်အသတ်ဖြင့်သာ လုပ်ရ ပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

တစ်ဦးနှင့်တစ်ဦး ရာသက်ပန်
လက်တွဲတော့မည်ဟု ဆုံးဖြတ်ပြီးလျှင်...
လျှို့ဝှက်ချက် မှန်သမျှကို အသိပေးလိုက်ပါ။
ထိုလျှို့ဝှက်ချက်ကြောင့် လမ်းခွဲရလျှင်
အနည်းငယ်သာ ခံစားရပါမည်။
လက်တွဲပြီးမှ ထိုလျှို့ဝှက်ထားမှုတစ်ခု
ကြောင့်...လမ်းခွဲရသည့်အခါ ပေးဆပ်မှု
များသောကြောင့်ဖြစ်သည်။

လူတစ်ယောက်သည် ရေပြင်ပေါ်မှာ
လမ်းလျှောက်ပြသောအခါ
အကောင်းမြင်သူက...
ဒီလူစွမ်းဆောင်နိုင်ပေတယ်ဟု
ချီးကျူးသည်။
အပြစ်ရှာနေသူကတော့...
အများလို လက်နှင့် ယက်မကူးနိုင်လို့
ခြေထောက်နှင့် ခက်ခက်ခဲခဲ လျှောက်နေရ
တယ်ဟု ပြောပါလိမ့်မည်။

အချစ်သည် နှောင့်နှေးကြန့်ကြာမှုနှင့်
သစ္စာမဲ့သူတို့အား သည်းခံပေးလေ့ မရှိပေ။

# အမှာစာ

ဤဝတ္ထုတွင် ပါဝင်သော အချက်
အလက်အချို့မှာ (၁၉၇၂)ခုနှစ်၊ စာပေ
ဗိမာန် စာမူဆု စာပဒေသာ တတိယဆုရ
ဆရာသုခဝင်း ရေး သားပြုစုသော
နတ်အိမ်တောင်သို့တစ်ခေါက် စာမူမှ
အချက်အလက် အချို့ကို သုံးစွဲခဲ့ပါကြောင်းနှင့်
ဆရာသုခဝင်းအား ကျေးဇူးတင်ပါကြောင်း
မှတ်တမ်းတင်ပါသည်။

(စာရေးသူ)

www.burmeseclassic.com

www.burmeseclassic.com

## ကျမ်းဝတ္ထုတွင် ပါဝင်သောအခန်းများ


အခန်း(၁) နတ်လှောင်အိမ်လမ်းဆုံမှ ကျောက်ဘီလူး

အခန်း(၂) အမှောင်လမ်းမှ ဝိညာဉ်ခရီးဖော်

အခန်း(၃) ပဟေဠိဆန်သော ကူးတို့သမား

အခန်း(၄) တယ်ပင်ကုန်းလေ့ဆိပ်မှ ဖြစ်ရပ်ဆန်း

အခန်း(၅) သစ္စာရှိသော ရွှေစာရံမှ သရဲဗိုလ်နီ

အခန်း(၆) မာယာများလှသည့်တောကြမ်း

အခန်း(၇) အမှောင်လွှမ်းသောဘဝများ

အခန်း(၈) မဟူရာလမ်းမှ ပန်းတစ်ပွင့်

အခန်း(၉) မယ်ကဲချောင်းမှ လျှို့ဝှက်သောလှု

အခန်း(၁၀) ထမင်းတောင်းသည့် ပရလောကသား

အခန်း(၁၁) နတ်လှောင်အိမ်မှ သေလာယက္ခ

အခန်း(၁၂) နှစ်ကိုယ်တူမေတ္တာလမ်း




# အခန်း(၁)

# နတ်လှောင်အိမ်လမ်းဆုံမှ ကျောက်ဘီလူး

ရာသီဥတုက ဆိုးဆိုးဝါးဝါး ဖြစ်မနေသော်လည်း ဒီအချိန်မျိုးမှာတော့ ခရီးသွားရန် မသင့်ပေ။

အချိန်က မိုးဦးကျရာသီဖြစ်ပြီး မိုးက တဖွဲဖွဲ ရွာလိုက်၊ သဲသဲမဲမဲ ရွာလိုက် ရှိနေသည်။

သွားရမည့်အချိန်က နေဝင်ရီတရောအချိန်ဖြစ်ပြီး သွားရမည့် လမ်းက တောလမ်းဖြစ်သည်။

သူမ သွားမည့် နတ်လှောင်အိမ်တောလမ်းမှာ နာမည်ကြီးသည့်

www.burmeseclassic.com



သည်။

အခြားတော့ မဟုတ်ပေ။

ထိုလမ်းခရီး၌ မှောင်ခိုသွားသူများ မကြာခဏ အသတ်ခံရသောနေရာပင်ဖြစ်သည်။

သို့သော် မြဝင်းသူအနေနှင့် မသွား၍တော့ ဘယ်နည်းနှင့်မှ မဖြစ်ပေ။

အဘယ့်ကြောင့်ဆိုသော်. . .

မြဝင်းသူမှာ မိခင်မရှိဘဲ ဖခင်နှင့်သာ နေရသူဖြစ်သည်။ ဖခင်ဦးသာဒွန်းမှာ ခြံစိုက်ပျိုးခြင်းလုပ်ငန်း လုပ်ကိုင်ကာ သားအဖနှစ်ယောက်ဘဝကို မပူမပင် နေရအောင် လုပ်ကိုင်ကျွေးမွေးခဲ့ပေသည်။

ယခုတော့ မြဝင်းသူ၏ဖခင် ဦးသာဒွန်းတစ်ယောက် အိပ်ယာထက်မှာ ပက်လက်အနေအထားဖြင့် သတိမေ့နေချေပြီ။

နေ့လည်ပိုင်းက ကွမ်းခြံအတွင်း ဆင်းရာမှ ပိုးထိခံလိုက်ရခြင်းဖြစ်သည်။

မည်သည့်မြွေမျိုး ကိုက်လိုက်မှန်း မသိရစေကာမူ အဆိပ်တက်ကာ သတိမေ့နေချေပြီ။

အဖေတစ်ခု သမီးတစ်ခု ရှိသောဘဝတွင် ဖခင်ဖြစ်သူ ထိုသို့ဖြစ်လာသောအခါ မြဝင်းသူမှာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေတော့သည်။

"အကယ်၍သာ အဖေ သေသွားရင်. . ."

ဟူသောအတွေးက သူမကို များစွာနှိပ်စက်လျက် ရှိနေတော့သည်။ မြဝင်းသူတို့ နေထိုင်သောရွာမှာ ကလိန်အောင်ရွာ ဖြစ်သည်။ ကလိန်အောင်ရွာသည် တနင်္သာရီတိုင်း၊ ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်အတွင်း ရှိပေသည်။

လွတ်လပ်ရေး ရပြီးစ ခေတ်ကာလက ယခုကဲ့သို့ စည်ကား





သောအသွင် မရှိသေးဘဲ သာမန်ရွာကလေးတစ်ရွာမျှသာ ရှိနေသေးသည်။

ကလိန်အောင်ရွာသည် ရေးမြို့နှင့် ထားဝယ်မြို့ကို ဆက်သွယ်ထားသော မော်တော်ကားလမ်း အလယ်ဗဟိုရ်နေရာ၌ ရှိသဖြင့် ခရီးတစ်ထောက်နားသောနေရာလည်းဖြစ်သည်။

ရေးနှင့်ထားဝယ်မှ နံနက်စောစော ထွက်လာသည့် ခရီးသည်နှင့် ကုန်ပစ္စည်းများ တင်ဆောင်ထားသော မော်တော်ကားများသည် ကလိန်အောင်သို့ ရောက်လာသောအခါ ကားရော လူပါ နားကြပြီး နံနက်စာ စားကြသည်။

လွတ်လပ်ရေးရပြီးခေတ် ကာလက ကလိန်အောင်ရွာတွင် အိမ်ခြေမများလှသော်လည်း (၁၉၇၀)ပြည့်နှစ်နောက်ပိုင်း ရောက်လာသောအခါ အိမ်ခြေ(၂၀၀)ခန့် တိုးတက်မှု ရှိလာခဲ့သည်။

မော်တော်ကားဂိတ်နှင့် မနီးမဝေးတွင် လက်ဖက်ရည်ဆိုင်၊ ထမင်းဆိုင်များအပြင် ရဲစခန်းနှင့် မှတ်ပုံတင် စစ်ဆေးသော စခန်းများ ရှိလာသည်။

နောက်ပိုင်းမှာတော့ ရွာပင်ဖြစ်သော်လည်း ကားလမ်းနံဘေး အချက်အချာကျသောနေရာဖြစ်သောကြောင့် စာတိုက်ကြေးနန်း၊ သစ်တောဌာန၊ ကျေးရွာဆေးပေးခန်းတို့ တဖြည်းဖြည်း တိုးတက်စည်ကားလာခဲ့သည်။

ကလိန်အောင်ရွာကို ကလိန်အောင် ချောင်းမကြီးက မြောက်မှတောင်သို့ ပစောက်ပုံသဏ္ဌာန် ရစ်ခွေပတ်စီးလျက် ရှိနေသည်။

ထိုချောင်းကိုလည်း တံတားဖြင့် ကူးနိုင်ရန် အခိုင်အခံ့ ဖြတ်ထားလေသည်။

ရေးမြို့နှင့်ထားဝယ်မြို့အတွင်းရှိ တံတားများအနက် ကလိန်အောင်ချောင်းတံတားသည် အကြီးဆုံးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထားဝယ်မှ ကလိန်အောင်တံတားအထိ (၄၆)မိုင် (၃)ဖာလုံ ကွာဝေးလေသည်။

အနောက်ဘက်တောင်တန်းများနှင့် ဆက်စပ်လျက် ရှိသော တောင်တန်း၏ အမြင့်ဆုံးတောင်မြင့်တစ်နေရာ၌ စေတီတစ်ဆူရှိသည်။

စေတီတော်၏ဘွဲ့အမည်ကို သိးသန့်မရှိဘဲ ကလိန်အောင်ရွာ တို့ အစွဲပြုလျက် ကလိန်အောင်စေတီဟုပင် ခေါ်ဝေါ်ကြလေသည်။

• ကလိန်အောင် ဘုရားပွဲကို တပို့တွဲလတွင် စည်ကားစွာ ကျင်းပ လေ့ရှိကြသည်။

လွတ်လပ်ရေး ရပြီးစအချိန်က ကလိန်အောင်ကျေးရွာမှ သာမန်ရွာငယ်ကလေးဖြစ်ပြီး နေထိုင်ကြသူအများစုမှာ ပင်လယ်ထွက်၍ ငါးဖမ်းခြင်း၊ တောထဲ၌ အမဲလိုက်ခြင်းနှင့် ခြံစိုက်ပျိုးခြင်းအလုပ်များ လုပ်ကိုင်အသက်မွေးခဲ့ကြသည်။

(၁၉၆၂)နှစ်နောက်ပိုင်းမှာ ယိုးဒယား(ထိုင်းနယ်စပ်) နယ်စပ် ဘက်သို့ သွားပြီး အရောင်းအဝယ်လုပ်ငန်းလုပ်သူများ ပေါ်ပေါက်လာ လေသည်။

တဖြည်းဖြည်းနှင့် မှောင်ခိုကုန်ကူးသောလုပ်ငန်းများ တွင် ကျယ်လာခဲ့သည်။

မြဝင်းသူတို့သားအဖမှာ ခြံစိုက်ပျိုးလုပ်ကိုင်ခြင်းဖြင့် အသက် မွေးကြသည်။

၎င်းတို့ခြံမှာ အခြားသီးပင်စားပင်များအပြင် ကွမ်းခြံများလည်း ရှိလေသည်။

ရေမြေကောင်းသောကြောင့် သီးနှံစိုက်ပျိုးမှု များစွာဖြစ်ထွန်း လေသည်။

ကလိန်အောင်ရွာတွင် မှောင်ခိုလုပ်ငန်းများ တွင်ကျယ်လာ သောအချိန်က ဦးသာဒွန်းတစ်ယောက်လည်း အဖော်ကောင်းသဖြင့်





နယ်စပ်ဘက်သို့ သွားကာ မှောင်ခိုအလုပ် လုပ်ခဲ့ဖူးသေးသည်။

သို့သော်လည်း နယ်စပ်ဘက်မှ လူရည်လည်သူများ၏ ဂုတ် သွေးစုပ် ခြယ်လှယ်မှုကြောင့် အမြတ်မရဘဲ ဖတ်ဖတ်မော၍သာ ပြန်ခဲ့ ရသည်။

အချို့ဆိုလျှင် သောင်းကျန်းသူများနှင့် တွေ့၍ လုယက်ခံရ ခြင်း၊ အစိုးရစစ်တပ်နှင့် တွေ့၍ အဖမ်းခံရသောကြောင့် အရင်းဆုံးကာ ဘဝပျက်ရသူများလည်း အများအပြား ရှိကြလေသည်။

သို့ကြောင့် နောက်ဆုံး ထိုမှောင်ခိုအလုပ်ကို စွန့်လွှတ်ကာ မိမိနေရပ်မှာ ပြန်၍ ခြံစိုက်စားနေခြင်းဖြစ်သည်။ ယခုတော့ ဦးသာဒွန်း တစ်ယောက် ခြံထဲမှာ ပိုးထိလိုက်သောကြောင့် သတိမရတော့ပေ။

မြဝင်းသူမှာ ဖခင် ထိုသို့ဖြစ်လာသောအခါ မည်သို့ ပြုလုပ်ရ မှန်း မသိတော့ဘဲ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေတော့၏။

ထိုအချိန်က ကလိန်အောင်ရွာတွင် ဆေးကုသပေးမည့် ဆေး ပေးခန်း မရှိသေးပေ။

ဦးသာဒွန်းတစ်ယောက် ပိုးထိခံရသည်ဆိုသောသတင်း ကြား ကြသဖြင့် အိမ်နီးနားချင်းများက လာရောက်ကြည့်ရှုကြသော်လည်း ၎င်းတို့လည်း စိတ်မကောင်းရုံမှလွဲ၍ ဘာမှမတတ်နိုင်ကြပေ။

"ဟဲ့. . . မြဝင်းသူ၊ ဒီအတိုင်းကြည့်နေရင် အဆိပ်တက်ပြီး နင့်အဖေ သေသွားလိမ့်မယ်"

"ဘယ်လိုလုပ်ရမလဲ အစ်မရယ်၊ ရွာထဲမှာ ဆေးဆရာလည်း မရှိ၊ မြွေဆရာလည်း မရှိနဲ့၊ ကျွန်မ ဘယ်သူ့ကို သွားခေါ်ရမလဲဟင်"

မြဝင်းသူက ငိုသံပါကလေးနှင့် ပြန်မေးလိုက်သည်။

"မနေ့က ကြားတာတော့ အင်းပြားရွာမှာ မြွေနိုင်တဲ့ ဆေးဆရာ တစ်ယောက် ရောက်နေတယ်လို့ သတင်းကြားတယ်"

အင်းပြားရွာသည် ကလိန်အောင်ချောင်း၏အနောက်ဘက်၌



www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။

ထိုရွာတွင် ရေပူတွင်းတစ်ခုရှိပြီး တောခြောက်လှသဖြင့် မည်သူမှ မသွားဝံ့သောနေရာလည်းဖြစ်သည်။

"ဆေးဆရာ ရှိတယ်ဆိုရင် ကျွန်မ သွားခေါ်မယ်"

"ဟယ်. . . မဟုတ်တာ၊ ဒီအချိန်ကျမှ ဒီလမ်းကို နင်တစ်ယောက်တည်း သွားလို့ဖြစ်ပါ့မလား"

"အို. . . ဘာကြောင့် မဖြစ်ရမှာလဲ၊ ကျွန်မအဖေအသက်ထက်တော့ ဘာမှအရေးမကြီးဘူး"

"အဲဒီလမ်းက နေ့ဘက်တောင် အသွားအလာ မလုပ်ဝံ့ကြတာ၊ နင်သွားလို့ မသင့်ဘူးထင်တယ်၊ ခက်တာကလည်း ဒီအချိန်မျိုးမှာ ဒီလမ်းက သွားမယ်ဆိုရုံနဲ့တင် ဘယ်သူကမှ အဖော်လိုက်ဝံ့ကြမှာ မဟုတ်ဘူး"

"ကျွန်မ အဲဒါတွေ မကြောက်ပါဘူး၊ ဆရာရှိတယ်ဆိုတာ သေချာတယ်ဆိုရင် ကျွန်မတစ်ယောက်တည်း သွားမှာပါ၊ ကျွန်မ သွားနေတုန်း အဖေ့ကိုသာ ကြည့်ထားပေးကြပါ"

"နင် လမ်းရော သိရဲ့လားဟဲ့"

အိမ်နီးချင်း အဘိုးကြီးတစ်ယောက်က ဝင်မေးသည်။

"အရောက်အပေါက် မရှိတော့ သိပ်မသိဘူး အဘ၊ အဘသိရင် ပြောပြပါ"

ထိုအခါ အင်းပြားရောက်အောင် သွားရမည့်လမ်းကို အဘိုးကြီးက ပြောပြသည်။

"နင် ဒီက သွားရင် ကလိန်အောင်ချောင်းတံတားကို အရင်ကူးရလိမ့်မယ်"

ထိုတံတား ရောက်သည်အထိတော့ သူမအတွက် အခက်အခဲရှိမည်မဟုတ်ပေ။





"တံတားအနောက်ဘက်ကမ်း ရောက်တာနဲ့ တောလမ်းအတိုင်း အနောက်ဘက်ကို သွားရင် နတ်လှောင်အိမ်လမ်းဆုံကို ရောက်သွားလိမ့်မယ်၊ အဲဒီလမ်းဆုံနေရာမှာ ရေပူတွင်းတစ်ခုနဲ့ ကျောက်ဘီလူးရုပ်ထုတစ်ခုကို တွေ့ရလိမ့်မယ်"

နတ်လှောင်အိမ်လမ်းဆုံနေရာအကြောင်းကိုတော့ ထိုဒေသတဝိုက်မှာ နေသူတိုင်း သိကြလေသည်။

အချို့က နတ်ကြီးသည်ဟု ပြောသည်။

အချို့က တောကြမ်းသည်ဟု သတ်မှတ်ကြသည်။

နတ်လှောင်အိမ်လမ်းဆုံနှင့် လူသိအများဆုံး အဖြစ်အပျက်တစ်ခုမှာ ထိုနေရာတဝိုက်တွင် မှောင်ခိုကုန်ကူးသော အဖွဲ့တစ်ဖွဲ့မှာ သောင်းကျန်းသူများနှင့် တွေ့ပြီး တစ်ဖွဲ့လုံး အသတ်ခံကြရသော အဖြစ်အပျက်ပင်ဖြစ်ပေသည်။

အယူအစွဲကြီးသူများကတော့ ထိုနေရာတဝိုက်မှာ နတ်ကြမ်းသဖြင့် နတ်မကြိုက်သောကိစ္စများကို ပြုလုပ်မိသောကြောင့် ထိုကဲ့သို့ အသတ်ခံကြရခြင်းဖြစ်ကြောင်း ထင်မြင်ချက်ပေးကြသည်။

ထိုနေရာတဝိုက်တွင် နေထိုင်သူ မရှိခြင်းနှင့် တောထူထပ်သည့်အပြင် သွားသည့်လူတိုင်း တစ္ဆေသရဲတို့၏ခြောက်လှန့်မှု ခံကြရသဖြင့် နောက်ပိုင်းမှာတော့ အကြောင်းမရှိဘဲ မည်သူမှ အသွားအလာ မပြုဝံ့ကြတော့ပေ။

"ကျောက်ဘီလူးရုပ် တွေ့ပြီးတာနဲ့ အနောက်ဘက်ကို သွားတဲ့ တောလမ်းအတိုင်း သွားရင် အင်းပြားရွာကို ရောက်နိုင်ပါတယ်"

ဟု လမ်းညွှန်ပေးသည်။

လမ်းညွှန်ပေးသော အဘိုးအိုက ထိုမျှသာ ပြောသော်လည်း ဖြင်းတွင် ပြောစရာစကား ကျန်နေဦးမည်ဟု မြဝင်းသူစိတ်ထဲမှာ ထွေးလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



အချိန်မှာလည်း နေဝင်ရီတရောအချိန်ကျော်လာပြီ ဖြစ်သောကြောင့် အမှောင်ရိပ်များ သမ်းစပြုလာချေပြီ။

ထိုအချိန်မှာပင် မိုးတဖွဲဖွဲနှင့် ရွာသွန်းနေပြန်လေရာ ပတ်ဝန်းကျင်မှာ ပို၍မှုန်မှုန်မှိုင်းမှိုင်း ဖြစ်နေတော့သည်။ ထိုအချိန်အခါမျိုးတွင် မည်သူမှ အပြင်မထွက်ချင်ကြတော့ပေ။

တစ်နေ့လုံး အလုပ်လုပ်ကြပြီး ညနေပိုင်းအချိန် ရောက်ပါက အိမ်သို့ ပြန်လာကာ မရှိရှိတာ စားသောက်ပြီး နားနေကြလေပြီ။

ထိုအချိန်မျိုးတွင် အပြင်သို့ ထွက်ရသည်မှာ အန္တရာယ်များကြောင်း မြဝင်းသူ သိသည်။

တောလမ်းခရီးမှာ တစ္ဆေသရဲများနှင့် မတွေ့ရစေကာမူ နေရာအနှံ့ သွားလာနေကြသော သောင်းကျန်းသူများနှင့် တွေ့ပါက တစ္ဆေသရဲတို့နှင့် တွေ့ရသည်ထက် ပိုဆိုးသွားပေလိမ့်မည်။

သို့သော် မတတ်နိုင်တော့။

ဆရာ မခေါ်နိုင်ပါက သေမင်းလက်သို့ အပ်ရတော့မည့် ဖခင်အခြေအနေထက်တော့ မည်သည့်အန္တရာယ်ကမှ အရေးမကြီးတော့ပေ။

သို့ကြောင့် သွားရန် ပြင်ဆင်လေတော့သည်။ သူမသည် မေးသိုင်းကြိုး ပါသော ဝါးခမောက်ကို ဦးခေါင်းပေါ်မှာ ဆောင်းပြီး မေးသိုင်းကြိုးကို ချည်သည်။ ပြီးမှ မိုးကာအင်္ကျီအနက်ကို အပေါ်မှ ဝတ်သည်။ လုံချည်တိုတို ပြင်ဝတ်ပြီး ခြေထောက်မှာ တောစီးဖိနပ်တစ်ရံကို စီးသည်။

လမ်းခရီးတွင် အသုံးပြုရန် လေလုံသောရေနံဆီမီးအိမ်တစ်လုံးနှင့် တုတ်ရှည်တစ်ချောင်းကိုပါ ယူသည်။

ထိုသို့ပြင်ဆင်နေစဉ် အိမ်နီးချင်းအဖော်တစ်ယောက်က လာပြောသည်။





"ဟဲ့ . . . မြဝင်းသူ နင် အင်းပြားကို တစ်ယောက်တည်း သွားမလို့လား"

ခေါင်းညိတ်ပြသည်။

"တစ်ယောက်တည်း သွားလို့ ဖြစ်ပါ့မလားဟယ်"

"တစ်ယောက်တည်း မသွားစေချင်ရင် နင်ပါ လိုက်ခဲ့ပါလား"

"အမယ်လေး . . . မလိုက်ဝံ့ပါဘူး။ အဲဒီသွားမယ့်လမ်းမှာ ရှိတဲ့ နတ်လှောင်အိမ်လမ်းဆုံနေရာမှာ လူတွေ အစုလိုက် အပြုံလိုက် အသတ်ခံရပြီး တစ္ဆေသရဲတွေ ရှိတာ နင်မသိဘူးလား"

"ငါမကြောက်ပါဘူး"

ထိုမိန်းကလေးက တအံ့တဩ ဖြစ်နေပြီးမှ ပြောသည်။

"နင်တစ်ယောက်တည်းတော့ မသွားပါနဲ့၊ ငါ့အိမ်မှာ မွေးထားတဲ့ တောင်လုံးကျော်ကို အဖော်ခေါ်သွားပါလား၊ ခွေးတစ်ကောင်လောက် ပါတော့ တော်သေးတာပေါ့"

ဟု ပြောရာ မြဝင်းသူမှာ ဘာမှမပြောတော့ပေ။ ထိုအခါ မိန်းကလေးက သူ့အိမ်မှာ မွေးထားသော ခွေးတစ်ကောင်ကို ခေါ်လာပေးသည်။

သူမ အိမ်မှ စထွက်လာတော့ မိုးတဖွဲဖွဲ ရွာနေဆဲပင် ရှိသေးသည်။ ထို့ပြင် အလင်းရောင် အနည်းငယ် ရှိနေသေးသော်လည်း ပတ်ဝန်းကျင်မှာ အမှောင်ရိပ်များ ဖုံးလွှမ်းစ ပြုနေချေပြီ။

မြဝင်းသူမှာ စိတ်ကို တင်းလိုက်ပြီး မိုးရွာထဲမှပင် အိမ်မှ စထွက်လေသည်။

သူမစိတ်ထဲမှာ အခြားဘာကိုမှ မတွေးမိအောင် ကြိုးစားရင်း အင်းပြားရောက်ရန်သာ စိတ်စောနေသည်။

ထို့ပြင် သူမ ရောက်သွားသောအချိန်မှာ ဆေးဆရာနှင့် တွေ့ပါစေဟုသာ ဆုတောင်းနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကလိန်အောင်ချောင်းအနီး ရောက်တော့ မိုးက အနည်းငယ် ပိုသည်းလာသည်။

ထိုအချိန်အထိတော့ သူမ ခေါ်လာသော ခွေးက နောက်မှ လိုက်လာသေးသည်။

မိုးရွာထဲမှာပင် တံတားပေါ်မှ ဖြတ်ကျော်ပြီး တစ်ဖက်ကမ်းသို့ ရောက်လာသောအခါ တောစပ်သို့ ရောက်သွားလေသည်။

တောခြေမှာ အတန်ငယ် မှောင်နေချေပြီ။

ထိုအခါမှ နောက်မှ တကောက်ကောက် လိုက်လာသောခွေးက တောဘက်သို့ လှမ်းကြည့်ပြီး တအီအီနှင့် အသံမြည်ကာ ရပ်တန့်သွားလေသည်။

ခဏကြာတော့ ဘယ်လိုမှ ခေါ်မရတော့ဘဲ နောက်ကြောင်းပြန်လှည့်ကာ ပြေးသွားလေတော့သည်။

သူ့သခင် မဟုတ်သောကြောင့် ဆက်မလိုက်လေသလား၊ ဒါမှမဟုတ် တောစပ်မှ တစ်စုံတစ်ခုကို မြင်သောကြောင့် ပြန်လှည့်ပြေးလေရော့သလား မြဝင်းသူ မသိပေ။

သူမလှမ်းကြည့်လိုက်တော့ တောစပ်တစ်ဝိုက်မှာ မှောင်ရီသမ်းနေသော်လည်း ဘာမှထူးခြားမှုတော့ မတွေ့ရပေ။

မြဝင်းသူအနေနှင့် ထိုအခြေအနေရောက်မှတော့ နောက်ကြောင်းပြန်လှည့်ရန် အကြောင်းမရှိတော့ပေ။

သို့ကြောင့် စိတ်ကို တင်းကာ ရှေ့ဆက်လျှောက်ရာ မကြာမီ တောထဲမှ ဖြတ်သွားသောလမ်းကလေးပေါ်သို့ ရောက်သွားလေသည်။

ထိုလမ်းကလေးမှာ အင်းပြားရွာမှ လူများ ကလိန်အောင်သို့ လာသောအခါ အသုံးပြုသောလမ်းပင်ဖြစ်သည်။ သစ်ပင်သစ်ရိပ်များ ရှိသောကြောင့် တောတွင်း ရောက်သောအခါ ပိုမှောင်လာသည်။

သူမထံမှာ ရေနံဆီမီးအိမ်တစ်လုံး ပါလာသော်လည်း ရှေ့နှင့်





ပတ်ဝန်းကျင်သို့ ကိုက်အနည်းငယ်သာ မြင်နိုင်လေသည်။

မြဝင်းသူမှာ ထိုလမ်းပေါ် ရောက်သွားသောအခါ ဘယ်နေရာကိုမှ မကြည့်တော့ဘဲ မီးရောင်ဖြင့် မြင်နေရသောလမ်းကိုသာ ကြည့်ပြီး ခပ်သွက်သွက် လျှောက်လေတော့သည်။ မီးရောင်ကြောင့် သစ်ပင်ရိပ်များက လှုပ်ရှားနေရာ မိမိနံဘေးမှ တစ်စုံတစ်ယောက် လိုက်လာသကဲ့သို့ ထင်မိလေသည်။

တစ်ခါတစ်လေလည်း မိုးရေစက်များက သစ်ရွက်များပေါ်သို့ ကျနေသောအသံကိုပင် အခြားတစ်ယောက်ယောက် လိုက်လာသော ခြေသံဟု ထင်မိလေသည်။

သို့စေကာမူ လက်ထဲမှာ ကိုင်လာသောတုတ်နှင့် မီးအိမ်ကို တင်းတင်းဆုပ်ကိုင်ကာ ခြေလှမ်းသွက်သွက်ဖြင့် ဆက်လျှောက်ရာ မကြာမီ ရွာမှ အဘိုးကြီးပြောလိုက်သော နတ်လျောင်းအိမ်လမ်းဆုံနေရာသို့ ရောက်လာလေသည်။

ထိုနေရာမှာ လမ်းသုံးခွ ဆုံသောနေရာဖြစ်သည်။ အရှေ့ဘက် ကလိန်အောင်ဘက် သွားသောတစ်လမ်း၊ အနောက်ဘက် အင်းပြားရွာဘက်သို့ သွားသောတစ်လမ်းနှင့် တောင်ဘက်သို့ ခွဲထွက်သွားသော တစ်လမ်းဖြစ်သည်။ ထိုနေရာ ရောက်သောအခါ ရွာမှ လူများ ပြောလိုက်သည့် စကားသံများကို ပြန်လည်ကြားယောင်မိသောကြောင့် ကျောထဲ စိမ့်တက်လာသည်။

မီးအိမ်ကို မြှောက်ပြီး မရဲတရဲနှင့် ပတ်ဝန်းကျင်ကို ကြည့်လေသည်။

ထိုသို့ကြည့်ရင်းမှ စိတ်ထဲမှာ ထိတ်လန့်သွားသည်။ တောချုံ တစ်နေရာမှ လူတစ်ယောက် ရပ်ပြီး သူမကို လှမ်းကြည့်နေလေသည်။

မြဝင်းသူမှာ မည်သို့လုပ်ရမှန်း မသိအောင်ဖြစ်သွားပြီး ခြေလှမ်းတုံ့သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဆက်တိုးရမှာလား၊

နောက်သို့ ပြန်လှည့်ပြေးရမှာလား၊

စိတ်ထဲမှာ ကြောက်ရွံ့မှုကြောင့် တွေဝေသွားသည်။

အတန်ကြာအောင် ရပ်နေသော်လည်း တောစပ်၌ ရပ်နေသူက မလှုပ်မရှားဘဲ ရပ်မြဲရပ်နေသောကြောင့် မီးအိမ်ကို မြှောက်ကာ မရဲတရဲဖြင့် လှမ်းကြည့်လိုက်သည်။ သူမ လှမ်းမြင်ရသူမှာ လူတစ်ယောက် မဟုတ်ပေ၊ တောစပ်မှာ ရှိနေသော ကျောက်ဘီလူးရုပ်ပင်ဖြစ်၏။ ထိုအရုပ်မှာ နှစ်ပေါင်းများစွာကတည်းက ထိုနေရာ၌ ရှိနေပြီး ရေညှိရေမှော်များ အထပ်ထပ် တက်နေသောကြောင့် အမည်းရောင်ဖြစ်နေချေပြီ။

အမြင့်က (၆)ပေကျော်ကျော်ရှိပြီး မတ်တတ်အနေအထားဖြင့် သံလျက်ထမ်းထားသောပုံမျိုးဖြစ်သည်။

မျက်နှာမှာ ထုလုပ်ထားပုံ လက်ရာမြောက်လှသဖြင့် အသက်ဝင်နေသကဲ့သို့ ရှိလေသည်။

အရှေ့ဘက်သို့ မျက်နှာမူလျက် မားမားကြီး ရပ်နေသော ကျောက်ဘီလူးရုပ်ကို မြင်တော့ အနည်းငယ် လန့်သွားသော်လည်း ထိုနေရာမှ ဖြတ်ကျော်လျှောက်သွားလေသည်။

ထိုအချိန်မှာ မီးရောင်နှင့် ထိတွေ့လိုက်သော ကျောက်ဘီလူးရုပ်၏မျက်လုံးမှာ အရောင်လက်လာပြီး သူမကို လိုက်ကြည့်နေသကဲ့သို့ ရှိလေသည်။

ဒါကိုတော့ ခြေလှမ်းသွက်သွက် လှမ်းသွားသော မြဝင်းသူတစ်ယောက် သတိမပြုမိလိုက်တော့ပေ။





# အခန်း(၂)

## အမှောင်လမ်းမှ ဝိညာဉ်ခရီးသည်

မြဝင်းသူတစ်ယောက် ညဦးပိုင်းအချိန်တွင် အင်းပြားရွာသို့ ရောက်သွားလေသည်။

ထိုရွာမှာ ငှက်ဖျားရောဂါကြောင့် အသည်းအသန် ဖြစ်နေသော လူနာတစ်ဦးကို ဆေးကုပေးနေသည့် ဆေးဆရာကြီး ဦးဖန်ဆောင်းနှင့်လည်း တွေ့ရလေသည်။

မြဝင်းသူက အကျိုးအကြောင်း ပြောပြသောအခါ ဦးဖန်ဆောင်းက ပြောသည်။

“ဒီကနေ့ညတော့ အဘ ဘယ်နည်းနဲ့မှ လိုက်နိုင်မယ် မထင်



www.burmeseclassic.com

www.burmeseclassic.com



ဘူး"

"ကျွန်မအဖေရဲ့အသက်ကို ကယ်တင်ပေးပါ ဆရာကြီးရယ်၊ ဆရာကြီး မကယ်ရင် အသက်ရှင်နိုင်စရာ မရှိတော့ပါဘူး"

"ခက်တာက ဒီမှာ ကုသပေးနေတဲ့လူနာက ဒီတစ်ညတော့ စောင့်ကြည့်ပေးရမယ့် အနေအထားမျိုး ဖြစ်နေတယ်၊ သူ့ကို ဒီအတိုင်း ထားခဲ့ရင် သူလည်း အသက်ရှင်စရာလမ်း မရှိဘူး"

"ဒါ. . ဒါဖြင့် ဘယ်လိုလုပ်ရမလဲ ဆရာကြီးရယ်"

"ဒီကနေ့တစ်ည စောင့်ကြည့်ပေးလို့ ဘာမှမဖြစ်တော့ဘူး ဆိုရင် သမီးတို့ရွာကို အဘ လိုက်နိုင်ပါတယ်၊ ဒါထက် သမီးရဲ့အဖေက ဘယ်အချိန်လောက်က ပိုးထိခံရတာလဲ"

"ညနေသုံးနာရီအချိန်လောက်ကပါ"

ဦးဗန်ကောင်းက အတန်ကြာအောင် စဉ်းစားနေပြီးမှ. . .

"အချိန်အခါနဲ့ တွက်ကြည့်ရင်တော့ ပယောဂ မရှိပါဘူး၊ စုန်းတိုက် နတ်တိုင်လည်း မဟုတ်ပါဘူး၊ သာမန်အဆိပ်ရှိတဲ့ မြွေတစ်ကောင် ကိုက်လိုက်တာပါ"

ဟု ပြောပြသည်။

"အခု သတိမရသေးဘူး၊ ဘယ်လိုလုပ်ရမလဲ ဆရာကြီး"

"သမီး ကလိန်အောင်က တစ်ယောက်တည်း လာတာလား"

"ဟုတ်ပါတယ်"

ထိုစကားကြားသောအခါ အိမ်ရှင်များကပါ အံ့သြသွားကြလေသည်။

"ဒီမှာ ညအိပ်ပြီးမှ ပြန်မှာလား"

"ကျွန်မ မအိပ်ပါဘူး၊ အခု ညတွင်းချင်းပဲ ပြန်မှာပါ"

"ဒီလိုပြန်မှလည်း ဖြစ်မယ်၊ ဘာကြောင့်လဲဆိုတော့ မြွေဆိပ်ထိ ထားတဲ့လူနာကို အချိန်အကြာကြီး ဒီအတိုင်း ထားလို့ မသင့်ဘူး"





"ဒီတော့ ဘယ်လိုလုပ်ရမလဲ ဆရာကြီး"

"သမီးပြန်သွားရင် ဒဏ်ရာရထားတဲ့နေရာကို ဓါးကို မီးကင်ပြီး ခွဲထုတ်လိုက်၊ ပြီးရင် ဒီဆေးရွက်ကလေးကို ဒဏ်ရာပေါ်မှာ အုပ်တင် ထားလိုက်"

ဟု ပြောကာ ဆေးလွယ်အိတ်အတွင်းမှ ဆေးကွမ်းအစ်ကို ထုတ်လိုက်ပြီး အတွင်းမှ သစ်ရွက်တစ်ရွက်ကို ထုတ်ပေးသည်။

သစ်ရွက်မှာ အပေါ်ယံ အစိမ်းရောင်ဖြစ်ပြီး အောက်ဖက်မှာ တော့ သွေးရောင်ကဲ့သို့ နီညိုရောင်ဖြစ်သည်။

"ဒါ မြွေနိုင်တဲ့ဆေးရွက်ပဲ၊ အဆိပ်မှန်သမျှ နိုင်တယ်၊ ဒီဆေး ရွက်ကို ဒဏ်ရာပေါ်မှာ အုပ်ထားလိုက်ရင် အမည်းရောင် ပြောင်းလာ လိမ့်မယ်၊ အဲဒီလို ပြောင်းလာရင် နွားနို့ထဲမှာ နှစ်ထားလိုက်ရင် အမည်း ရောင် အဆိပ်ရည်တွေ ထွက်သွားလိမ့်မယ်၊ အဲသည်လို လုပ်ပေးထား ရင် တဖြည်းဖြည်း သတိပြန်ရလာလိမ့်မယ်"

ဟု ပြောကာ ဦးဗန်ကောင်းက မြွေနိုင်ဆေးရွက်ကို မြဝင်းသူ သက်ထံ ထည့်ပေးလိုက်သည်။

"ကျေး. . ကျေးဇူးတင်ပါတယ် ဆရာကြီးရယ်"

ဟု ပြောကာ ပြန်ရန် ပြင်လေသည်။

ထိုအချိန်အထိ မိုးက မစဲသေးဘဲ တဖွဲဖွဲ ရွာနေဆဲပင် ရှိနေ သေး၏။

အချိန်မှာလည်း ညဦးပိုင်းအချိန်ရောက်နေပြီဖြစ်သောကြောင့် အမှောင်ရိပ်များက ဖုံးလွှမ်းနေချေပြီ။

သူမ ပြန်ရန်ပြင်တော့ အိမ်ရှင်များက လမ်းသိသောကလေး တစ်ယောက်ကို အဖော်ထည့်ပေးလိုက်သေးသည်။ ကလေးကတော့ ထိုအချိန်မျိုးမှာ အပြင်သို့ ထွက်ချင်ဟန်မရှိပေ။

သို့ကြောင့် အင်တင်တင်ဖြစ်နေရာ မိဘများက အတင်းထည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သဖြင့် ခမောက်တစ်လုံးကိုဆောင်း၊ မိုးကာဖျင်စတစ်ခုကို ခြုံကာ လိုက်လာခဲ့ပေသည်။ မည်သို့ပင်ဖြစ်စေ ထိုကလေး အဖော်ပါလာသော ကြောင့် အတန်အသင့် အားရှိစေသည်။

သို့သော်လည်း သူမ ထင်သလို မဟုတ်ဘဲ တောစပ်တစ်နေရာ ရောက်သောအခါ ထိုကလေးက ခြေလှမ်းကို ရပ်တန့်လိုက်ပြီး ရှေ့ မလှမ်းမကမ်းနေရာ၌ မှုန်ဝါးဝါး လှမ်းမြင်နေရသောလမ်းတစ်ခုကို လက်ညှိုးထိုးပြလေသည်။

“ရှေ့မှာ မြင်နေရတဲ့လမ်းက နတ်လှောင်အိမ်လမ်းဆုံကို ရောက်နိုင်တဲ့ဖြတ်လမ်းပဲ၊ အဲဒီလမ်းက သွားရင် ရောက်နိုင်တယ်”

“မင်းက မလိုက်တော့ဘူးလား”

“ဒီအချိန်မှာ ဒီတောလမ်းကို ဘယ်သူမှ မသွားဝံ့ကြဘူး၊ ကျွန် တော်လည်း မလိုက်ဝံ့ပါဘူး”

ဟု ပြောကာ နောက်ကြောင်းကို ပြန်လှည့်သွားလေတော့ သည်။ မြဝင်းသူ စိတ်ထဲတွင် သူမရောက်ရှိနေသောနေရာတဝိုက်မှာ ပိုမို၍မှောင်မိုက်သွားသည်ဟု ထင်လိုက်မိပေသည်။

သို့သော်လည်း မတတ်သာတော့။

ဒီအခြေအနေ ရောက်မှတော့ နောက်ကြောင်းကို ပြန်လှည့် ဘယ်နည်းနှင့်မှ မဖြစ်တော့ပေ။

သူမ၏အပေါ်အင်္ကျီအိတ်အတွင်းမှာ တရိုတသေလေး ထည့် လာသော သစ်ရွက်ကလေးကို လက်ဖြင့် စမ်းကြည့်ပြီးနောက် စောစော က အဖော်ပါလာသည့်ကလေး လမ်းညွှန်ပြပေးသည့် လမ်းရှိရာဘက် ခြေလှမ်းမှန်မှန်ဖြင့် လာခဲ့လေသည်။

ထိုလမ်းတဝိုက်မှာလည်း အမှောင်ရိပ်များက ရှိနေသည်။ အ တောရိပ်များ ရှိသောကြောင့် ပို၍မှောင်နေသည်ဟု စိတ်ထဲမှ ထင် လေသည်။





သူမစိတ်ထဲမှာ နတ်လှောင်အိမ်လမ်းဆုံ ရောက်သောအခါ ကျောက်ဘီလူးရုပ်နှင့် နောက်တစ်ကြိမ် တွေ့ရပေဦးမည်ဟူသော အတွေးက ရောက်နေသည်။

ထို့ပြင် နတ်လှောင်အိမ်လမ်းဆုံနေရာတွင် မှောင်ခိုသမားများ အစုလိုက်အပြုံလိုက် အသတ်ခံရမှုများနှင့် တစ္ဆေသရဲ ခြောက်လှန့်မှုများ အကြောင်းကလည်း ခေါင်းထဲသို့ ရောက်နေလေသည်။

သူမအတွက် ကံကောင်းစေသောအချက်မှာ လက်ထဲမှာ ကိုင် လာသော ရေနံဆီမီးအိမ်မှာ ယခုအချိန်ထိ ရေနံဆီ မကုန်သေးဘဲ မီးလင်းနေခြင်းပင်ဖြစ်၏။

မကြာမီ မြဝင်းသူမှာ သူတို့အရပ်တွင် နာမည်ကျော်ကြားလှ သော နတ်လှောင်အိမ်လမ်းဆုံနေရာသို့ ပြန်ရောက်လာသည်။

ထိုနေရာရောက်တော့ ကျောက်ဘီလူးရုပ်ထုကိုလည်း တွေ့ရ ပြန်သည်။

သို့သော်လည်း စိတ်ထဲမှာ ဇဝေဇဝါ ဖြစ်သွားလေသည်။ သူမ အလိန်အောင်ဘက်မှ လာစဉ်က အရှေ့ဘက်သို့ မျက်နှာမူထားသော ကျောက်ဘီလူးရုပ်ထုမှာ ယခု အင်းပြားဘက်မှ ပြန်လာသောအခါတွင် အနောက်ဘက်သို့ မျက်နှာလှည့်လျက် ရှိနေသောကြောင့် ဇဝေဇဝါ ဖြစ်သွားမိခြင်းဖြစ်၏။

ရုပ်ထုက သူမ ရှိရာသို့ လှမ်းကြည့်နေဟန်ရှိလေသည်။

“ငါ မျက်စိအကြည့်မှားတာ ဖြစ်မှာပါ၊ ကျောက်ရုပ်ကတော့ ဒီလို နေရာပြောင်းနိုင်မယ်လို့ မထင်ပါဘူး”

ဟု တွေးတောကာ ထိုနေရာမှ လှည့်ထွက်ရာ ခဏကြာတော့ နောက်ဘက်မှ ခြေသံလိုလို ကြားရသဖြင့် ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွား သည်။

လှည့်ကြည့်လိုက်တော့လည်း နောက်ဘက်မှာ ဘာမှမတွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



ပေ။

သစ်ရွက်များပေါ်သို့ မိုးရေစက်များ ကျသံဟု ထင်မှတ်ပြီး ဆက်လျှောက်လာတော့ နောက်တစ်ကြိမ် နောက်ဘက်မှ ခြေသံကို ထပ်ကြားရပြန်သည်။

ဒီတစ်ကြိမ်တော့ နားကြားမလွဲနိုင်တော့ပေ။

တောတိုးထွက်လာသောခြေသံနှင့် မရှေးမနှောင်းမှာပင် မြဝင်းသူ၏ဘေးမှာ ရှိသော သစ်တောအတွင်းမှ လူတစ်ယောက် ထွက်လာလေသည်။

ထိုလူကို မြင်လိုက်စက မြဝင်းသူမှာ များစွာကြောက်ရွံ့ ထိတ်လန့်သွားလေသည်။

တောစပ်မှ ထွက်လာသူမှာ အရပ်မြင့်မြင့် ထောင်ထောင်မောင်းမောင်းနှင့် အသက်အရွယ်ကြီးဟန်ရှိပြီး တစ်ကိုယ်လုံး အဝတ်မည်းကြီးတစ်ထည်ကို ဦးခေါင်းပေါ်မှ ခြေဖျားတိုင်အောင် အုပ်ခြုံထားလေသည်။

ထို့ပြင် ဦးခေါင်းပေါ်မှာလည်း ခမောက်ဝိုင်းတစ်ခုကို ဆောင်းထားသေးသည်။

ထိုလူကြီးက မြဝင်းသူနှင့် မနီးမဝေး ရောက်သည်အထိ လျှောက်လာလေသည်။

သူ့အမူအယာမှာ မြဝင်းသူကို ရန်မူလိုသည့် လက္ခဏာမျိုးတော့ မတွေ့ရပေ။

မနီးမဝေး ရောက်လာတော့ ခမောက်ကို ချွတ်၍ မြှောက်ပြသည်။

သို့စေကာမူ အလင်းရောင် အားနည်းသောကြောင့် သူ့မျက်နှာကိုတော့ သဲသဲကွဲကွဲ မမြင်ရပေ။

"ဒီလိုအချိန်မျိုးမှာ မိန်းကလေးတစ်ယောက်တည်း အဖော်မပါ





ဘဲ လာတာလား"

"ဟုတ်. . ဟုတ်ပါတယ်"

"တကယ်တော့ ဒီအချိန်မျိုးမှာ ဒီခရီးလမ်းမှာ အဖော်မပါဘဲ ခရီးမသွားသင့်ဘူး၊ ကလိန်အောင်ဘက် သွားမှာလား"

"ဟုတ်ပါတယ်ရှင်"

"ကျုပ်လည်း အဲဒီဘက် သွားမလို့ စကားပြောဖော် ရတာပေါ့"

ဟု ပြောကာ နှစ်ယောက်သား ဆက်လျှောက်လာကြလေသည်။ ဘာပဲပြောပြော ယခုလိုခရီးမျိုးမှာ မိမိနံဘေး၌ အဖော်တစ်ယောက် ပါလာခြင်းကတော့ တစ်နည်းတစ်ဖုံ စိတ်ချမ်းသာစရာ ဖြစ်ပေသည်။

"ကျွန်မအဖေ ပိုးထိပြီး အဆိပ်တက်နေလို့ ဆရာသွားခေါ်တာပါရှင်၊ ဆရာ မပါလို့ တစ်ယောက်တည်း ပြန်လာရတာပါ"

"မိန်းကလေးရဲ့သတ္တိကိုတော့ ချီးကျူးမိပါတယ်၊ ဒါပေမယ့် ပရလောကသားတွေဆိုတာ မမြင်ရပေမယ့် ကိုယ့်ပတ်ဝန်းကျင်မှာ အများကြီး ရှိနေတာပဲ"

"ကျွန်မလည်း ကြောက်တာပါပဲ၊ ဒါပေမယ့်. . . "

"မိန်းကလေးရဲ့ခံစားချက်ကို ကျုပ်စာနာမိပါတယ်၊ ကျုပ်လည်း တစ်ခါတုန်းက အခုလို ခံစားချက်မျိုး ခံစားခဲ့ဖူးပါတယ်"

ထိုစကားကြောင့် မြဝင်းသူက တအံ့တသြဖြင့် မော့ကြည့်လေသည်။

သို့သော် ထိုသူ့မျက်နှာကိုတော့ သဲသဲကွဲကွဲ မမြင်ရပေ။

"ဒါ. . ဒါဖြင့် ပရလောကသားတွေကို တွေ့ခဲ့ဖူးတာပေါ့နော်"

ထိုစကားကြားသောအခါ နံဘေးနားမှ လျှောက်လာသော အဘိုးကြီးထံမှ စကားသံ တိတ်ဆိတ်သွားလေသည်။

"ကျုပ်လည်း လွန်ခဲ့တဲ့နှစ်အတော်ကြာတုန်းက ဒီလမ်းဆုံ



www.burmeseclassic.com

www.burmeseclassic.com



နေရာမှာ ထူးထူးဆန်းဆန်းအဖြစ်မျိုးတွေနဲ့ ကြုံတွေ့ခဲ့ရဖူးတယ်"

"ဟင်. . . ဘယ်လိုအဖြစ်မျိုးလဲဟင်"

ထိုအခါ သူမန်ဘေးမှ ကပ်လျှောက်လာသောလူကြီးက ကြောက်မက်ဖွယ်ရာကောင်းသော အကြောင်းအရာအချို့ကို ပြောပြလေသည်။

လွန်ခဲ့သောနှစ်ပိုင်းအတွင်းက ယိုးဒယားနယ်စပ်ဘက်သို့ မှောင်ခိုကုန်ကူးသောအဖွဲ့တစ်ဖွဲ့မှာ တောလမ်းအတိုင်း ခရီးထွက်လာရာမှ နတ်လှောင်အိမ်လမ်းဆုံ တစ်နေရာသို့ ရောက်သောအခါ ခရီးတစ်ထောက်နားကြလေသည်။

သူတို့အဖွဲ့တွင် ယောကျာ်း(၃)ယောက်နှင့် မိန်းမ(၂)ယောက်တို့ ပါပြီး ခေါင်းဆောင်လာသူမှာ အသက်ငါးဆယ်ကျော်အရွယ်ခန့်ရှိ ဦးထွန်းပေါ် ဆိုသူဖြစ်သည်။

၎င်းတို့မှာ ထိုနယ်သားများ မဟုတ်ကြဘဲ ပဲခူးဘက်မှ ဖြစ်ကြလေသည်။

အခြားသူများ အဆွယ်ကောင်းမှုကြောင့် ကလိန်အောင်ဘက်သို့ မှောင်ခိုကုန်ကူးရန် ထွက်လာကြခြင်းဖြစ်ကြသောကြောင့် ထိုဒေသအကြောင်းကို ဘာမှမသိကြပေ။

သူတို့ စခန်းချသောနေရာမှာလည်း ဒေသခံများက များစွာကြောက်ရွံ့ကြသည့် နတ်လှောင်အိမ်လမ်းဆုံနေရာပင် ဖြစ်တော့သည်။

ထိုနေရာသည် ရှေးက မွန်ဘုရင်များ စိုးစံစဉ်က နတ်များအားအကျဉ်းချ လှောင်ထားသောနေရာဖြစ်ကြောင်း ဒေသခံများက အမှတ်အသား ရှိကြလေသည်။

ထိုနေရာရောက်သောအခါ ရေရှာသူကရှာ၊ ထမင်းဟင်းချက်ရာ ထင်းရှာသူက ရှာနေကြစဉ် အတူပါလာသော မိန်းမနှစ်ဦးက ကျောက်ဘီလူးရုပ် အနီးတဝိုက်မှာပင် အလေးအပေါ့ သွားကြလေ





သည်။

ခဏကြာတော့ နှစ်ယောက်စလုံး အော်ဟစ်ကာ ပြန်ပြေးလာကြတော့သည်။

"အမယ်လေး. . . လုပ်ကြပါဦး"

"ကယ်ကြပါဦး. . . ကယ်ကြပါဦး"

"ဟဲ့. . . ဘာဖြစ်လာကြတာလဲ"

"ကျွန်မတို့နှစ်ယောက် ဟိုဘီလူးရုပ်ကြီးနားမှာ သွားပြီး အလေးအပေါ့ သွားနေတုန်း မြေကြီးတွေက သူ့အလိုလို တုန်တက်လို့ ဦးလေး"

"နောက်ပြီး ကျောက်ဘီလူးရုပ်ကြီးကလည်း လူတစ်ယောက်လို အသက်ဝင်လာပြီး လှုပ်လှုပ်ရှားရှား ဖြစ်လာလို့ ကြောက်ပြီး ပြန်ပြေးလာကြတာ"

ထိုအခါမှ ဦးထွန်းပေါ်မှာ သဘောပေါက်သွားလေတော့သည်။

"နင်တို့ တယ်ခက်တာပဲကိုး၊ တောထဲတောင်ထဲမှာဆိုတာ ကိုယ်ထင်ရာ မလုပ်ရဘူး၊ တချို့တောတွေက အများအယွင်း လုပ်လို့မရဘူး. . .သိပ်ကြမ်းတယ်၊ လုပ်မိတာနဲ့ အန္တရာယ်နဲ့ တွေ့တော့တာပဲ"

ထိုအခါကျမှ အမျိုးသမီးနှစ်ယောက်မှာ များစွာထိတ်လန့်ကြောက်ရွံ့ကြလေသည်။

"ကလိန်အောင် ကျော်ပြီး ရှေ့ကို သွားရင်လည်း ဒီလိုစခန်းမျိုးတွေ အများကြီး တွေ့ကြရလိမ့်ဦးမယ်၊ ငါမသိဘဲနဲ့ ကိုယ်ထင်ရာ မလုပ်ကြနဲ့၊ သတိနဲ့နေ. . . သတိနဲ့ စားကြ"

ဟု မှာကြားလေသည်။

ထို့နောက်မှာတော့ ထိုနေရာမှာပင် ဝါးတဲများ ထိုး၍ ငှက်ပျောရွက်များ မိုးကာပြီး စခန်းချကြလေသည်။

ညအချိန်ရောက်သောအခါ တဲပေါ်မှာ မီးဖိုတစ်ခု ဖိုထားပြီး



www.burmeseclassic.com

www.burmeseclassic.com



မောမောပန်းပန်းနှင့် အိပ်မည့်ကြံတော့မှ အနှောင့်အယှက်များက တစ်ခုပြီးတစ်ခု ပေါ်လာလေတော့သည်။

ပထမတော့ တဲနှင့် မနီးမဝေး တောအတွင်းမှ ခြေသံပြင်းပြင်းနှင့် နင်းလာသောခြေသံများကို ကြားရသည်။ ထိုအသံများ ကြားသောအခါ ဦးထွန်းပေါ်တို့တတွေမှာ အထိတ်တလန့်ဖြင့် ထရံပေါက်မှ အပြင်သို့ လှမ်းကြည့်လိုက်သောအခါ တဲနှင့် မလှမ်းမကမ်း တောစပ်တွင် ရပ်တန့်နေသော မည်းမည်းသဏ္ဍာန်များကို လှမ်းမြင်ကြရသည်။

မည်းမည်းသဏ္ဍာန်များ မြင့်မြင့်၊ နိမ့်နိမ့်၊ ကြီးကြီးသေးသေး ပုံသဏ္ဍာန်အမျိုးမျိုး ရှိကြလေသည်။

အမှောင်ရိပ်များ ရှိနေစေကာမူ ထိုသဏ္ဍာန်များမှာ လူမဟုတ်ဘဲ မကောင်းဆိုးဝါးများဖြစ်မည်ကိုတော့ သူတို့အားလုံး သိနေကြသည်။

ထိုသဏ္ဍာန်များမှာ လူမဟုတ်ဘဲ မကောင်းဆိုးဝါးများ ဖြစ်မှန်းသိသောအခါ ယောကျ်ားသုံးယောက်ထက် မိန်းမနှစ်ယောက်က ပိုမိုကြောက်ရွံ့ကြလေသည်။

ထိုအခိုက်မှာပင် တောစပ်မှာ ရပ်နေကြသော မကောင်းဆိုးဝါးများက တဲအနီးသို့ ချဉ်းကပ်လာပြီး အမျိုးမျိုး ခြောက်လှန့်ကြရာ တဲပေါ်မှာ ရောက်နေသူများမှာ ဆက်မနေဝံ့တော့ဘဲ တဲပေါ်မှ ဆင်းပြေးကြလေတော့သည်။

ထိုသို့ဆင်းပြေးသောအခါ မကောင်းဆိုးဝါးက အသံမျိုးစုံပေးပြီး နောက်မှ ပြေးလိုက်သူကလိုက်၊ လက်တံရှည်ကြီးများနှင့် လှမ်းဆွဲသူက ဆွဲကြလေရာ လူငါးယောက်တို့မှာ အော်ဟစ်ရင်းနှင့် ဘေးလွတ်ရာ ပြေးကြရသည်။

တိတ်ဆိတ်သောအချိန်တွင် ၎င်းတို့၏အော်သံများက တောအတွင်းမှာ ဆူညံစွာ ပေါ်ထွက်နေတော့သည်။

ဦးထွန်းပေါ်တို့မှာ သရဲတစ္ဆေများ နှောင့်ယှက်မှုကြောင့် ဘေး





လွတ်ရာ ထွက်ပြေးကြသော်လည်း သူတို့အတွက်တော့ ဘေးမလွတ်ခဲ့ပါချေ။

ဆီပူအိုးအတွင်းမှ ခုန်ချလိုက်သောအခါမှ မီးပုံအတွင်း ရောက်သွားသကဲ့သို့ ပြေးရင်းလွှားရင်းနှင့်ပင် သောင်းကျန်းသူများ၏ဖမ်းဆီးခြင်းကို ခံကြရလေတော့သည်။

သောင်းကျန်းသူများက ယောကျ်ားသုံးယောက်စလုံးကို ရက်ရက်စက်စက် သတ်ဖြတ်ကြသည်။

မိန်းမနှစ်ယောက်ကိုမူ သားမယားအဖြစ် ပြုကျင့်ကြပြီးမှ သတ်ဖြတ်လိုက်သည်။

“တကယ်တော့ အဲဒီညက ကျုပ်တို့ငါးယောက်စလုံးအတွက်တော့ ကံဆိုးမိုးမှောင်ကျတဲ့ညပါပဲ၊ ရက်စက်ကြမ်းကြုတ်တဲ့ သောင်းကျန်းသူတွေရဲ့မျက်လုံးတွေကို ကျုပ်မျက်စိထဲမှာ အခုအချိန်ထိ မှတ်မိနေသေးတယ်”

နံဘေးနားမှာ ဘေးချင်းယှဉ်လျက် လျှောက်လာသူထံမှ ထိုစကားကြားသောအခါ မြဝင်းသူမှာ အခြေအနေကို သဘောပေါက်သွားပြီး များစွာထိတ်လန့်ကြောက်ရွံ့သွားလေသည်။

“ဒါ. . ဒါဖြင့်. . ဦးကြီးက အဲဒီအချိန်မှာ အသတ်ခံခဲ့ရတာပေါ့နော်”

ကတုန်ကယင် မေးလိုက်သည်။

“မှန်ပါတယ်. . . အသက်ရှင်နေတဲ့အချိန်နဲ့ သေဆုံးသွားတဲ့အချိန်နှစ်ခုရဲ့ကြားကာလဟာ စက္ကန့်ပိုင်းလောက်တောင် မကြာပါဘူး

လည်ပင်းကို ဓါးနဲ့ လှီးဖြတ်လိုက်တဲ့အချိန်ကတော့ နာကျင်ဝေဒနာကို ပြင်းပြင်းထန်ထန် ခံစားရတာပေါ့လေ၊ အသက်ထွက်သွားပြီးတဲ့နောက်ပိုင်းမှာတော့လည်း ဒီဝေဒနာတွေက ဘာဆိုဘာမှ မကျန်ခဲ့တော့ပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်လည်ပင်းမှာ အဲဒီဒဏ်ရာက အခုထိ ရှိနေသေးတယ်၊ ဒီမှာကြည့်ပါလား"

ဟု ပြောကာ လည်ပင်းမှာ ပတ်ထားသော အဝတ်မည်းကြီးကို ဖယ်ပြလိုက်သည်။

"အမယ်လေး. . ."

မြဝင်းသူက ကြောက်လန့်တကြား အော်လိုက်သည်။

သူမအော်သံက ပတ်ဝန်းကျင်တဝိုက်မှာ အတော်ကလေး ကျယ်ကျယ်လောင်လောင် ပေါ်ထွက်သွားရာ ပတ်ဝန်းကျင်မှာ အိပ်တန်းတက်နေသော ငှက်နှင့်တိရစ္ဆာန်များမှာ အလန့်တကြား ထပျံ ထွက်ပြေးသွားကြလေသည်။

ထိုလူပြသော လည်ပင်းမှ ဒဏ်ရာမှာ သေးသေးမဟုတ်ပေ၊ ဓါးဖြင့် လှီးဖြတ်ထားရာ လည်ပင်းတစ်ခုလုံး ပြတ်လုနီးပါး ဖြစ်နေချေပြီ။

အတွင်းမှ လည်တိုင်ရိုးနှင့် ဟောင်းလောင်းပေါက်ကြီး ဖြစ်နေသော လည်ချောင်းအခေါင်းပေါက်ကိုပါ အတိုင်းသား မြင်နေရသည်။ လည်ပင်းပြတ်ကာနီးအနေအထားမို့ ဦးခေါင်းတစ်ခုလုံး ယိမ်းယိုင်နေသည်။

ထိုနေရာကို အဝတ်မည်းကြီးဖြင့် ပတ်ထားသောကြောင့်သာ မှတ်မကျသွားခြင်းဖြစ်သည်။

"မကြောက်ပါနဲ့. . . ကျုပ် မိန်းကလေးကို ဘာမှ မနှောင့်ယှက်ပါဘူး၊ အခုလို လိုက်လာတာကလည်း မိန်းကလေးအတွက် အဖော်ရအောင် လိုက်လာပေးတာပါ၊ တကယ်လို့ ကျုပ်မပါဘဲနဲ့ ဒီလိုအချိန်မျိုးမှာ ဒီတောလမ်းက တစ်ယောက်တည်း သွားမယ်ဆိုရင် မိန်းကလေး အတွက် ကြောက်စရာကောင်းတဲ့ အနှောင့်အယှက်တွေနဲ့ တွေ့ရနိုင်ပါတယ်၊

ကဲ. . . ရှေ့ဆက်သွားပေတော့၊ ကျုပ်ကတော့ ဒီနေရာကနေ





ကျော်ပြီး သွားခွင့်မရှိလို့ ဒီနေရာမှာပဲ ကျန်နေခဲ့ပါတော့မယ်"

ဟု ပြောကာ ထိုနေရာမှာ ရပ်တန့်ကျန်ခဲ့လေသည်။ မြဝင်းသူလည်း ထိုနေရာမှ ဝေးသည်ထက်ဝေးဖို့ ခြေလှမ်းသွက်သွက်ဖြင့် သွားရန် ပြင်လိုက်စဉ်မှာပင် နောက်မှ ကျန်ခဲ့သောလူကြီးက လှမ်းအော်လိုက်သည်။

"ကျုပ်တို့ အသတ်ခံရတုန်းကလည်း အခုလိုရာသီ အခုလို အချိန်မျိုးပဲ မိန်းကလေးရဲ့ မိုးကလေး တဖွဲဖွဲ ရွာနေပြီး အမှောင်ရိပ်တွေ ဖုံးနေတဲ့ ညဦးပိုင်းအချိန်မျိုးပါပဲ"

နောက်မှ လှမ်းပြောနေသည့်အသံကိုပင် ကောင်းစွာ နားမထောင်နိုင်တော့ဘဲ မြဝင်းသူတစ်ယောက် ခြေလှမ်းသွက်သွက်ဖြင့် ကလိန်အောင်တံတား ရှိရာဘက်သို့ လာခဲ့တော့သည်။ ထိုအချိန်ထိ မိုးက တဖွဲဖွဲ ရွာသွန်းနေဆဲပင်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃)

## မဟော်ဌိဆန်သော ရှူးတိုးသမား

ဦးဝန်ကောင်းမှာ လက်ရှိကုသပေးနေသည့် လူနာအခြေအနေ သက်သာလာသောအခါမှ သက်ပြင်းချနိုင်ပေသည်။ သို့သော်လည်း သူ့စိတ်ထဲမှာ တစ်စုံတစ်ခုအတွက် သောကရောက်နေလေသည်။

အခြားမဟုတ်ပေ။

မနေ့က ညအချိန် မိုးများ တဖွဲဖွဲ ရွာနေခိုက်မှာပင် တစ်ယောက်တည်း အဖော်မပါ,ပါဘဲနှင့် ဆေးဆရာ လာခေါ်သည့် မိန်းကလေး အကြောင်းကို မကြာခဏ သတိရနေသောကြောင့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဗန်ကောင်းအနေနှင့် အရပ်တကာ လှည့်လည်ပြီး ဆေးကုသော ကာလတလျှောက်တွင် ထူးဆန်းသော၊ ကြောက်မက်ဖွယ်ကောင်းလှသည့် အဖြစ်အပျက်မျိုးစုံတို့နှင့် တွေ့ကြုံခဲ့ရဖူးပေပြီ။

သာမန်လူနာများကို ဆေးကုပေးရသလို ပရလောကသားများ၊ ဥစ္စာစောင့်များက လာခေါ်သဖြင့် လိုက်၍ဆေးကုပေးရခြင်းမျိုးလည်း ရှိခဲ့ပေပြီ။

ထိုကဲ့သို့ ပရလောကသားများ၊ သိုက်စောင့်များက လာရောက်ခေါ်စဉ်က မသိဘဲ ဆေးကုသောအခါမှပင် လူအစစ် မဟုတ်မှန်း ရိပ်မိလေသည်။

ပိုက်တိုးမိထားသောကြောင့် နာမကျန်းဖြစ်နေသည့် ကျွတ်လူနာများ၊

ချည်မန်းကွင်းနှင့် ဆေးအပ်များ ထိထားသော သိုက်စောင့်များအား ဆေးကုပေးရသည့်အခါ ထူးဆန်းအံ့သြဖွယ်ရာများနှင့် ကြုံတွေ့ရပေသည်။

ပိုက်တိုးမိသောကျွတ်များမှာလည်း သူရောက်သွားသောအခါ မရှုနိုင်မကယ်နိုင်ဖြစ်နေပေရာ ဆေးကုပေးတော့မှ သက်သာရာ ရလေသည်။

ဦးဗန်ကောင်းအနေနှင့် အစပိုင်းကတော့ ပရလောကသားမှန်း မသိနိုင်စေကာမူ ဆေးကုပေးရင်းမှပင် တဖြည်းဖြည်းနှင့် ပရလောကသားမှန်း ရိပ်မိရသည်မျိုးလည်း ရှိပေသည်။

သိုက်စောင့်များဆိုပါကလည်း လူအစစ်ဟု ထင်စရာ ရှိသော်လည်း ဆေးကုပေးလိုက်တော့မှ သိုက်စောင့်၊ ဥစ္စာစောင့် ဖြစ်မှန်းသိရလေသည်။

တစ်ခုပဲ ကွာခြားလေသည်။

ကျွတ် အစရှိသည့် ပရလောကသားများကို ဆေးကုပေးသည့်





အခါ ဆေးကုခ ရလေ့မရှိသော်လည်း သိုက်စောင့်၊ ဥစ္စာစောင့်များကို ဆေးကုပေးပြီးသည့်အခါ ရွှေ ငွေ အစရှိသည်နှင့် ဆေးဖိုးပေးတတ်ကြပေသည်။

ထိုသို့ ပေးသောငွေများမှာ များစွာအဖိုးတန်လှသည်။

ကျွတ်များသည် လူ့လောကနှင့် နီးစပ်မှု ရှိကြပေရာ လူနှင့် တသွေမတိမ်း တူအောင် ဖန်ဆင်း၍ လှည့်စားတတ်ကြပေသည်။

သို့ကြောင့် မမျှော်လင့်ဘဲ ကျွတ်တို့ ဖန်ဆင်းထားသည့် ကျွတ်ရွာသို့ ရောက်သွားကြသူများမှာ ကျွတ်မှန်း မသိသောကြောင့် ကျွေးသမျှစား၊ ပေးသမျှယူကာ ကျွတ်တို့ လှည့်စားမှုကို ခံကြရပေသည်။

(ကျွတ်ရွာသို့ ရောက်သွားကြသူများအကြောင်းနှင့် သွားရင်းလာရင်းနှင့် လူတို့ ထောင်ထားသည့်ပိုက် တိုးမိသောကြောင့် ကျွတ်လူမမာ ဖြစ်ရသော ကျွတ်များအကြောင်းကို အခြားဝတ္ထုအချို့၌ ရေးသားဖော်ပြခဲ့ပြီးဖြစ်သောကြောင့် အသေးစိတ် မရေးတော့ပြီ)

ပရလောကသားများနှင့် သိုက်စောင့်၊ ဥစ္စာစောင့်တို့မှာ ကမ္မဇိဒ္ဓိတန်ခိုး ရှိသည်ဆိုငြားသော်လည်း တစ်ခါတစ်ရံ ၎င်းတို့တန်ခိုးဖြင့် ကုသ၍မရနိုင်သော ရောဂါမျိုးနှင့်လည်း ကြုံတွေ့ရတတ်ပေသည်။

ထိုအခါမျိုးတွင် အစွမ်းထက်သော ဆေးဆရာများကို ဥပါယ်တံမျဉ်နှင့် ခေါ်၍ ဆေးကုကြရလေသည်။

ထိုကဲ့သို့အဖြစ်အပျက်များနှင့် မကြာခဏ ကြုံတွေ့ခဲ့ဖူးသောကြောင့် ဦးဗန်ကောင်းအနေနှင့် ဆရာလာပင့်သည့်သူတိုင်းကိုတော့ စိတ်ချယုံကြည်မှု မရှိလှပေ။

မနေ့ညက မိုးတဖွဲဖွဲ ရွာသွန်းနေသော ညဦးပိုင်းအချိန်တွင် ရောက်လာသောမိန်းကလေးကို အစကတော့ သံသယ ရှိမိလေသည်။

နောက် သေသေချာချာ မေးမြန်းစုံစမ်းကြည့်ပြီးတော့မှ တကယ်ဒုက္ခရောက်လာသူမှန်း သိရလေသည်။ သို့ကြောင့် အဆိပ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ဆေးရွက်ကို ပေးကာ ပြန်လွှတ်လိုက်ပြီး ယခုမှ လိုက်သွားရန် ပြင်ဆင်ရလေသည်။

သူ့အနေနှင့် စိတ်စောနေသောအကြောင်းအရင်းမှာ အကယ်၍သာ သူ့အနေနှင့် လူနာရှိရာသို့ အချိန်မီ မရောက်သွားပါက သူ၏ပြိုင်ဘက်ဟောင်းကြီးဖြစ်သော ရှင်သေမင်းက သူ့ကို အနိုင်ယူသွားမည်မှာ အသေအချာပင်ဖြစ်ပေသည်။

သို့ကြောင့် အင်းပြားရွာမှ ကုသပေးနေသည့်လူနာ သက်သာသွားသည်နှင့်တပြိုင်နက် ကလိန်အောင်သို့ လိုက်သွားရန် ပြင်လေသည်။

သို့စေကာမူ ကလိန်အောင်သို့ အရောက်အပေါက် သိပ်မရှိသောကြောင့် လမ်းတော့ သိပ်မသိပေ။

သူ ခရီးထွက်မည့်အချိန်မှာ နေ့လည်ပိုင်းအချိန်ပင် ရှိသေး၏။ ထိုအချိန်မှာပင် မိုးကောင်းသော မိုးဦးကာလ၏ အချိန်မှန်မှန် ရွာသွန်းပေးနေသောမိုးက မွန်းလွဲပိုင်းအချိန် ရောက်သည်နှင့် ရွာသွန်းချလေတော့သည်။

ဦးဗန်ကောင်းက ဆေးကွမ်းအစ် ထည့်ထားသည့် လွယ်အိတ်ကြီးကို စလွယ်သိုင်း လွယ်လိုက်ပြီး အပေါ်မှ မိုးကာတစ်ထည်ကို ခြုံလိုက်သည်။

ဦးခေါင်းပေါ်မှ ဝါးခမောက်တစ်လုံးကို ဆောင်းပြီးနောက် ကိုင်နေကျတောင်ဝှေးကို ကိုင်ကာ ခရီးထွက်ရန် ပြင်တော့ ရွာသားအချို့က တားသည်။

"မိုးကလည်း ကောင်းလိုက်တာ၊ ဆရာကြီး အဖော်မပါဘဲ သွားလို့ဖြစ်ပါ့မလား"

"ရပါတယ်. . . အင်းပြားနဲ့ကလိန်အောင်က မဝေးလှပါဘူး"

"ဝေးတော့ မဝေးဘူးပေါ့၊ ဒါပေမယ့် တောထဲမှာ လူပြတ်တော့





လမ်းမှားမှာစိုးလို့ပါ"

"ဒီလိုဆိုရင်လည်း ကျုပ်ကို သွားရမယ့် လမ်းအခြေအနေကို နည်းနည်းလောက် ပြောပြပါလား"

ထိုအခါ ရွာသားက လမ်းပြောပြသည်။

"ဒီရွာကနေ အရှေ့ဘက်ကို သွားတဲ့ တောလမ်းအတိုင်း သွားရင် နတ်လှောင်အိမ်လမ်းဆုံကို ရောက်ပါလိမ့်မယ်၊ အဲဒီနေရာ ရောက်တဲ့အခါ ကျောက်ဘီလူးရုပ်ထုတစ်ခုကို တွေ့ရလိမ့်မယ်"

"အင်း. . . ပြောပါဦး"

"ကျောက်ဘီလူးရုပ် ရှိတဲ့နေရာ ရောက်တဲ့အခါ ဘီလူးရုပ် မျက်နှာမူထားတဲ့ လူသွားလမ်းအတိုင်း သွားရင် ကလိန်အောင် ချောင်းကူးတံတား တွေ့ရလိမ့်မယ်၊ အဲဒီတံတားကနေ တစ်ဖက်ကမ်းကို ကူးလိုက်၊ ကလိန်အောင်ကို ရောက်ပါတယ်၊ ဒါပေမယ့်. . ."

ထိုလူက စကားမဆက်ဘဲ ရပ်သွားသည်။

"ဒါပေမယ့် ဘာဖြစ်သလဲ ပြောပါဦး"

"အဲဒီနေရာတဝိုက်က တောကြမ်းတယ်၊ အဖော်မပါဘဲ တစ်ယောက်တည်း သွားလို့မကောင်းဘူး"

ဦးဗန်ကောင်းက သဘောကျစွာဖြင့် တစ်ချက်ပြုံးလိုက်လေသည်။

"ဒီအတွက် စိတ်မပူပါနဲ့. . . ကျုပ်သွားဝံ့ပါတယ်"

ဟု ပြောဆိုနှုတ်ဆက်ကာ မိုးတဖွဲဖွဲ ရွာသွန်းနေသောအချိန်မှာပင် အင်းပြားမှ စတင်ထွက်လာခဲ့လေသည်။

တကယ်ဆိုမူ ဦးဗန်ကောင်းမှာ ပရလောကသားများနှင့် တွေ့ကြုံဖူးသောကြောင့် ကြောက်ရွံ့တတ်သူတော့ မဟုတ်ပေ။

အင်းပြားရွာက ထွက်လာစဉ်က သာမန်မျှသာ ရွာနေသောမိုးက တဖြည်းဖြည်းနှင့် အနည်းငယ် ပိုသည်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဇန်ကောင်းသည် လမ်းမမှားစေရန် သာမန်မျှသာ မြင်နိုင်သောလမ်းကြောင်းကို ဂရုစိုက်ကြည့်ကာ လျှောက်သွားလေသည်။

လမ်းခနီးတလျှောက်လုံး မည်သည့်အနှောင့်အယှက်မှ မတွေ့ရဘဲ နောက်ဆုံးတော့ နတ်လှောင်အိမ်လမ်းဆုံနေရာသို့ ချောချောမောမော ရောက်သွားလေသည်။

ထိုနေရာရောက်တော့ ကျောက်ရုပ်နှင့် မနီးမဝေးနေရာတွင် တဲတစ်လုံး တွေ့ရပြီး အပေါက်ဝမှာ လူတစ်ယောက် ထိုင်နေသည်။ သူလျှောက်လာတာ မြင်တော့ ထိုသူက လှမ်းခေါ်သည်။

"ဗျို့. . . ဆရာကြီး၊ မိုးလေသည်းနေတုန်း ဒီမှာ ခဏတဖြုတ်များ ဝင်နားပါဦးလား"

ဟု ခေါ်သဖြင့် ဦးဇန်ကောင်းကလည်း အကြောင်းသိလိုသောကြောင့် ထိုတဲရှိရာသို့ လျှောက်သွားလေသည်။

တဲအတွင်းမှာတော့ ထိုလူတစ်ယောက်တည်း ရှိနေသောကြောင့် တဲခပေါက်ဝ ကွပ်ပျစ်ပေါ်မှာ ဝင်ထိုင်လိုက်သည်။

"မိုးကလည်း ရွာလိုက်တာဗျာ"

"ဟုတ်တယ်ဗျ. . . ဒီအချိန်မျိုးမှာ ခရီးသွားလာလို့ သိပ်ကောင်းလှဘူး၊ ဒါထက် ခင်ဗျားက ဘယ်သွားမှာလဲ"

တဲပေါ်မှ လူက မေးသည်။

"ကလိန်အောင်က လူနာတစ်ယောက်ကို ဆေးကုပေးဖို့ သွားမှာပါ"

"အော်. . . ခင်ဗျားက ဆေးဆရာတစ်ယောက်ကိုး"

"ဟုတ်ပါတယ်. . . ဒါထက် ကလိန်အောင် ချောင်းကူးတံတားရှိတဲ့ဘက်ကို ဘယ်လမ်းက သွားရသလဲဗျ"

"ဒီလမ်းက သွားရပါတယ်၊ ဒါပေမယ့် သွားလို့မရနိုင်တော့ဘူးဗျ"





"ဘာဖြစ်လို့ပါလိမ့်"

"ချောင်းရေတိုက်စားတာနဲ့ တံတားပြိုသွားပြီဗျ၊ ကျုပ်က မနက်ပိုင်းကမှ အဲသည်ဘက်က ပြန်လာတာဗျ"

"ဟင်. . . ဒါဖြင့် ဟိုဘက်ရောက်အောင် ဘယ်လိုများ ကူးရပါ့မလဲ"

"ခင်ဗျား ဟိုဘက်ကမ်း ရောက်အောင် ကျုပ်လမ်းညွှန်ပေးလိုက်ပါ့မယ်၊ ကျုပ်ပြတဲ့လမ်းကသာ သွားပါ၊ ဒီဘက်လမ်းအတိုင်း သွားရင် လှေဆိပ်တစ်ခု ရောက်သွားလိမ့်မယ်၊ အဲဒီလှေဆိပ်မှာ ကူးတို့သမားတစ်ယောက် ရှိတယ်၊ ကျုပ်နာမည်ပြောပြီး လိုက်ပို့ခိုင်းရင် သူက လိုက်ပို့ပေးပါလိမ့်မယ်၊ ကျုပ်နာမည်က သေလာယက္ခပါ"

"အခုလို အကူအညီပေးတာ ကျေးဇူးတင်ပါတယ်ဗျာ"

ဦးဇန်ကောင်းက သဘောရိုးအတိုင်း ပြောလိုက်လေသည်။

"ကျေးဇူးတင်စရာ မလိုပါဘူးဗျာ၊ ခရီးသွားသူ အချင်းချင်းပဲ ဒီလိုပဲ အကူအညီပေးရမှာပေါ့၊ ဒါထက် ခင်ဗျား ဟိုရွာက ပြန်ရင် ဒီလမ်းအတိုင်း ပြန်လာမှာလား"

"အသေအချာတော့ မပြောနိုင်ဘူး၊ တခြားကိစ္စ မရှိဘူးဆိုရင်တော့ ဒီလမ်းကပဲ ပြန်လာမှာပါ"

"ဒီလိုဆိုရင်တော့ လူကြုံမှာလိုက်ချင်လို့ပါ"

"ဘာများပါလိမ့်"

"ကလိန်အောင်က ပြန်လာရင် အမဲသား တစ်ပိဿာလောက် ဝယ်လာခဲ့ပေးပါလား၊ ကျုပ် ပိုက်ဆံပေးလိုက်ပါ့မယ်"

ထိုစကားကြားတော့မှ ဦးဇန်ကောင်းမှာ အနည်းငယ် နှင့်သလို ရှိလာသည်။

သို့စေကာမူ သူက ကြောက်ရွံ့တတ်သူ မဟုတ်သောကြောင့် အမူအယာ ပျက်သွားခြင်းတော့ မရှိပေ။



www.burmeseclassic.com

www.burmeseclassic.com



"ဝယ်လာတာတော့ အရေးမကြီးပါဘူး၊ ဒါပေမယ့် ကျုပ်ပြန်လာတဲ့အချိန်နဲ့ ခင်ဗျားနဲ့ လွဲနေရင် ဘယ်လိုလုပ်မလဲ"

"ကိစ္စမရှိပါဘူး. . . ကျုပ် တခြားသွားနေလို့ လူချင်း လွဲနေခဲ့ရင် ခင်ဗျားဝယ်လာတဲ့အမဲသားတွဲကို ဟိုဘီလူးကျောက်ရုပ်ရဲ့သံလျက်မှာသာ ချိတ်ထားပေးခဲ့ပါ"

"ကောင်းပါပြီ. . . ဝယ်လာခဲ့ပေးပါ့မယ်"

ထိုလူက ဝမ်းသာအားရဖြင့် တဲအတွင်း ဝင်သွားပြီး ပြန်ထွက်လာတော့ တစ်ကျပ်တန် ငွေဒင်္ဂါးတစ်ပြား ပါလာသည်။

"ရော့. . . ငွေတစ်ကျပ်၊ အမဲသား တစ်ပိဿာကို ငါးမူးပေးရတယ်၊ ကျန်တဲ့ငါးမူးကို ခင်ဗျားသုံးချင်ရာသုံးပါ"

ဟု ပြောကာ ပေးသဖြင့် ဦးဗန်ကောင်းက လှမ်းယူပြီး အိတ်ထဲထည့်လိုက်သည်။

ပြီးလျှင် ထိုလူကို နှုတ်ဆက်ပြီး တဲအတွင်းမှ ပြန်ထွက်လာခဲ့လေသည်။

ထိုအချိန်အထိ မိုးက ရွာနေဆဲပင် ရှိသေးပြီး အချိန်က ညနေပိုင်းသို့ ရောက်နေချေပြီ။

ပထမတော့ အရှေ့ဘက်သို့ သွားသောလမ်းအတိုင်း ဆက်သွားရန် စိတ်ကူးလိုက်သေးသည်။

နောက်မှ စောစောကလူ ပြောသည့်အတိုင်း တံတားပျက်နေလျှင် ခက်မည်ဟု တွေးတောမိကာ ထိုသူညွှန်ပြသောလမ်းအတိုင်း ဆင်းလာခဲ့ရာ မှောင်ရီသမ်းစအချိန်တွင် ကလိန်အောင် ချောင်းစပ်သို့ ရောက်လာခဲ့လေသည်။

ကမ်းစပ်တလျှောက်မှာလည်း လူရိပ်လူခြည် မတွေ့ရဘဲ သစ်ပင်ချုံနွယ်များသာ ထူထပ်စွာ ရှိနေလေသည်။

ဦးဗန်ကောင်းက ကမ်းစပ်မှ ရပ်တန့်ကာ ဟိုဟိုဒီဒီ လှမ်းကြည့်





နေစဉ် တစ်ဖက်ကမ်းမှ ကူးလာသောလှေတစ်စင်းကို လှမ်းမြင်ရသည်။

ထိုလှေပေါ်မှာလည်း လူအချို့ ပါလာလေသည်။

ရေစီးက သန်သောကြောင့် လိမ့်မမှောက်သွားစေရန် နောက်မှ ပဲ့ကိုင်သူက ထိန်းကျောင်း၍ လှော်လာသည်။

လှေမှာ သိပ်မကြီးလှဘဲ လူအပြည့်တင်ထားသောကြောင့် ရေပေါ်သို့ လက်လေးလုံးခန့်သာ ပေါ်လေသည်။ အကယ်၍သာ တစ်ချက်မှားသွားပါက ရေအောက်သို့ လိမ့်မှောက်သွားနိုင်သည့် အနေအထားဖြစ်လေသည်။

သို့သော်လည်း ကူးတို့သမား၏ကျွမ်းကျင်မှုကြောင့် ဒီဘက်ကမ်းသို့ ချောချောမောမော ရောက်လာပြီး ဆိပ်ကမ်းမှာ ကပ်ပေးသည်။

ထိုအခါမှ လှေပေါ်မှ လူများ ကမ်းပေါ်သို့ တက်လာကြသည်။

"ရေစီးကလည်း ကြမ်းလိုက်တာ လွန်ပါရော"

"ဒီကြားထဲ ကူးတို့သမားဖိုးတုတ်က အရက်မူးနေသေးတယ်၊ တကယ်လို့သာ လှေမှောက်ရင် အားလုံးသေကုန်ကြမှာ"

"ဖိုးတုတ်က အမြဲအရက်သောက်နေတာဆိုတော့ မူးမှာပေါ့"

"တခြားကူးတို့လှေ မရှိလို့သာ သူ့လှေနဲ့ စီးရတာ၊ အန္တရာယ်တော့ အတော်နီးတယ်"

ဟု အချင်းချင်း ပြောဆိုကာ ကမ်းပေါ် တက်သွားကြသည်။

ဦးဗန်ကောင်းစိတ်ထဲမှာတော့ ထိုလူများကို ကြည့်ပြီး အင်းမြားဘက် သွားကြမည့်သူများဟု ထင်လိုက်မိသည်။

လှေပေါ်မှ လူများ ကမ်းပေါ် တက်သွားသောအခါ လှေသမားက ကမ်းစပ်မှ ပြန်ခွာသွားသည်။

"ကူးတို့လှေ. . . ခဏနေပါဦး၊ အရေးကြီးလို့ ဟိုဘက်ကမ်းကို လိုက်ပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆိုနှင့် ကမ်းစပ်သို့ ဆင်းသွားသည်။ သူ ဆင်းလာသည်ကို မြင်တော့ ကူးတို့လှေက ကမ်းသို့ ပြန်ကပ်ပေးသည်။

ထိုသို့ပြန်ကပ်ပေးသည်ကိုပင် စိတ်ထဲမှ ကျေးဇူးတင်နေမိသည်။

"ဒီကူးတို့လှေနဲ့သာ မတွေ့လျှင် တစ်ဖက်ကမ်း ကူးဖို့တောင် အခက်ပဲ"

ဟုလည်း စိတ်ထဲမှ တွေးလိုက်မိသေးသည်။

သူ လှေပေါ် ရောက်သောအခါ ကူးတို့လှေက ကမ်းစပ်မှ ခွာထွက်သွားသည်။

ရေစီးက ကြမ်းသောကြောင့် အောက်ဖက်သို့ ချာလည်လည် ထွက်သွားသည်။

ဦးဗန်ကောင်းက ကူးတို့သမားကို လှမ်းကြည့်လိုက်သောအခါ ခမောက်ဝိုင်းကြီး ဆောင်းထားသောကြောင့် မျက်နှာကို မမြင်ရပေ။

"အခုလို ပြန်ခေါ်ပေးတာ ကျေးဇူးတင်ပါတယ်ကွယ်၊ ကူးတို့လှေခ ဘယ်လောက်ပေးရသလဲ"

"တစ်မတ်ပဲ ပေးပါ"

ဟု အသံခပ်အုပ်အုပ်ဖြင့် ပြန်ပြောသောကြောင့် အိတ်ထဲမှ အကြွေမတ်စေ့တစ်ပြားကို ထုတ်ယူလိုက်သည်။

"လှေဝမ်းပေါ်မှာပဲ တင်ထားလိုက်ပါ"

ဟု လှမ်းပြောသဖြင့် တကူခုံပေါ်မှာ မတ်စေ့ကို တင်ပေးထားလိုက်သည်။

ထိုအချိန်မှာ ရေစီးက ပိုကြမ်းလာပြီး လှေက ပရမ်းပတာ ဖြစ်လာသောကြောင့် ဦးဗန်ကောင်းစိတ်ထဲမှာ စိုးရိမ်စိတ် အနည်းငယ် ဝင်လာလေသည်။

စောစောက လူများ ပြောသွားသကဲ့သို့ ကူးတို့သမားမှာ





အရက်မူးနေဟန်ရှိသည်။

သို့သော် ခတ်တက်နှစ်ချောင်းကို ဟန်မပျက် ခတ်နေရာ ခတ်ကွင်းမြည်သံများက မိုးသံနှင့်အပြိုင် ပေါ်ထွက်နေလေသည်။

"ရေစီးက ကြမ်းပါဘိသနဲ့၊ သတိထားပြီး ကူးပါကွယ်၊ မတော်တဆ လှေမှောက်သွားမှဖြင့် . . ."

ထိုသို့ပြောသည်နှင့် ကူးတို့သမားက ခတ်တက်ကို ဆက်မခတ်ဘဲ လွှတ်ချလိုက်ရာ လှေက ရေစီးဝဲများကြားမှာ ချာချာလည်နေတော့သည်။

"ခင်ဗျားက တနယ်တကျေးက လာတာထင်တယ်၊ ဒါကြောင့် ကျုပ်အကြောင်း မသိသေးတာဖြစ်မယ်၊ ကျုပ်နာမည်က ဖိုးတုတ်လို့ ခေါ်တယ်၊ ဒီနေရာတဝိုက်မှာ ကျုပ်ကို မသိတဲ့လူ မရှိဘူးဗျ၊ ကူးတို့ခတ်စားလာတာလည်း အတော်ကြာပြီ၊ လှေမှောက်လို့ သေတဲ့လူ တစ်ယောက်မှ မရှိသေးဘူး၊ တကယ်လို့ အခုနေ လှေမှောက်ပြီး သေရင်တော့ ခင်ဗျားက ပထမဦးဆုံးဖြစ်မှာပဲ"

ဟု အရက်မူးနေသော အသံကျယ်ကျယ်ကြီးဖြင့် လှမ်းပြောရာ ဦးဗန်ကောင်းလည်း နောက်ထပ်ဘာမှဆက်မပြောတော့ပေ။

သူလှမ်းကြည့်လိုက်တော့ ဖိုးတုတ်ခြေထောက်နားမှာ ချထားသော မြက်ခုတ်ဓါးကို တွေ့ရသည်။

မိုးရေစက်များက မြက်ခုတ်ဓါးပေါ် ကျနေရာ အနီရောင်အရည်များက လှေဝမ်းထဲသို့ စီးကျနေသည်။ ဦးဗန်ကောင်းက လှေဝမ်းအတွင်းသို့ မသိမသာ ကြည့်လိုက်ရာ ရေများနှင့် ရောနေသည့် အနီရောင်သွေးများကို တွေ့ရလေသည်။

"ဟင် . ."

ထိုအခါမှ မြက်ခုတ်ဓါးကို အနားချထားသည့် အရောင်မှုန်နေသော လူတစ်ယောက် လှော်ခတ်သည့်လှေပေါ်မှ အဖော်ပါသော တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်တည်း လိုက်လာမိခြင်းမှာ အန္တရာယ်မကင်းကြောင်း ရိပ်မိလေတော့သည်။

သို့သော်လည်း ဦးဖန်ကောင်းမှာ ကြောက်ရွံ့တတ်သူ တစ်ယောက်တော့ မဟုတ်ပါချေ။

အကယ်၍ မမျှော်လင့်ဘဲ အန္တရာယ်နှင့် ကြုံတွေ့လာပါက ဘယ်ပုံဘယ်နည်း တုံ့ပြန်ရမည်ကိုလည်း ကြိုတင်စဉ်းစားထားလေသည်။

အတန်ကြာတော့ ကူးတို့သမားက စိတ်ပြောင်းသွားဟန်ဖြင့် မြက်ခုတ်ဓါးဆီသို့ သွားနေသောလက်များကို ရုပ်လိုက်ပြီး ခတ်တက်ကို ပြန်ကိုင်ကာ ခပ်သွက်သွက် ခတ်ပေးသောကြောင့် နောက်ဆုံး တစ်ဖက်ကမ်းသို့ ရောက်သွားလေတော့သည်။

ဦးဖန်ကောင်းက ကမ်းပေါ် တက်လိုက်ပြီးသောအခါ ကူးတို့လှေက ကမ်းမှ ပြန်ခွာထွက်သွားသည်။

မလှမ်းမကမ်းနေရာရောက်မှ ကူးတို့သမားဖိုးတုတ်က ဆောင်းထားသော ခမောက်ပိုင်းကို အပေါ်သို့ မ,တင်လိုက်ပြီး သူ့ကို လှမ်းကြည့်ရာ သူကလည်း ပြန်အကြည့်နှင့် အကြည့်ချင်း ဆုံသွားကြသည်။

ထိုအခါမှ ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော ကူးတို့သမားဖိုးတုတ်ဆိုသူ၏မျက်နှာကြီးကို မြင်ရလေတော့သည်။







## အခန်း(၄)

## တယ်ပင်ကျွန်းရှေ့ဆိပ်မှ ဖြစ်ရပ်ဆန်း

ကလိန်အောင်ရွာမှ မြဝင်းသူတို့နေအိမ်သို့ ရောက်သွားသောအခါ်နတွင် ဦးသာဒွန်း၏အခြေအနေမှာ စိတ်ချရသော အနေအထားမျိုးတော့ မရှိသေးပေ။

ဦးဖန်ကောင်း မှာလိုက်သည့်အတိုင်း ပြုလုပ်ထားသောကြောင့် အသက်မသေသော်လည်း သတိကောင်းစွာမရသေးပေ။

သို့ကြောင့် လူနာအိမ်သို့ ရောက်သည်နှင့် အဆိပ်ဖြေဆေးများတိုက်ခြင်း၊ အဆိပ်များ ပြယ်အောင် ပြုလုပ်ခြင်းများအပြင် မြွေနှိမ်ဆေးရွက်ကို အသုံးပြုပြီး အဆိပ်များကို စုတ်ထုတ်ခြင်း စသောအလုပ်များကို



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်ပေးတော့မှ အရုဏ်တက်ချိန် ရောက်သောအချိန်တွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားလေတော့သည်။

ထိုအခါမှပင် ဦးဇန်ကောင်းတို့လို ဆေးဆရာများနှင့် ပြိုင်ဘက်ဟောင်းကြီးဖြစ်သော သေမင်းသည် လက်လျှော့သွားဟန်ရှိလေတော့သည်။

နံဘေးနားမှာ အရိပ်တကြည့်ကြည့်နှင့် ဖြစ်နေသော မြဝင်းသူ့ခမျာမှာလည်း ယခုမှပင် စိတ်ချလက်ချ ဖြစ်သွားဟန်ဖြင့် သက်ပြင်းချနိုင်တော့သည်။

ထိုအချိန်တွင် ဦးသာဒွန်း၏အခြေအနေ မကောင်းလှသဖြင့် အရေးအကြောင်းရှိပါက အကူအညီ ပေးနိုင်ရန် အဆင်သင့် လာစောင့်နေကြသော နီမောင်တို့မှာလည်း ယခုမှပင် စိတ်သက်သာရာ ရသွားကြလေတော့သည်။

နီမောင်၊ စောထီး၊ ငမဲအောင်တို့သုံးယောက်မှာ မြဝင်းသူနှင့် တစ်ရွာတည်းသားများဖြစ်ကာ ခင်မင်ရင်းနှီးကြလေသည်။

"အခုလို အချိန်မတော်ကြီး တကူးတက ရောက်လာပြီး ကျွန်မအဖေရဲ့အသက်ကို ကယ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ဆရာကြီးရယ်"

ဟု မြဝင်းသူက ပြောသည်။

ဦးဇန်ကောင်းက ခေါင်းညိတ်ပြပြီး ကွမ်းအစ်ကို ယူ၍ ကွမ်းယာနေသည်။

ထိုအခါ နီမောင်က ဝင်မေးလေသည်။

"ဆရာကြီးတစ်ယောက်တည်း အချိန်မတော်ကြီးမှာ လာခဲ့တာဆိုတော့ ဘယ်လမ်းက လာခဲ့တာလဲဟင်"

"နတ်လှောင်အိမ်လမ်းကပါပဲ"

"အင်းပြားက ဘယ်အချိန် ထွက်လာတာလဲဟင်"





"အင်းပြားက ထွက်လာတော့ မွန်းလွဲပိုင်းအချိန်ပဲ ရှိပါသေးတယ်၊ နတ်လှောင်အိမ်လမ်းဆုံ ရောက်တော့ ထူးထူးဆန်းဆန်းလေးတွေနဲ့ တွေ့နေရတာနဲ့ နည်းနည်းကြာသွားတာပါ"

ထိုအခါ နီမောင်တို့က စိတ်ဝင်စားကြသဖြင့် ဦးဇန်ကောင်းက နတ်လှောင်အိမ်လမ်းဆုံမှ အမဲသား ထွက်မှာသောသူအကြောင်းကို ပြောပြလိုက်သည်။

"အတော်ထူးဆန်းတာပဲ. . . နတ်လှောင်အိမ်လမ်းဆုံ ဆိုတာ အင်မတန် ကြမ်းတဲ့နေရာပဲ၊ ညအချိန်မတော်ကြီး မဆိုထားနဲ့၊ နေ့အချိန်တောင်မှ တစ်ယောက်တည်း နှစ်ယောက်တည်း အဖော်မပါဘဲနဲ့ မသွားဝံ့ကြဘူး"

ထိုသို့ပြောသော်လည်း ဦးဇန်ကောင်းက အရေးမကြီးဟန်ဖြင့် ကွမ်းယာကို ပါးစပ်ထဲ ထည့်လိုက်လေသည်။

"ဒါထက် နတ်လှောင်အိမ်လမ်းဆုံကနေ လာတဲ့ ဒီကို သန်းခေါင်အချိန်လောက်မှ ရောက်လာတာဆိုတော့ လမ်းမှာ ဘာတွေများ ဖြစ်နေလို့လဲ"

စောထီးက ဝင်မေးသည်။

"ကူးတို့လှေ စောင့်နေရလို့ပါ"

"ဗျာ. . . ကူးတို့လှေ စောင့်နေရတယ်ဆိုတော့ ဆရာကြီးက ဘယ်လမ်းက လာတာမို့လဲ၊ ကလိန်အောင်တံတားက လာခဲ့တာ မဟုတ်ဘူးလား"

"အဲဒီတံတားက ကျိုးနေတယ်ဆိုလို့ တခြားလမ်းက လှည့်လာခဲ့ရတာပါ"

ထိုစကားကြားသောအခါ အားလုံးအံ့ဩသွားကြလေသည်။ သူတို့စိတ်ထဲမှာတော့ ဦးဇန်ကောင်းအနေနှင့် တစ်ခုခု မှားယွင်းနေပြီ ဖြစ်ကြောင်း သိကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဘယ့်ကြောင့်ဆိုသော်. . .

ကလိန်အောင်တံတား ကျိုးပျက်ခြင်း မရှိဘဲ အကောင်းပကတိ အတိုင်း ရှိနေသောကြောင့် သူတို့တတွေ ကူးခဲ့ကြသေးသည်။

ထို့ကြောင့် ဗုဏ်းတို့စိတ်ထဲမှာ ဦးဖန်ကောင်းအနေနှင့် တစ်ခုခု မှားယွင်းနေပြီဖြစ်ကြောင်း တွေးမိကြလေသည်။

"ညက ဆရာကြီး ဘယ်ကူးတို့ဆိပ်က ကူးခဲ့တာလဲ"

ဦးဖန်ကောင်းက သူကူးခဲ့သော ကူးတို့ဆိပ်နေရာကို ပြောပြလေသည်။

ထိုစကားကြားသောအခါ နီမောင်က. . .

"ဆရာကြီးပြောတဲ့လှေဆိပ်နေရာကို ကျွန်တော်သိပါပြီ၊ အဲဒီနေရာက တယ်ပင်ကုန်း လှေဆိပ်နေရာပါပဲ၊ ဒါပေမယ့် အဲဒီလှေဆိပ်နေရာက ကလိန်အောင်တံတားကြီး မရှိခင်က တစ်ဖက်ကမ်းနဲ့တစ်ဖက်ကမ်းကို ကူးတို့လှေနဲ့ လူတွေကို ပို့ပေးတဲ့လှေဆိပ်ပါပဲ"

ဟု ပြောရာ ဦးဖန်ကောင်းက အနည်းငယ် အံ့ဩသွားသည်။

"ပြောပါဦးကွယ်. . . ကျုပ်ကတော့ ညက အဲဒီလှေဆိပ်က ကူးတို့လှေသမား လိုက်ပို့ပေးလို့ ဒီဘက်ကမ်း ရောက်လာတာပဲ၊ နေပါဦး. . . သူ့နာမည်တောင် ပြောသွားပါသေးတယ်၊ ဖိုးတုတ်ဆိုလားပဲ"

ထိုစကားကြားတော့မှ နီမောင်တို့တတွေမှာ အခြေအနေကို သဘောပေါက်သွားကြလေတော့သည်။

ရှေးအခါ ကလိန်အောင်တံတားကြီး မရှိစဉ်အချိန်က တစ်ဖက်ကမ်းနှင့်တစ်ဖက်ကမ်း ကူးချင်လျှင် ကူးတို့လှေများဖြင့် ကူးကြရသည်။

ကူးတို့သမားများက လူတစ်ယောက်လျှင် လှေခ ငါးပြား၊ ဆယ်ပြား၊ တစ်မတ်အထိ ပေးရလေသည်။

ထိုနေရာတွင် ကူးတို့ခတ်သည့်လှေနှင့် ကူးတို့သမားများ ပြောင်းသွားသော်လည်း မပြောင်းလဲသော ကူးတို့သမားတစ်ယောက်





တော့ ရှိသည်။

သူ့နာမည်မှာ ဖိုးတုတ်ဖြစ်သည်။

ဖိုးတုတ်မှာ လူဆိုးလူမိုက်တစ်ယောက်ဖြစ်ပြီး အမြဲတစေ အရက်သောက်လေ့ရှိသောကြောင့် ခရီးသည်များက သူ့လှေနှင့် မသွားလိုကြသော်လည်း အခြားကူးတို့လှေများ မရှိသည့်အခါမျိုးတွင် သွားကြရသည်။

အခြားကူးတို့လှေများကလည်း ချောင်းအတွင်းမှာ ရေစီးကြမ်းသောအချိန်မျိုးတွင် ကြာရှည်မလုပ်နိုင်ကြဘဲ ဖိုးတုတ်၏ကူးတို့လှေ တစ်စီးသာ ထိုကူးတို့ဆိပ်တစ်ဝိုက်မှာ စွဲမြဲစွာ ရှိတတ်ပေသည်။

သို့ကြောင့် အချို့ခရီးသည်များမှာ ဖိုးတုတ်၏လှေကို စီးချင်လည်းစီး၊ မစီးချင်လည်း စီးနေကြရသည်။

"ရေစီးကလည်း ကြမ်းလိုက်တာ လွန်ပါရော"

"ဒီကြားထဲ ကူးတို့သမား ဖိုးတုတ်က အရက်မူးနေသေးတယ်၊ တကယ်လို့သာ လှေမှောက်သွားရင်တော့ အားလုံးသေကုန်ကြမှာပဲ"

"ဖိုးတုတ်က အမြဲသောက်နေတာဆိုတော့ သူမူးနေတာ ဘာများ ဆန်းသလဲ"

"သူမူးနေတာ အရေးမကြီးဘူး၊ တခြားကူးတို့လှေ မရှိလို့သာ သူ့ကူးတို့လှေနဲ့ စီးရပေမယ့် ဘယ်နေ့ လှေမှောက်ပြီး သေမလဲဆိုတာ ဘုရားတ,နေရတော့တာပဲ"

ထိုသို့ အချင်းချင်း ပြောဆိုနေသော စကားသံများက တယ်ပင်ကုန်း လှေဆိပ်တဝိုက်တွင် နေ့စဉ်ပြောနေကျ ကြားနေကျ စကားသံများပင်ဖြစ်ပေသည်။

တစ်နေ့သ၌ နေဝင်ရီတရောအချိန် မိုးကလည်း တဖွဲဖွဲ ရွာနေသည်။

ပတ်ဝန်းကျင်တဝိုက်မှာလည်း မှောင်ရီသမ်းလျက် ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးသည်းထန်စွာ ရွာသွန်းထားမှုကြောင့် ချောင်းရေကလည်း တရကြမ်း စီးဆင်းနေသည်။

ချောင်းရေနှင့်အတူ မျောပါလာသော သစ်တုံးများ၊ အမှိုက်သရိုက်များကလည်း ချောင်းရေပြင်ပေါ်မှာ ပြည့်နေလေသည်။

ထိုကဲ့သို့ ရာသီဥတု ဆိုးဝါးသော အခြေအနေမျိုးတွင် မည်သည့်လှေသမားကမှ ကူးတို့ဆိပ်သို့ မလာလိုကြပေ၊ ရေစီးကြမ်းသဖြင့် အန္တရာယ်များသည်ကတစ်ကြောင်း၊ မိုးတစိမ့်စိမ့်နှင့် အိမ်ထဲမှာပင် ကွေးနေချင်သည်က တစ်ကြောင်းကြောင့်ဖြစ်သည်။

ယခုကဲ့သို့ ရာသီဥတု ဆိုးဝါးသောအချိန်မျိုးတွင် လှေဆိပ်တစ်နေရာ၌ ကူးတို့လှေတစ်စင်းကတော့ အမြဲရှိနေတတ်သည်။

အခြားလူ မဟုတ်ပေ။

ဖိုးတုတ်၏လှေပင်ဖြစ်၏။

ဖိုးတုတ်က ထိုကဲ့သို့ ရာသီဥတု ဆိုးဝါးသောအချိန်မျိုးတွင် မိုးလေကွယ်သော တစ်နေရာ၌ လှေကို ရပ်ပြီး အရက်သောက်နေလေ့ရှိသည်။

ထိုသို့အရက်သောက်နေစဉ် လှေဆိပ်သို့ လူတစ်စု ဆင်းလာသည်။

စုစုပေါင်း ယောကျ်ား(၃)ယောက်၊ မိန်းမ(၃)ယောက်၊ (၆) ယောက်ဖြစ်ပြီး ကျောပိုးအိတ်များ ကိုယ်စီလွယ်ထားကြသည်။

ခေါင်းဆောင်လုပ်သူထံမှာ ဓါးရှည်တစ်လက်လည်း ပါလာလေသည်။

ထိုလမ်းခရီးမှာ ယိုးဒယားဘက်သို့ မှောင်ခိုကုန်ကူးသောအဖွဲ့များ အသွားအလာ များသောကြောင့် ထိုလူစုမှာလည်း မှောင်ခိုပစ္စည်းများ သယ်ယူလာခြင်းဖြစ်ကြလေသည်။

ကမ်းဆိပ်ရောက်တော့ ကူးတို့လှေတစ်စင်း တွေ့ရလေသည်။





"ကျုပ်တို့ကို ဟိုဘက်ကမ်း ပို့ပေးပါ၊ ဘယ်လောက်ပေးရမလဲ"

ဖိုးတုတ်က အရက်သောက်နေရာမှ အခြေအနေကို ကြည့်ပြီး မှောင်ခိုသမားများမှန်း သိသောအခါ ဈေးပိုတောင်းလေသည်။

"တစ်ယောက်ကို တစ်မတ်ပေးရမယ်၊ ခြောက်ယောက် ဆိုတော့ တစ်ကျပ်ခွဲပေါ့"

"ဟ. . . များလှချည်လား၊ ငါတို့က ဒီလမ်းကို မသွားဖူးတဲ့လူတွေမှ မဟုတ်တာ၊ ဆယ်ပြားထက် ပိုမပေးရပါဘူး"

"အခြေအနေနဲ့အချိန်အခါဆိုတာ ချောင်းရေလိုပဲ အပြောင်းအလဲ ရှိတယ်လေ၊ ရာသီဥတုက အရင်ရာသီဥတုနဲ့ အခု မတူဘူး ဒီလိုရာသီဥတုမျိုးမှာ အခြားဘယ်လှေမှ မထွက်ဘူး၊ ကျုပ်တစ်ယောက်ပဲ ရှိတယ်၊

ခင်ဗျားတို့ ကူးချင်ရင်ကူး၊ မကူးချင်ရင် နေကြ"

ဟု ပြောဆိုကာ အရက်သောက်မြဲ ဆက်သောက်နေလေသည်။

ထိုအခါ မှောင်ခိုသမားများမှာ မကျေမနပ် ဖြစ်သွားကြပြီး အတန်ကြာအောင် ခေါင်းချင်း ဆိုင်လျက် တိုင်ပင်နေကြလေသည်။

ပြီးမှ ခေါင်းဆောင်လုပ်သူက ဆင်းလာပြီး ပြောသည်။

"မင်းတောင်းတဲ့ငွေကို ပေးမယ်၊ ငါတို့ကိုသာ လိုက်ပို့ပေးတော့"

ဟု ပြောသဖြင့် ဖိုးတုတ်က အရက်ခွက်ကို ချပြီး ခတ်တက်တိုမြင်သည်။

လူခြောက်ယောက် လှေပေါ် တက်ပြီးသောအခါ လှေကြိုးဖြုတ်ပြီး လှေထွက်လေသည်။

ဖိုးတုတ်က အရက်သောက်ထားသော်လည်း ခတ်တက် ခတ်ရာမှာတော့ ယိမ်းယိုင်မှု မရှိပေ။



www.burmeseclassic.com

www.burmeseclassic.com



ခတ်တက်ကို မှန်မှန်ခတ်လာရင်းမှ ရေလယ်ရောက်တော့ လှမ်းပြောလေသည်။

"ကဲ . . ကဲ . . ကူးတို့လှေခ ပေးကြ"

"ပေးမှာပေါ့ကွာ . . . ဘယ်လိုဖြစ်နေတာလဲ၊ ဟိုဘက်ကမ်းရောက်တဲ့အခါ မင်းလိုချင်တဲ့ပိုက်ဆံ ရရင် ပြီးရော မဟုတ်လား"

"ဒီလိုမရဘူးလေ . . . ဖိုးတုတ်တို့က ဒါမျိုးတွေ နာကျေနေပြီ၊ ဟိုဘက်ကမ်းရောက်မှ ပိုက်ဆံမပေးဘဲ တက်သွားတဲ့လူတွေ အများကြီးပဲ၊ ပေးစရာရှိတဲ့ပိုက်ဆံကို ကျုပ်ရှေ့မှာ လာချပေးကြ၊ မဟုတ်ရင်တော့ ဒီဘက်ကမ်းကို ပြန်ခတ်သွားလိုက်မယ်"

"မင်းက အတော်လူပါးဝတာပဲ၊ ငါတို့ကို ဟိုဘက်ကမ်း လိုက်ပို့ပေး၊ မပေးရင်တော့ အသေပဲသာ မှတ်လိုက်ပေတော့"

ထိုအခါ ဖိုးတုတ်ကလည်း ခတ်တက်ကို လွှတ်ချလိုက်သည်။

"ဖိုးတုတ်ကို ဒီလိုလုပ်လို့ ဘယ်ရမလဲ၊ ပိုက်ဆံမပေးရင်တော့ ဟိုဘက်ကမ်းကို ပို့မပေးနိုင်ဘူး"

"မပို့ရင်တော့ မင်းကို သတ်ပြီး လှေကို ယူသွားရုံပေါ့ကွာ"

ဟု ပြောကာ ခေါင်းဆောင်လုပ်သူက ၎င်းမှာ ပါလာသော ဓါးရှည်ကို ကိုင်ပြီး နေရာမှ ထလာသည်။ ထိုအခါ ဖိုးတုတ်ကလည်း သူ့ခြေထောက်နားမှာ အဆင်သင့် ချထားသော မြက်ခုတ်ဓါးကို ကောက်ယူပြီး ထိုလူကို ခုတ်လေသည်။

မိုးတဖွဲဖွဲ ရွာသွန်းနေသောအချိန် ချောင်းရေပြင်ပေါ်မှာ မျောပါနေသော လှေတစ်စင်းပေါ်မှာ ကြောက်မက်ဖွယ်ကောင်းသော ဓါးခုတ်ပွဲကြီးက ပေါ်လာလေတော့သည်။

တစ်ယောက်နှင့်အများဖြစ်သော်လည်း ဖိုးတုတ်ဓါးချက်ကြောင့် လူအတော်များများ သေဆုံးသွားသလို ဖိုးတုတ်မှာလည်း လည်ပင်းနှင့်မျက်နှာတဝိုက်မှာ ဓါးဒဏ်ရာများ ပြင်းစွာရပြီး သေဆုံးသွားလေ





တော့သည်။

ကူးတို့လှေမှာလည်း သစ်တုံးများနှင့် တိုက်မိပြီးနောက် နစ်မြုပ်သွားလေတော့သည်။

ထိုနောက်ပိုင်းမှာတော့ ချောင်းထဲမှာ ဓါးဒဏ်ရာများဖြင့် သေဆုံးနေကြသော ဖိုးတုတ်နှင့် အခြားသေဆုံးနေသည့် အလောင်းများကိုလည်း တွေ့ကြရသည်။

ဖိုးတုတ် သေဆုံးသွားပြီးသည့်နောက်မှာတော့ တယ်ပင်ကုန်းလှေဆိပ်မှာလည်း ပျက်သလောက်ဖြစ်သွားလေသည်။

အခြားလှေသမားများက လာရောက်၍ကူးတို့ခတ်ကြသော်လည်း သေဆုံးသွားသောဖိုးတုတ်၏ခြောက်လှန့်မှု ခံကြရသည်။

အချိန်မတော် ထိုနေရာ ရောက်ပါက လှေခတ်သံများ၊ တစ်ယောက်နှင့်တစ်ယောက် ကြိမ်းမောင်းသံ၊ ဓါးခုတ်သံ၊ စူးစူးဝါးဝါး အော်ဟစ်သံများကို ကြားကြရသည်။

တစ်ခါတစ်ရံလည်း ဓါးဒဏ်ရာများဖြင့် ရုပ်ပျက်ဆင်းပျက် ဖြစ်နေသော ဖိုးတုတ်ကို တွေ့ကြရသည်။

သို့ကြောင့် နောက်ပိုင်း ထိုလှေဆိပ်သို့ မသွားဝံ့ကြသောကြောင့် လှေဆိပ်လည်း ပျက်သွားတော့သည်။

နောက်ပိုင်း ကလိန်အောင် ချောင်းကူးတံတားကြီး ဖြစ်ပေါ်လာပြီးသည့်နောက်မှာတော့ ကူးတို့လှေသမားများလည်း မရှိကြတော့ပေ။

"ဖိုးတုတ်တို့ သေတာ အခုလိုအချိန်၊ အခုလို မိုးတဖွဲဖွဲ ရွာနေတဲ့ အချိန်မျိုးမှာပေါ့၊ အခုဆိုရင် ငါးနှစ်လောက် ကြာရောပေါ့"

ဟု နီမောင်က ပြောပြလေသည်။

"အေးကွယ် . . . မင်းတို့ ပြောပြတာ ကြားရတော့ လှေသမား ဖိုးတုတ်အတွက် စိတ်မကောင်းပါဘူး၊ ဘာပဲဖြစ်ဖြစ် ညကတော့ သူ့ကို ကျေးဇူးတင်ရမှာပဲ၊ သူသာ ပို့မပေးခဲ့ရင် ကျုပ် ဒီဘက်ကမ်းကို အချိန်မီ

www.burmeseclassic.com



ရောက်လာနိုင်မှာ မဟုတ်ဘူး၊

ဒီလိုမရောက်လာရင် ဒီမှာ ရှိတဲ့ လူနာရဲ့အခြေအနေလည်း စိုးရိမ်ရတဲ့အနေအထားပေါ့ကွယ်"

ဟု ဦးဇန်ကောင်းက ပြောပြလေသည်။

"ဒါထက် ဆရာကြီး ဒီကပြန်ရင် ဟိုလူမှာလိုက်တဲ့ အမဲသား တစ်ပိဿာ ဝယ်သွားမှာလားဟင်"

ငမဲအောင်က ဝင်မေးသည်။

"သူပေးလိုက်တဲ့ပိုက်ဆံကိုတောင် ယူထားပြီးမှတော့ ဝယ်သွားပေးရမှာပေါ့"

"ကျွန်တော်တို့အထင်တော့ အမဲသား မှာလိုက်တာ လူမဟုတ်ဘူးထင်တယ်၊ ကျောက်ဘီလူးကများ လူယောင်ဆောင်ပြီး မှာလိုက်သလား မသိဘူး"

"ဘာပဲဖြစ်ဖြစ်ပေါ့ကွယ်. . . ပရလောကသား ဖြစ်နေတော့လည်း ကိုယ့်ကို အန္တရာယ်ပေးတာမှ မဟုတ်တာ၊ ကြောက်စရာ မရှိပါဘူး"

ဦးဇန်ကောင်းက ထိုသို့ပြောသောအခါ နီမောင်တို့မှာ များစွာ အံ့ဩသွားကြလေသည်။

နောက်တစ်နေ့မှာတော့ ဦးသာဒွန်း၏အခြေအနေမှာလည်း စိတ်ချရသောအခြေအနေ ရောက်သွားပြီမို့ ဦးဇန်ကောင်းတစ်ယောက် ပြန်သွားလေတော့သည်။

အမဲသား တစ်ပိဿာကိုတော့ ဝယ်သွားလေသလား၊

မဝယ်ဘဲ ဒီအတိုင်း ပြန်သွားလေသလား မသိကြရတော့ပေ။







## အခန်း(၅)

## သန္တာရှိသော ရွှေတော်မှ သရဲမိုးပေါ်

(၁၉၆၀)ပြည့်နှစ်နောက်ပိုင်းမှာ ကလိန်အောင် အပါအဝင် ထိုနေရာတဝိုက် ရှိသောရွာများမှာ နေကြသူများသည် မြေစိုက်ပျိုးခြင်း၊ လယ်ယာအလုပ်များအပြင် သားငါးရှာဖွေသောအလုပ်များဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ များလေသည်။

ယခုကာလကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုများလည်း မရှိသေးပေ။

(၁၉၆၀)ပြည့်နှစ် ကျော်လွန်လာပြီးသည့်နောက်ပိုင်းမှာ မှော်ပိုတူးကူးသောအလုပ်တစ်ခု တိုးလာသည်။

မြန်မာပြည်ဘက်မှ ထွက်သော စားသောက်ကုန် အပါအဝင်



www.burmeseclassic.com

www.burmeseclassic.com



ရောင်းချစရာပစ္စည်းများကို ယိုးဒယားနယ်စပ်သို့ သွားရောက်ရောင်းချပြီး အပြန်တွင် ယိုးဒယားပြည်ထွက်ပစ္စည်းများကို ဝယ်ယူလာခြင်းဖြစ်သည်။

အချို့လည်း အရင်းအနှီး မတတ်နိုင်ကြသောကြောင့် အခစား အထမ်းသမားအဖြစ် လိုက်သွားကြသည်။

ထိုအချိန်က ယိုးဒယားနယ်ဘက်မှ ထွက်သော တက်ထရွန်၊ တက်ထရက်၊ စပို့ရှပ်၊ ပါတိတ်စများ၊ ဆင်ကြယ်ဖိနပ်၊ နာရီ၊ ရေဒီယို၊ အသုံးအဆောင်ပစ္စည်းများမှာ မြန်မာပြည်တွင် လူသုံးအများဆုံးပစ္စည်းများဖြစ်ပြီး အရောင်းအဝယ်ကောင်းလှပေသည်။

သို့သော်လည်း ထိုပစ္စည်းများကို လွယ်လင့်တကူ သယ်ယူလာ၍မရဘဲ မှောင်ခိုသယ်ယူခဲ့ကြရခြင်းဖြစ်ပေသည်။

(၁၉၆၂)ခုနှစ်နောက်ပိုင်း တော်လှန်ရေးကောင်စီ အစိုးရ တက်လာပြီးသည့်နောက်ပိုင်းမှာတော့ မှောင်ခိုကုန်သည်များကို ဖမ်းဆီးအရေးယူမှုများ ပြုလုပ်ခဲ့ပေသည်။

ထိုအချိန်က မော်လမြိုင်ရထားနှင့် ကမ်းရိုးတန်းသွား စက်လှေများပေါ်မှာ မှောင်ခိုကုန်ပစ္စည်းများစွာ သယ်ယူတင်သွင်းကြလေသည်။

အချို့လည်း ထိုမျှ အရင်းအနှီး မတတ်နိုင်ကြသောကြောင့် ပစ္စည်းများကို တနိုင်တပိုင် သယ်ယူ၍ တောလမ်းမှ ခြေလျင်ခရီးဖြင့် မှောင်ခိုသွားကြလေသည်။

ထိုသို့ ခြေလျင်သွားသော မှောင်ခိုသမားများအတွက် ကလိန်အောင်သည် အချက်အချာကျသော နေရာတစ်ခု ဖြစ်လာခဲ့ပေသည်။

တစ်နေ့တခြား မှောင်ခိုကုန်သည်များ ဝင်ထွက်သွားလာမှုဖြင့် ရှုပ်ထွေးလာလေသည်။

ရွာခံနယ်ခံ လူငယ်လူရွယ်အချို့မှာ သက်တောင့်သက်သာဖြင့် ငွေရလွယ်သော မှောင်ခိုကုန်ကူးသောအလုပ်ကို စိတ်ဝင်စားလာကြ





သည်။

အချို့လည်း ပင်ပင်ပန်းပန်း လုပ်ကိုင်ရသော လက်ရှိအလုပ်များကို စွန့်လွှတ်ကြပြီး မှောင်ခိုအရောင်းအဝယ် လိုက်သွားကြသူများ ရှိပေသည်။

အချို့မှာ မိတ်ဆွေအပေါင်းအသင်းများက အဆွယ်ကောင်းသဖြင့် ပါသွားကြခြင်းဖြစ်သည်။

"မင်းတို့ ဒီတောထဲ လယ်ထဲမှာ လုပ်နေသရွေ့တော့ ဖင်ထဲ ရွှံ့အပြည့်ဝင်တာတောင် ဆင်းရဲတွင်းထဲက တက်နိုင်ကြမှာ မဟုတ်ဘူး၊ စားရတော့ ဆန်ကြမ်းနဲ့ငပိရည်၊ ဝတ်တော့ ဖျင်ကြမ်း၊ နေတော့ တဲစုတ်နဲ့ပဲ တစ်သက်လုံး ကျေနပ်နေကြတော့မှာလား"

"ဒါဖြင့် ဒီဘဝက လွတ်အောင် ကျုပ်တို့က ဘယ်လိုလုပ်ရမှာလဲ ပြောပါဦး"

"မင်းတို့ တခြားမကြည့်ကြနဲ့၊ ငါ့ကိုပဲ ကြည့်ကြလေ၊ အရင်က ဆိုရင် လယ်ထဲက မတက်ရဘဲ ရွှံ့လူးနေရတဲ့ဘဝ မဟုတ်လား၊ အခု အရင်နဲ့ တူသေးရဲ့လား၊

ဝတ်ထားတာက စပို့ရှပ် နေထရွန်အင်္ကျီ၊ ဒါက ဂျင်းဘောင်းဘီ၊ စီးထားတဲ့ဖိနပ်ကလည်း ဆင်ကြယ်ဖိနပ်အစစ်ပဲ၊ ဟောဒီမှာ နာရီကလည်း ယိုးဒယားဖြစ်ပဲဟေ့"

"ခင်ဗျား ဒါတွေရလာဖို့ ဘယ်လိုလုပ်ရမလဲဆိုတာ တဆိတ်လောက် ပြောပါဦးဗျ"

"ငါလည်း အရင်ကတော့ မင်းတို့လို နွံထဲက မတက်ရတဲ့ ဘဝပါပဲကွာ၊ နောက်တော့ မထူးဘူးဆိုပြီး မှောင်ခိုကုန်ကူးတဲ့လူတွေနဲ့ လိုက်သွားတယ်"

"အဲဒီလို ထမ်းတော့ ဘယ်လောက်ရသလဲဗျာ"

"အချိန်တစ်ဆယ်လောက် လေးတဲ့ပစ္စည်းထုပ်ကို ယိုးဒယား



www.burmeseclassic.com

www.burmeseclassic.com



နယ်စပ်အထိ ထမ်းပို့ရင် ငွေလေးဆယ် ရတယ်"

"တယ်ဟုတ်ပါလား"

တောမှာ နေသူများအဖို့ ငွေလေးဆယ်မှာ နည်းလှသည် မဟုတ်ပေ။

ရွာမှာ တစ်လလုံး ရှာဖွေတာတောင် ငွေလေးဆယ် ရချင်မှ ရနိုင်သောကာလဖြစ်သည်။

"ဒါတင် ဘယ်ကပါ့မလဲ၊ ကိုယ်ထမ်းနိုင်လို့ အချိန်နှစ်ဆယ် အစိတ် ထမ်းသွားရင် ငွေလေးငါးရှစ်ဆယ်ကတော့ အသာကလေးပဲ"

"ငွေရတာတော့ ဟုတ်ပါပြီ၊ တစ်ခါလိုက်သွားရင် ရက်က ဘယ် လောက်ကြာမှာလဲ"

"တစ်ခေါက်အသွားအပြန် လေးငါးရက်ထက် ပိုမကြာပါဘူး"

လေးငါးရက်မျှနှင့် ငွေလေးငါးဆယ် ရနိုင်သောအလုပ်မျိုးကို မည်သူမှ စိတ်မဝင်စားဘဲ မရှိပေ။

ထိုသို့ပြောရာမှာတော့ ဆွယ်တရားဟောသူက ငွေရမည့် အကြောင်းကိုသာ လှိုင်လှိုင်ပြောပြီး လမ်းခရီးမှာ တွေ့ကြုံရမည့် အကြောင်းများကိုတော့ တစ်ခွန်းမှ မပြောပေ။

ထို့ကြောင့် နားယောင်ပြီး လိုက်သွားကြသူ အတော်များလေ သည်။

ယောကျ်ားကလေးများပင် မဆိုထားနှင့်၊ အမျိုးသမီးများပင် မှောင်ခိုကုန်ကူးသောအလုပ်ကို စိတ်ဝင်စားကြသဖြင့် လုပ်ကိုင်ကြလေ သည်။

မှောင်ခိုကုန်ကူးသောအလုပ်မှာ အပြောလွယ်သလောက် တောထဲမှာ တွေ့ကြုံရသည့် သဘာဝဘေးအန္တရာယ်တို့က များလှပေ သည်။

သဘာဝဘေးအန္တရာယ်များအပြင် တောတွင်းမှာ သွားလာနေ





သော သောင်းကျန်းသူများနှင့် ပက်ပင်းတိုးပြီး အသတ်ခံရသူများ အဖျက်ဆီးခံရသောဘဝများအပြင် အစိုးရဘက်မှ စစ်တပ်၊ ပုလိပ်များ နှင့် တွေ့ပါက အဖမ်းဆီးခံရပြီး ဘဝပျက်ကြရသူများစွာ ရှိပေသည်။

အချို့လည်း တောထဲမှာပင် လူမသိသူမသိ မပြန်လမ်း ရောက် သွားကြသူတွေလည်း တပုံတပင် ရှိကြလေသည်။

အချို့လည်း ကံကောင်းထောက်မစွာ လွတ်မြောက်လာပြီး ရရှိ သောငွေကြေးဖြင့် အရင်းအနှီးလုပ်ကာ နောက်ထပ်မသွားတော့ဘဲ အေးအေးနေသူများလည်း ရှိပေသည်။

စွန့်စားလိုစိတ် ရှိသော လူငယ်လူရွယ် အတော်များများက တော့ အဖော်ကောင်းလျှင် ကျန်တာကို မတွေးကြဘဲ ငွေအရလွယ် သောကိစ္စမျိုးကို စိတ်ဝင်စားကြသည့်သဘောတော့ ရှိကြပေသည်။

နီမောင်သည် ကလိန်အောင်ရွာသားတစ်ယောက်ဖြစ်ပြီး ကွမ်းခြံစိုက်ပျိုးခြင်းအလုပ်ဖြင့် အသက်မွေးသူဖြစ်ပေသည်။

ကွမ်းခြံစိုက်ပျိုးသောအလုပ်မှာ ကြီးပွားတိုးတက်မှု မရှိဘဲ သူတို့ မိသားစုသုံးယောက် စားလောက်ရုံသာ ရလေသည်။

နီမောင်ကတော့ လူငယ်လူရွယ်ပီပီ လျင်မြန်စွာ ကြီးပွား တိုးတက်နိုင်သော ယိုးဒယားနယ်ဘက်သို့ မှောင်ခိုကုန်ကူးသောအလုပ် ကို စိတ်ဝင်စားလေသည်။ သို့သော်လည်း ဖခင်ဖြစ်သူ ဦးဘရှိန်ကတော့ သားဖြစ်သူကို ဖျောင်းဖျနားချပြောဆိုလေသည်။

"မှောင်ခိုအလုပ်ဆိုတာ ဥပဒေနဲ့မကင်းတဲ့အလုပ်မျိုးဆိုတော့ ဆယ်ခါသွားလို့ လွတ်ပေမယ့် တစ်ခါအဖမ်းခံလိုက်ရရင်ပဲ အရင်းရော အမြတ်ရော အားလုံးပြုတ်တာပဲ၊ အဲဒီလိုနဲ့ ဘဝပျက်သွားကြတဲ့လူတွေ အများကြီး ရှိတယ်၊

တခြားမကြည့်နဲ့. . . ဟိုဘက်ရွာက မရင်ရွှေတို့ကိုပဲ ကြည့် တော့၊ မှောင်ခိုကုန်ကူးရင်းနဲ့ အခု ဘယ်ဘဝ ရောက်နေပြီလဲ ကိုယ့်ရဲ့

www.burmeseclassic.com



ကွမ်းခြံလေးထဲမှာပဲ အေးအေးဆေးဆေးနဲ့ လုပ်ကိုင်စားသောက်ပါ ကွာ"

ဟု ဖျောင်းဖျနားချလေသည်။

သို့စေကာမူ နီမောင်စိတ်ထဲမှာတော့ အဖော်ကောင်းပါက အတွေ့အကြုံ ရစေရန် တစ်ခေါက်တစ်ကျင်းတော့ လိုက်သွားရန် စိတ်ကူးမိလေသည်။

ထိုစိတ်ကူး အကောင်အထည်ဖော်ရန် တစ်နေ့တော့ အခွင့် အရေးတစ်ခုက ရောက်လာတော့သည်။

နီမောင်အလုပ်လုပ်နေသော ကွမ်းခြံအတွင်းသို့ စောထီးနှင့် ငမဲအောင် ရောက်လာလေသည်။

"စောထီးနဲ့ငမဲအောင်တို့ပါလား"

"မင်းနဲ့ တိုင်ပင်စရာရှိလို့ နီမောင်ရ"

"ဘာများလဲ"

"အခု မြဝင်းသူက ကျော်တင့်တို့နဲ့ မှောင်ခိုကုန်ကူးဖို့ လိုက်သွား မယ်လို့ ငါတို့နဲ့ တိုင်ပင်တယ်"

ကျော်တင့်မှာ အင်းတိုင်ရွာသားတစ်ယောက်ဖြစ်ပြီး မှောင်ခို ကုန်ကူးသောအလုပ် လုပ်နေသူဖြစ်သည်။

ဝင်းကို ကြည့်လျှင် နေတက်ထရွှန်အင်္ကျီ၊ နာရီ၊ ဆွဲကြိုး၊ လက် စွပ်၊ အကောင်းစားပုဆိုး၊ ဆင်ကြယ်ဖိနပ် စီးကာ ကြော့နေသူတစ်ဦးဖြစ် လေသည်။

ထို့ပြင် ကျော်တင့်မှာ မြဝင်းသူ၏မေတ္တာကို ရရန် ကြိုးစားနေ သူဖြစ်ပြီး ရဖို့လည်း နီးစပ်နေသူတစ်ဦးဖြစ်သည်။

"သူက လိုက်သွားမှာတဲ့လား"

"တစ်ခေါက်တော့ လိုက်သွားချင်လို့ ပြောနေတယ်"

"ဒီလောက်အန္တရာယ်များတဲ့ခရီးမျိုးကို ဘာကြောင့် လိုက်ချင်ရ





တာလဲ မသိဘူး၊ ကိုယ့်ခြံထဲမှာ အလုပ်လုပ်နေတာ အကောင်းသားနဲ့ ကွာ"

နီမောင်က စိတ်မသက်မသာနှင့် ပြောလိုက်သည်။

ထိုအခါ စောထီးက အခြေအနေကို ပြောပြလေသည်။

"သူ့အဖေဦးသာဒွန်းက ပိုးထိပြီးကတည်းက အခုအချိန်ထိ တရှောင်ရှောင်နဲ့ ဖြစ်နေတုန်းပဲ၊ ဒါကြောင့် ခြံထဲ မဆင်းနိုင်တာ အတော်ကြာပြီ၊ ခြံထဲကလည်း ဝင်ငွေမရှိတော့ အခုအချိန်မှာ စားဖို့ အတွက် တစ်ခေါက်တစ်ကျင်း လိုက်သွားချင်တာလည်း ဖြစ်မှာပေါ့"

"ဒီတော့ ငါတို့က ဘာလုပ်ပေးရမှာလဲ"

"သူနဲ့ အတူလိုက်ခဲ့ပေးဖို့ ခေါ်နေတယ်"

"ကျော်တင့်က သူနဲ့ အဆင်ပြေနေတယ် မဟုတ်လား၊ နောက် ပြီး ဒီခရီးလမ်းတွေကို သူက ကျွမ်းကျင်ပြီးသားပဲ၊ ဘာကြောင့် ငါတို့ကို ခေါ်ရတာလဲ"

"သူတစ်ယောက်တည်း မသွားဝံ့လို့ ဖြစ်မှာပေါ့ကွာ၊ သူ့ကို လည်း စောင့်ရှောက်ပေးရာရောက်အောင်၊ ငါတို့လည်း အတွေ့အကြုံ ရအောင်လို့ တစ်ခေါက်လောက် လိုက်သွားကြရင် မကောင်းဘူးလား"

ငမဲအောင်က စိတ်အားထက်သန်စွာ ပြောလိုက်လေသည်။

ထိုစကားကြားသောအခါ နီမောင်မှာ စိတ်ပါသလို ဖြစ်လာလေသည်။

သူကိုယ်တိုင်လည်း ထိုခရီးကို တစ်ခေါက်လောက်တော့ စမ်း ကြည့်ချင်နေသည်။

"သွားတာကတော့ ဟုတ်ပါပြီ၊ ငါတို့မှာ ရောင်းစရာကုန်ပစ္စည်း ဘာမှမပါဘဲနဲ့ ဘာယူသွားမှာလဲ"

"ငါတို့ကတော့ ယူစရာပစ္စည်း မရှိတော့ သူများအထုပ်ထမ်းပြီး လိုက်မှာပေါ့၊ မင်းကတော့ ခြံထဲက ထွက်တဲ့ကွမ်းရွက်တွေ ယူလာခဲ့ပေါ့ ယိုးဒယားဘက်မှာ ကွမ်းရွက်တစ်ရာပါတဲ့ တစ်စည်းကို ငွေသုံးတျပ်



www.burmeseclassic.com

www.burmeseclassic.com



ရတယ်လို့ ပြောသံကြားတယ်"

ထိုစကားမှာလည်း စိတ်ဝင်စားစရာဖြစ်လေသည်။

ကလိန်အောင်ဘက်မှာ ရောင်းလျှင် ကွမ်းရွက်တစ်ရာ တစ်စီးကိုမှ ငွေတစ်ကျပ်ထက် ပိုမရချေ။

"ဒါဖြင့်လည်း အဖေအမေတို့ကို ပြောပြီး တစ်ခေါက်လောက်တော့ လိုက်သွားကြတာပေါ့"

"မင်းပါ လိုက်မယ်ဆိုရင်တော့ မြဝင်းသူကတော့ အတော်ကလေး ဝမ်းသာမှာပဲ"

"ငါပါတာနဲ့ သူက ဘာကြောင့် ဝမ်းသာရမှာလဲ"

"အော် . . . တခြားမဟုတ်ပါဘူး၊ မြဝင်းသူက မင်းအပေါ်မှာ အတော်ခင်လို့ ပြောတာပါ"

ဟု ပြောတော့မှ နီမောင်လည်း ဘာမှဆက်မပြောဘဲ နေလေသည်။

အတန်ကြာတော့မှ နီမောင်က ပြောသည်။

"ငါတို့ နယ်ခြားဘက် သွားကြမယ်ဆိုရင် ဘေးအန္တရာယ်ကင်းအောင် တစ်ခုခု လုပ်သွားရင် မကောင်းဘူးလား"

"ဘယ်လိုလုပ်မှာလဲ"

"ဟိုကွာ . . . တလောက ဆေးဆရာကြီး ဦးဗန်ကောင်း လာတုန်းက နဟ်လှောင်အိမ်လမ်းဆုံနားမှာ ရှိတဲ့ ကျောက်ဘီလူးရုပ်နားက လူတစ်ယောက် ထွက်လာပြီး အမဲသားတစ်ပိဿာ မှာလိုက်တယ်လို့ ပြောသွားတာယ် မဟုတ်လား"

"အေး . . . ဟုတ်တယ်လေ၊ အဲဒါ ဘာဖြစ်သလဲ"

"ငါတို့လည်း တောထဲမှာ စွန့်စွန့်စားစား သွားကြရမှာဆိုတော့ သူ့ကိုပါ အဖော်ခေါ်သွားရင် မကောင်းဘူးလား"

ထိုစကား ကြားသောအခါ စောထီးနှင့်ငမဲအောင်တို့ နှစ်





ယောက်မှာ မျက်လုံးပြူးသွားကြလေသည်။

"ဘယ်သူ့ကို ခေါ်သွားမှာလဲ"

"ကျောက်ဘီလူးရုပ်ကိုလေ"

"နီမောင် . . ဘာတွေပြောနေတာလဲ၊ ကျောက်ရုပ်ကြီးက ငါတို့ခေါ်တဲ့အတိုင်း လိုက်လာမှာတဲ့လား"

"ကျောက်ရုပ်ကြီးကတော့ ဘယ်လိုက်လာမှာလဲ၊ သူ့ရဲ့ဝိညာဉ်ကတော့ လိုက်လာနိုင်တာပေါ့၊ အဖေတို့ ပြောသံကြားဖူးတာကတော့ ဝိညာဉ်လို့ ခေါ်တဲ့ ပရလောကသားတွေဟာ သူတို့နဲ့ မိတ်ဆွေဖြစ်ရင် ခေါ်တဲ့နေရာ လိုက်ပြီး အကူအညီပေးတယ်လို့ ငါကြားဖူးတယ်"

ထိုစကားကြားသောအခါ ကျန်နှစ်ယောက်မှာ ဇဝေဇဝါ ဖြစ်သွားကြလေသည်။

ထိုအကြောင်းနှင့် စပ်လျဉ်း၍ ရှေးက ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်အချို့ ရှိပေရာ ထိုအကြောင်းအရာများထဲမှ စိတ်ဝင်စားဖွယ်ရာကောင်းသောအကြောင်းအရာတစ်ခုကို ရေးသားဖော်ပြပါမည်။

လွန်ခဲ့သောနှစ်ပေါင်းတစ်ရာကျော်ခန့်က ပြည်မြို့နယ် မော်ဇာနှင့် (၇)ဖာလုံခန့်အကွာတွင် ရွှေစာရံကျောင်း ရှိပေသည်။

ထိုဘုန်းကြီးကျောင်း၌ သီတင်းသုံး နေထိုင်သော ဆရာတော်မှာ လောကီပညာ၊ ဂမ္ဘီရပညာများကို နှံ့စပ်ကျွမ်းကျင်သော ဦးယုဂန္ဓပင်ဖြစ်သည်။

သို့သော်လည်း ရွှေစာရံကျောင်းကို အစွဲပြုပြီး 'ရွှေစာရံ ဘုန်းကြီး' ဟုပင် ခေါ်ဝေါ်ကြလေသည်။

တစ်နေ့သ၌ ရွှေစာရံဆရာတော်သည် ကျောင်းသစ်ဆောက်လုပ်ရန် မြေနေရာ ရွေးသောအခါ ထိုမြေကွက်ထဲ၌ ပေါက်နေသည့် နှစ်ပရိစ္ဆေဒ ကြာမြင့်လှသော လက်ခုပ်ပင်ကြီးကို တွေ့ရလေသည်။

ထိုအထိကရ လက်ခုပ်ပင်ကြီးမှာ သရဲတစ္ဆေ ခြောက်လှန့်ရ



www.burmeseclassic.com

www.burmeseclassic.com



ကြမ်းသောကြောင့် မည်သူမှ အနားမကပ်ဝံ့ကြပေ။ အကြောင်းမှာ ထိုလက်ခုပ်ပင်ကြီးမှာ သရဲတစ်ကောင် ရှိနေသောကြောင့်ဖြစ်သည်။

လက်ခုပ်ပင်စောင့် သရဲကြီးမှာ ယခင်က သူနေသော လက်ခုပ်ပင်အား လာရောက်နှောင့်ယှက်ပါက ခြောက်လှန့်လွှတ်သော်လည်း ရွှေစာရံဆရာတော် ဦးယုဂန္ဓကိုတော့ မခြောက်ဝံ့ပေ။

မခြောက်ဝံ့သည်သာမက ဆရာတော် ရောက်လာသည်နှင့် အဝေးသို့ သွားနေရသည်။

တစ်ရက်နှစ်ရက်ကြာမှ လက်ခုပ်ပင် ရှိရာသို့ ပြန်လာဝံ့ပေသည်။

ထိုနေရာမှာ မြေကွက်ရှင်းသောအခါ ဆရာတော်က သရဲနေသောလက်ခုပ်ပင်ကိုတော့ မူလအတိုင်း ထားစေသည်။

ကျောင်းသစ်ဆောက်နေစဉ်ကာလအတွင်း ဆရာတော်က ထိုလက်ခုပ်ပင်ကြီးနှင့် မနီးမဝေးတွင် ယာယီတဲကျောင်းထိုးကာ နေလေသည်။

တစ်နေ့သ၌ လူရှင်းသောညအချိန်တွင် ဆရာတော်က လက်ခုပ်ပင်စောင့်သရဲကို ခေါ်မေးလေသည်။

"မင်းအကြောင်း ငါ့ကို ပြောပြစမ်းပါဟဲ့"

"တပည့်တော်ဟာ လူ့ဘဝက ဓါးပြဗိုလ်တစ်ယောက် ဖြစ်ပါတယ်ဘုရား၊ တစ်နေ့တော့ သေနတ်ကျည်ဆန် ထိမှန်လို့ သေရပြီး ဒီလက်ခုပ်ပင်မှာ သရဲဘဝနဲ့ နေခဲ့ရတာ နှစ်ပေါင်းအတော်ကြာခဲ့ပါပြီ"

ဆရာတော်က ခေါင်းညိတ်ပြသည်။

"ဒါပေမယ့် ဆရာတော် ဒီနားကို ရောက်လာတဲ့အချိန်မှာ ဒီနားမှာ မနေနိုင်တော့လို့ တစ်နေရာမှာ သွားနေရပါတယ်၊ ဘုရားစာတရားစာတွေ ရွတ်သံ၊ ကြေးစည်ရိုက်သံတွေ ကြားရင် ဟိုးအဝေးကြီးမှာ သွားနေရပါတယ်ဘုရား"





ဟု ပြောပြတော့ ဆရာတော်က သနားသွားလေသည်။

"ငါက ဆက်နေခွင့်ပေးရင်ကော ဒီနေရာမှာ ဆက်နေနိုင်မှာလား"

"အရှင်ဘုရားက နေခွင့်ပေးရင်တော့ နေနိုင်ပါတယ်ဘုရား"

"ဒါဖြင့် ဒီလက်ခုပ်ပင်မှာပဲ နေမြဲတိုင်း နေပေတော့၊ ဒါပေမယ့် မင်း ငါ့ကို ကတိတစ်ခုတော့ ပေးရမယ်၊ ကျောင်းသားတွေအပါအဝင် ငါ့ကျောင်းကို လာတဲ့လူတွေကိုတော့ အနှောင့်အယှက် မပြုရဘူး"

"မပြုဝံ့ပါဘူး"

"ဒါထက် လူ့ဘဝက မင်းနာမည် ဘယ်လိုခေါ်သလဲ"

"မောင်နီလို့ ခေါ်ပါတယ်ဘုရား၊ ဓါးပြဗိုလ် လုပ်တော့ ဗိုလ်နီလို့ ခေါ်ကြပါတယ်"

"ဒါဖြင့် ငါကလည်း ဗိုလ်နီလို့ပဲ ခေါ်မယ်၊ ကဲ. . ကဲ. . နေမြဲတိုင်း နေပေတော့"

ဟု ခွင့်ပေးသောအခါ သရဲဗိုလ်နီလည်း သခွပ်ပင်ကြီးမှာ နေမြဲတိုင်း နေလေသည်။

ကျောင်းသစ်ကြီး ပြီးစီး၍ ဆရာတော်က ထိုကျောင်းသို့ ပြောင်းရွှေ့ပြီး သီတင်းသုံးသောအခါ ဆွမ်းကျန်ဟင်းကျန်များကို လက်ခုပ်ပင်ကြီးခြေရင်းမှာ ပုံ၍ သရဲဗိုလ်နီအား ကျွေးစေသည်။

ပထမတော့ ထမင်းပုံပေးရသော ကျောင်းသားများက သရဲဗိုလ်နီကို ကြောက်လန့်ကြသည်။

ထမင်းဟင်းများကို သစ်ပင်ခြေရင်းမှာ ပုံပေးလိုက်သည်နှင့် ကြည့်နေရင်းမှာပင် ကုန်သွားလေတော့သည်။

နောက်ပိုင်း ရက်လကြာသောအခါ ထမင်းကျွေးသောကျောင်းသားများက သရဲဗိုလ်နီကို မကြောက်ကြတော့ပေ။

"သရဲဗိုလ်နီ. . . ခင်ဗျားရဲ့ကိုယ်ကို ပြပါလား"



www.burmeseclassic.com

www.burmeseclassic.com



"မကြည့်ချင်ပါနဲ့ကွာ"

"ဒါဖြင့် လက်တစ်ချောင်းတော့ ပြပါ"

ဟု ပြောသောအခါ ထမင်းပုံပေါ်မှ လက်တစ်ဖက် ထွက်လာပြီး ပြသောအခါ အမွေးစုတ်ဖွားနှင့် ကြီးမားလှသောကြောင့် များစွာကြောက်ရွံ့ဖွယ်ကောင်းလှပေသည်။

နောက်ပိုင်းမှာတော့ သရဲပိုလ်နီမှာ ကျောင်းသားလေးများနှင့် ကစားဖော်ကစားဖက် ဖြစ်လာခဲ့လေသည်။

တစ်ခါတရံ ဆရာတော်က အကြောင်းကိစ္စ ရှိသဖြင့် အခြားနေရာသို့ ကြွသွားရန် ကိစ္စရှိပါက လက်ခုပ်ပင် ရှိရာသို့ သွား၍မှာကြားလေသည်။

"ဟဲ့. . . ဗိုလ်နီ၊ ငါကိစ္စရှိလို့ အပြင်သွားရမယ်၊ ကျောင်းကို ကောင်းစွာစောင့်ရှောက်ထားပေတော့၊

ငါမရှိတဲ့အခိုက် ကျောင်းသားတွေ စာမကျက်ဘဲ ဆော့ကစားနေတာတို့ ရန်ဖြစ်နေကြမယ်ဆိုရင် ငါပြန်လာတဲ့အခါ ပြန်လျှောက်ချေ"

ဟု ပြောဆိုမှာကြားသွားလေ့ရှိသည်။

ထိုသို့မှာထားသည်နှင့် အားလုံးမှတ်သားထားပြီး ဘုန်းကြီးပြန်ရောက်လာသောအခါ အကြောင်းစုံ ပြန်လျှောက်လေသည်။

ကျောင်းသားများကလည်း ဘုန်းကြီးမရှိခိုက်မှာပင် ၎င်းတို့ကျူးလွန်သောအပြစ်များကို တစ်ခုမကျန် သိနေသောအခါ သရဲပိုလ်နီ ပြန်ပြောမှန်း သိရပေရာ နောက်ပိုင်း ကျောင်း၌ ဆရာတော် မရှိသည့်အခါ သရဲပိုလ်နီအား မုန့်ပဲသရေစာများ ကျွေး၍ မိမိတို့အပြစ်အား ပြန်မပြောရန် စည်းရုံးထားရလေသည်။

တစ်နေ့သ၌ ဆရာတော်သည် ကျောင်းတောင်ဘက်မှာ ရှိသော တောင်ပို့တစ်ခုကို ဖြိုချရာ အတွင်းမှ သတ္တုခဲကဲ့သို့ ဖြူဖြူအလုံးကြီးတစ်လုံး ရရှိလေသည်။





ထိုအလုံးကြီးကို အချို့က ပြာတုံးပြာခဲဟု ပြောသလို အချို့ကလည်း ငွေတုံးငွေခဲဟု ပြောကြလေသည်။

ထိုသို့ပြောဆိုနေသောစကားများက တစ်ဆင့်စကား တစ်ဆင့်ကြားကာ တစ်ရွာလုံး ပျံ့နှံ့သွားလေတော့သည်။

ဆရာတော်က ငွေတုံးနှင့် တူသောအတုံးကြီးကို ကျောင်းမှာပင် ထားရာ ညတိုင်း သူခိုးများက လာရောက်ချောင်းကြလေသည်။

ထိုအခါ ဆရာတော်က သရဲပိုလ်နီကို ခေါ်ပြောလေသည်။

"ငါ့ကျောင်းကို ညတိုင်း သူခိုးကပ်နေတယ်၊ မင်းက သူခိုးခိုးမပြရန်က စောင့်ရှောက်ပေးဦးဟဲ့"

ဟု မှာကြားလိုက်ပြီးသည်နှင့် ညအချိန် ရောက်သောအခါ ငွေတုံးထင်မှတ်သဖြင့် ခိုးယူရန် လာသောသူခိုးများမှာ သရဲပိုလ်နီ၏ အထုအထောင်း အရိုက်အနှက် ခံကြရလေရာ မရှုမလှ ဖြစ်ကြရပြီး နောက်တွင် ကျောင်းနားသို့ မည်သူမှ မကပ်ဝံ့တော့ပေ။

နောက်ပိုင်း နှစ်အနည်းငယ်ကြာသောအခါ ဆရာတော်မှာ ပျံလွန်တော်မူသွားခဲ့လေသည်။

ဆရာတော် မရှိတော့သည့်နောက်ပိုင်းတွင် ကျောင်းသားများက ယခင်ကျွေးနေကျအတိုင်း ထမင်းဟင်းများကို လက်ခုပ်ပင် ခြေရင်း၌ ပုံကျွေးသော်လည်း လာရောက်စားသောက်ခြင်း မရှိတော့သဖြင့် ထမင်းဟင်းများက ဒီအတိုင်း ကျန်နေတော့သည်။

ထိုအခါ ကျောင်းသားများက အကျိုးအကြောင်း မေးကြည့်သောအခါ. . .

"မင်းတို့လည်း နောက် ငါ့ကို အစာမကျွေးကြနဲ့တော့၊ ဘုန်းကြီးမရှိတဲ့နောက်မှာ ငါလည်း ဒီနေရာမှာ မနေချင်တော့ဘူး၊

ဒါကြောင့် တခြားနေရာကို သွားတော့မယ်"

ဟု ပြန်ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောပြီး နောက်ပိုင်းမှာတော့ ကျောင်းဝင်းအတွင်း၌ ရှိသောလက်ခုပ်ပင်ကြီး၌ သရဲပိုလ်နီ၏အရိပ်အယောင်ကိုမျှ မတွေ့ကြရတော့ပေ။

နီမောင်က ၎င်းပြောပြသည့်အဖြစ်အပျက်ကို ထိုနေရာတွင် အဆုံးသတ်လိုက်သောအခါ ကျန်နှစ်ယောက်ကလည်း သူပြောသော ကျောက်ဘီလူးရုပ် ရှိရာသို့ သွားမည့်ကိစ္စကို သဘောတူကြလေသည်။





# အခန်း (၆)

## မာယာများလှသည့်တောကြောင်

နတ်လျောင်အိမ်လမ်းဆုံသို့ သွားမည့်ကိစ္စအား အခြားလူများ မသိစေရန် လျှို့ဝှက်စွာ လုပ်ကိုင်ကြရလေသည်။

ဦးစွာ ဈေးမှ အမဲသားတစ်ပိဿာ ဝယ်ယူပြီး သေချာစွာ ထုပ်ပိုးထားလေသည်။

ပြီးမှ ညနေပိုင်းအချိန်တွင် သုံးယောက်သား နတ်လျောင်အိမ်လမ်းဆုံရှိရာသို့ သွားကြလေသည်။

မိုးရာသီဖြစ်သောကြောင့် ညနေပိုင်းအချိန် ရောက်သည်နှင့် ထိုလမ်းဘက်မှာ လူသွားလူလာ မရှိသလောက် ရှင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"နီမောင်. . . မင်းခေါ်လို့သာ လိုက်လာရတယ်၊ ဖြစ်မှ ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်ကွာ. . . ဘာမှကြောက်စရာ မရှိပါဘူး၊ ငါတို့က သူ့ကို ရန်မူဖို့ သွားကြတာမှ မဟုတ်တာ၊ မိတ်ဆွေဖွဲ့ဖို့ သွားကြတာပဲ၊ လူပဲဖြစ်ဖြစ် ပရလောကသားပဲဖြစ်ဖြစ် မိတ်ဆွေဖွဲ့တာကို လက်မခံတာတော့ ရှိမယ်မထင်ပါဘူး"

ဟု ပြောတော့မှ ကျန်နှစ်ယောက်မှာ စိတ်သက်သာရာ ရသွားလေတော့သည်။

တကယ်ဟော့ ပရလောကနှင့် ပတ်သက်လာလျှင် နီမောင်က သူတို့ထက် ပို၍ကျွမ်းကျင်သဖြင့် ကျန်နှစ်ယောက်က ယုံကြည်စိတ်ချထားခြင်းဖြစ်ပေသည်။

သုံးယောက်သား စကားတပြောပြောနှင့် လျှောက်လာရာ လမ်းတလျှောက်မှာတော့ အနှောင့်အယှက် တစ်စုံတစ်ရာ မတွေ့ကြရဘဲ ညနေ နေဝင်ရီတရောအချိန်တွင် နတ်လျောင်အိမ်လမ်းဆုံ ရှိရာသို့ ရောက်သွားကြလေသည်။

မိုးက အုံ့မှိုင်းနေပြီး နေဝင်ချိန်လည်း ရောက်နေပြီဖြစ်သောကြောင့် ပတ်ဝန်းကျင်တဝိုက်မှာ မှောင်စပျိုးနေချေပြီ။

သူတို့သုံးယောက်စလုံး ထိုနယ်သားများ ဖြစ်ကြသော်လည်း ကျောက်ဘီလူးရုပ် ရှိသောနေရာသို့ အမြဲတစေ ရောက်ကြသူများ မဟုတ်သဖြင့် ဘယ်လိုပုံစံအနေအထားမျိုး ရှိမည်ကို မသိကြရပေ။

ကျောက်ဘီလူးရုပ်အနီးရောက်တော့မှ အသေအချာ ကြည့်ကြရသည်။

ကျောက်ဘီလူးရုပ်မှာ သံလျက်ထမ်းထားသော အနေအထားမျိုးဖြစ်ပြီး (၆)ပေခန့် အမြင့်ရှိသည်။

တောထဲမှာ နှစ်ပရိစ္ဆေဒ ကြာမြင့်စွာ ရှိနေသောကြောင့် ရေညှိ





ရေမှော်များ အထပ်ထပ် တက်ကာ အစိမ်းရောင်နှင့် အမည်းရောင်များ တက်နေသည်။

ထိုသို့ အရောင်အဆင်းမရှိ ဖြစ်နေသော်လည်း မျက်လုံးနှစ်လုံးမှာ အသက်ဝင်နေသကဲ့သို့ ရှိလေသည်။

ထိုမျက်လုံးများက သူတို့လှုပ်ရှားမှု မှန်သမျှ လိုက်ကြည့်နေဟန်ရှိသည်။

"ဘယ်လိုလုပ်မှာလဲ နီမောင်"

စောထီးက လေသံတိုးတိုးဖြင့် မေးသည်။

နီမောင်က ဘာမှမပြောဘဲ ဖက်ဖြင့် ပတ်ကာ သင်အူကြိုးဖြင့် ပတ်ထုပ်လာသော အမဲသားထုပ်ကို လက်နှစ်ဖက်ဖြင့် ကိုင်ကာ ကျောက်ဘီလူးရှေ့မှာ မြှောက်ပြသည်။

"ကျောက်ဘီလူး. . . ဒါက ခင်ဗျားအတွက် ကျွန်တော်တို့ ယူလာခဲ့တာပါ၊ ကျွန်တော်တို့ ကျွေးတာစားပြီး ကျွန်တော်တို့ကိုလည်း အကူအညီပေးပါ"

ဟု ပြောလိုက်သောအခါ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

နီမောင်က အခြေအနေကို အကဲခတ်ပြီး ဆက်ပြောလေသည်။

"ကျွန်တော်တို့ ပြောတာ လက်ခံမယ်ဆိုရင် ကျွန်တော်တို့ သိအောင် တစ်ခုခုတော့ ပြပါ"

ထိုသို့ပြောလိုက်သည်နှင့် တောထဲမှာ ဝေါကနဲ မြည်သံများ ပေါ်ထွက်လာသည်။

ပထမတော့ လေတိုက်သည်ဟု ထင်သော်လည်း မဟုတ်ပေ။ လေလည်း မတိုက်၊ သစ်ပင်များလည်း မလှုပ်ဘဲနှင့် တဝေါဝေါမြည်သံကြီးကို အတိုင်းသား ကြားလိုက်ရခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ဖြစ်ပေါ်လာပြီး မကြာမီမှာ သစ်ချုံတစ်ချုံ အနောက်ဘက်မှ မည်းမည်းသဏ္ဌာန်ကြီး ထရပ်လာသည်။

နီမောင်တို့ ရပ်နေသောနေရာနှင့် အနည်းငယ် ဝေးသောကြောင့် သဲသဲကွဲကွဲတော့ မမြင်ရပေ။

"မင်းတို့ ဘယ်သူတွေလဲ"

အသံသြသြကြီးဖြင့် လှမ်းမေးသည်။

"ကျွန်တော်တို့ ကလိန်အောင်ကပါ"

"ဘာအတွက် ဒီနေရာ လာတာလဲ"

"ကျောက်ဘီလူးအတွက် အစာလာပို့ပေးတာပါ"

"ဘာကြောင့် လာပို့တာလဲ"

"ကျွန်တော်တို့ နယ်ခြားဘက် သွားရင် ဘေးအန္တရာယ်ကင်းစေဖို့ ကျောက်ဘီလူးက လိုက်ပြီးစောင့်ရှောက်ပေးပါ"

"ကောင်းပြီ. . . ငါလိုက်လာခဲ့မယ်၊ မင်းတို့ ယူလာတဲ့အစာထုပ်ကို အဲသည်မှာ ချိတ်ထားခဲ့ပြီး မင်းတို့ ပြန်ကြပေတော့"

ဟု ပြောသဖြင့် အမဲသားထုပ်ကို ကျောက်ဘီလူး ကိုင်ထားသည့် သံလျက်မှာ ချိတ်ထားခဲ့ပြီး သုံးယောက်သား နောက်ကြောင်းပြန်လှည့်ခဲ့ကြလေသည်။

သူတို့ထွက်သွားပြီး အတန်ကြာတော့မှ ထိုချုံနောက်ဘက်မှ လူတစ်စု ထလာလေသည်။

လူတစ်ယောက်က ကျောက်ဘီလူးလက်မှာ ချိတ်ထားသော အမဲသားထုပ်ကို လာဖြုတ်ယူသွားလေသည်။

"အမဲသားထုပ်ဟေ့. . . ငါတို့ ကံကောင်းချင်တော့ ဟင်းစားလာပို့ပေးတဲ့လူနဲ့မှ တွေ့ရတယ်"

"ဟိုကောင်လေးတွေတော့ မင်းပြောလိုက်တာကို ကျောက်ဘီလူး ပြောတာမှတ်လို့ တကယ်ယုံပြီး ပြန်သွားကြပြီ"





"ကဲဟေ့. . . ဒီအမဲသားကို ဟင်းချက်စားပြီး တစ်ညလုံး ဖဲဆက်ရိုက်ကြတာပေါ့ကွာ"

ဟု အချင်းချင်း ပြောဆိုကာ သဘောကျစွာဖြင့် ရယ်မောနေကြလေသည်။

ထိုလူစုမှာ အခြားမဟုတ်ပေ. . .။

ထိုပတ်ဝန်းကျင်တဝိုက်မှ မှောင်ခိုကုန်ကူးနေကြသောလူများဖြစ်ကြပြီး အရောင်းအဝယ်ကိစ္စပြီးသောအချိန်တွင် အချင်းချင်း ချိန်း၍ ဖဲရိုက်နေကြခြင်းဖြစ်ပေသည်။

သူတို့သည် လူများ မလာဝံ့သော ကျောက်ဘီလူးရုပ် ရှိသည့် အနီးတဝိုက်မှာ ကနဖျင်း ထိုးကာ အရက်သောက်လိုက်၊ ဖဲရိုက်လိုက် လုပ်နေကြစဉ် နီမောင်တို့သုံးယောက် ရောက်လာကြခြင်းဖြစ်ပေသည်။

ထိုအဖွဲ့ထဲမှာ အင်းတိုင်မှ ကျော်တင့်လည်း ပါလေသည်။ ထို့နောက်မှာတော့ မမျှော်လင့်ဘဲ ရလိုက်သောအမဲသားကို ဟင်းချက်ရန် ပြင်သူကပြင်၊ အရက်သောက်သူက သောက်နေကြသည်။

အချိန်ကလည်း ညဦးပိုင်းရောက်လာပြီမို့ အမှောင်ရိပ်များက သမ်းလာချေပြီ။

၎င်းတို့အနီးမှာ မီးဖိုဖိုထားပြီး ဟင်းချက်နေသောကြောင့် အလင်းရောင်ကတော့ ရှိနေသည်။

ဟင်းချက်၍ အတန်အသင့် နူးရုံပင် ရှိသေးသည်။ အမဲသားဟင်းနှင့်အရက်ကို စားသောက်ကြလေသည်။

ထိုသို့စားသောက်နေစဉ်မှာပင် သူတို့ ရှိနေသောနေရာအနောက်ဘက် တောတွင်းမှ ခြေသံပြင်းပြင်းနှင့် နင်းလာသောခြေသံကြီးကို ကြားလိုက်ရလေသည်။ သို့ကြောင့် အရက်သောက်နေကြသောလူတစ်စုမှာ အနည်းငယ် ထိတ်လန့်သွားသည်။

သောင်းကျန်းသူတွေများ ရောက်လာရော့သလား ဒါမှမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



အစိုးရစစ်တပ်များ ရောက်လာရှေ့သလား စိုးရိမ်သွားကြသည်။

"ဒိုး. . . ဒိုး. . . ဒိုး"

ခြေသံက တဖြည်းဖြည်းနှင့် နီးလာလေသည်။

ထို့ပြင် သစ်ပင်သစ်ကိုင်းများကို တိုးဝှေ့ထွက်လာသော ကြောင့် လှုပ်ယမ်းနေသည်ကိုလည်း မြင်ကြရသည်။ သို့ကြောင့် ဇဝေဇဝါဖြစ်သွားကြသည်။

သစ်ကိုင်းများ လှုပ်ယမ်းနေသော်လည်း အကောင်အထည် မမြင်ရသောကြောင့် ပို၍ ဇဝေဇဝါဖြစ်ကာ ကြောက်ရွံ့သွားကြလေ သည်။

"ငါ့အမဲသားတွေ ပြန်ပေးပါ"

"ဟင်. . ."

"ငါ့အမဲသားတွေ ပြန်ပေးပါ"

တောစပ်မှ အသံသြသြကြီးဖြင့် အဆက်မပြတ် တောင်းနေ သော်လည်း အကောင်အထည်တော့ မမြင်ရပေ။

သို့သော်လည်း လေတိုက်နေသကဲ့သို့ သစ်ပင်များ လှုပ်ယမ်း နေသည်ကိုတော့ လှမ်းမြင်ရသည်။

"ငါ့အမဲသားတွေ ပြန်ပေးပါ"

ထိုသို့တောင်းနေသောအခါ အရက်မူးနေသည့် လူတစ် ယောက်က ပြန်အော်လိုက်သည်။

"ဘယ်က အမဲသား လာတောင်းနေတာလဲ၊ အမဲသားဟင်းက ငါတို့ စားလို့ကုန်ပြီ"

"အစားပြန်ပေးပါ"

"အစားပြန်ပေးစရာတော့ မရှိဘူး၊ ရှိတာသာ စားသွားပေ တော့"

ပြောသည့်လူက ဟင်းအိုးထဲမှ အကြွင်းအကျန်များကို စား





သွားရန် ပေါ့ပေါ့တန်တန် ပြောလိုက်သော်လည်း အမိပ္ပါယ်ကတော့ တစ်မျိုးဖြစ်သွားလေသည်။

ထိုသို့ပြောလိုက်သည်နှင့် တောစပ်မှာ မည်းမည်းသဏ္ဌာန်ကြီး ပေါ်လာပြီး သူတို့ရှိရာသို့ တစ်လှမ်းချင်း တိုးလာလေတော့သည်။

"ဟို. . ဟိုမှာ. ."

တစ်ယောက်က အလန့်တကြား လက်ညှိုးထိုးပြလေရာ ကျန် လူများကပါ လှည့်ကြည့်လိုက်ကြသည်။

ထိုအခါမှ သူတို့ ရှိရာသို့ တစ်လှမ်းချင်း လာနေသောမည်းမည်း သဏ္ဌာန်ကြီးကို ကောင်းစွာမြင်ကြရသည်။

"ဘာကောင်ကြီးလဲ"

ထိုသဏ္ဌာန်မှာ အရပ်(၆)ပေကျော်ခန့်မြင့်ပြီး တစ်ကိုယ်လုံး အမွေးများက ဖုံးအုပ်ထားသည်။

ရုတ်တရက် ကြည့်ပါက လူဝံ သို့မဟုတ် မျောက်ဝံတစ်ကောင် နှင့် ပုံသဏ္ဌာန်တူသော်လည်း လူဝံ၊ မျောက်ဝံတော့ မဟုတ်ပေ။

အမှောင်ရိပ်အတွင်းမှာပင် ဖြစ်သော်လည်း မျက်လုံးနှစ်လုံးက ဟသ်ာပြဒါးကဲ့သို့ နီရဲနေသည်။

ထို့ပြင် နှာခေါင်းကပွပွ၊ ပါးစပ်ပေါက်က ပြဲပြဲနှင့် ပါးစပ်တွင်းမှ ခေါထွက်နေသော အစွယ်နှင့်သွားများကိုပင် အတိုင်းသား လှမ်းမြင်နေ ရသည်။

လက်ထဲမှာလည်း တင်းပုတ်ကဲ့သို့အရာတစ်ခုကို ကိုင်ထား သေးသည်။

ထိုကဲ့သို့ ကြောက်မက်ဖွယ်ရာကောင်းလှသည့် ပုံသဏ္ဌာန်ကြီး ကို မြင်ရသောအခါ ကျော်တင့်တို့လူစုမှာ အထိတ်တလန့် ဖြစ်သွားကြ လေသည်။

သို့ကြောင့် အရက်သောက်နေသူများရော အမဲသားဟင်းစား



www.burmeseclassic.com

www.burmeseclassic.com



နေကြသူများမှာ နေရာမှ အလန့်တကြား ထပြေးကြလေတော့သည်။

သို့သော်လည်း အနားရောက်လာသော မည်းမည်းသဏ္ဍာန်ကြီးက သူတို့ကို တင်းပုတ်ဖြင့် လိုက်ရိုက်လေတော့သည်။

တိတ်ဆိတ်နေသော ပတ်ဝန်းကျင်တဝိုက်မှာ တင်းပုတ်ရိုက်သံ၊ ပြေးလွှားသံ၊ အော်သံဟစ်သံများမှာ ဆူညံစွာ ပေါ်ထွက်လာလေတော့သည်။

ကျော်တင့်အပါအဝင် လူတစ်စုမှာ ဘေးအန္တရာယ် ရောက်လာတော့မှ ခြေဦးတည့်ရာ ပြေးကြလေရာ အချို့လည်း အမှောင်ထဲမှာ သစ်ပင်နှင့် တိုက်မိပြီး လဲသူလဲ၊ နွယ်ပတ်ပြီး လဲသူလဲ၊ သစ်ကိုင်းများဖြင့် တိုက်မိပြီး လဲသူလဲနှင့် အပြိုပြို အလဲလဲ ဖြစ်ကြလေသည်။

ထိုအခါ အနားရောက်လာသော မည်းမည်းသဏ္ဍာန်ကြီးက တင်းပုတ်ဖြင့် ရိုက်ခြင်း၊ လည်ကုပ်ကို ချိုးသတ်ခြင်းများကြောင့် တစ်ယောက်နှစ်ယောက်မှာ မရှုမလှ သေဆုံးသွားကြတော့သည်။

အမှောင်ထဲမှာ ဖြစ်သောကြောင့် ကျန်လူများမှာလည်း တစ်ယောက်နှင့်တစ်ယောက် မကူညီနိုင်ကြဘဲ ဘေးလွတ်ရာသို့ ပြေးကြရာ ကျော်တင့်အပါအဝင် တစ်ယောက်နှစ်ယောက်သာ လွတ်သွားကြပြီး ကျန်လူများမှာ မည်းမည်းသဏ္ဍာန်ကြီးလက်ချက်ကြောင့် သေဆုံးသွားကြလေရာ အတန်ကြာသောအခါမှာပင် ထိုမည်းမည်းသဏ္ဍာန်ကြီးကပင် သေဆုံးသွားသူများကို ခြေထောက်မှ ဆွဲကာ တောထဲသို့ ယူသွားလေသည်။

တောတွင်းတစ်နေရာသို့ ရောက်သောအခါ တစ်နေရာမှာ ရပ်နေသည့်အဖိုးအိုတစ်ယောက်ကို တွေ့ရသည့် မည်းမည်းသဏ္ဍာန်မှာ ခြေလှမ်းတုံ့သွားလေသည်။

အဘိုးအိုမှာ အဝတ်ဖြူများ ဝတ်ထားပြီး တောင်ဝှေးတစ်ချောင်းကို လက်မှာ ကိုင်ထားလေသည်။





အမှောင်ရိပ်ထဲမှာပင် ဖြစ်စေကာမူ ထိုအဘိုးအို၏ပုံသဏ္ဍာန်က ထင်ရှားစွာ ပေါ်နေလေသည်။

“လူတွေကို ဘာကြောင့် သတ်လာတာလဲ”

“ကျုပ်အတွက် ပေးတဲ့အစာတွေကို ယူစားကြတယ်၊ ဒီအတွက် အစားပြန်ပေးလို့ သတ်ရတာပါ”

“သူတို့က သဘောတူပြီး ပေးမှတော့ မင်းသဘောအတိုင်း ပြုပေတော့၊ ဒါပေမယ့် သူတော်ကောင်းတွေ ဒုက္ခတွေ့နေရင်တော့ မင်းလိုက်ပြီးအကူအညီပေးလိုက်ပါ”

“ကောင်းပါပြီ တောပိုင်ကြီး”

ထိုသို့ပြောသည်နှင့် အဖိုးအိုက တောတွင်းသို့ ပြန်လှည့်ဝင်သွားရာ မည်းမည်းသဏ္ဍာန်ကြီးလည်း သေဆုံးနေသူများအား တောတွင်းသို့ ဆွဲယူသွားလေတော့သည်။

တော၏ပရိယာယ်ကား ကျယ်ဝန်းလှပေသည်။ တောနတ်လေ မာယာများလေလေဖြစ်၏။

တောတောင်၏မာယာပရိယာယ်များအား မသိပါဘဲ အပြုအမူမှားခြင်း၊ စကားမှားခြင်းများကြောင့် အသက်ဆုံးရှုံးရသူများစွာရှိကြပေသည်။

ယခုအဖြစ်အပျက်မှာ အပြုအမူ မှားယွင်းသည့်အပြင် စကားမှားယွင်းမှုပါ ထပ်မံကျူးလွန်သောကြောင့် ထိုကဲ့သို့ အသက်ဆုံးရှုံးကြရခြင်းဖြစ်ပေသည်။

တောနက်ကြီးများအတွင်းမှာ သားကောင်များ၏လှည့်စားမှု၊ ကျတ်တို့၏လှည့်စားမှု၊ တောနက်များ၏လှည့်စားမှု၊ မြေစုန်း၊ သစ်စုန်း၊ ရေစုန်း၊ မီးစုန်းတို့၏လှည့်စားမှုများအပြင် နတ်တို့၏လှည့်စားမှုများနှင့် ပရလောကသားတို့၏လှည့်စားမှုများက နေရာမလပ် ရှိနေတတ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအရာအားလုံးမှာလည်း မမြင်ရသည့်မာယာများစွာ ရှိကြပေသည်။

တောတောင်တို့၏မာယာပရိယာယ်ကို မသိပါဘဲ စိတ်ထင်ရာလုပ်လျှင်တော့ မိမိဘက်မှ ပေးရမည်မှာ 'အသက်' မှလွဲ၍ အခြားမရှိတော့ပေ။







# အခန်း(၇)

## အမှောင်ရှမ်းသောအစများ

ဇွန်လအလယ်ပိုင်းအချိန်ရောက်လာပြီ ဖြစ်သောကြောင့် မုတ်သုံမိုးက အရှိန်အဟုန်ဖြင့် ဝင်ရောက်လာပြီဖြစ်ရာ တနင်္သာရီ တမ်းရိုးတန်းတလျှောက်ဒေသများမှာ မိုးစဲသည့်အချိန်ဟူ၍ မရှိတော့ပေ။

ထိုအချိန်မျိုးတွင် နီမောင်မှာ ခရီးထွက်ရန်အတွက် ပြင်ဆင်လျက်ရှိပေသည်။

သူသည် ထိုဒေသမှ ကြီးပြင်းခဲ့သည်ဆိုသော်လည်း [illegible]ကူးသောအလုပ်ကို မလုပ်ခဲ့ဖူးသလို ထိုလမ်းခရီးကိုလည်း [illegible]ခဲ့ပေ။



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် ယခုလို စွန့်စွန့်စားစား လိုက်သွားရန် ပြောသောအခါ မိဘများက ခွင့်မပြုလိုကြပေ။

နောက်ဆုံး နီမောင်က တစ်ခေါက်တကျင်းတော့ လိုက်ခွင့်ပြုပေးရန် ဇွတ်အတင်းပြောသောအခါမှ မလွှဲသာသဖြင့် သဘောတူခဲ့ကြခြင်းဖြစ်၏။

တကယ်တော့ ထိုတောလမ်းခရီးကို ဦးဘရှိန်က ရောက်ဖူးလေသည်။

အရွယ်ကောင်းစဉ်က ထိုလမ်းခရီးကို အထမ်းသမားဘဝနှင့် လိုက်သွားခဲ့ဖူးသည်။

သို့သော်လည်း ရသည့်ငွေနှင့် ပင်ပန်းတာနှင့် မကာမိသည့်အပြင် နောက်ဆုံး ငှက်ဖျားရောဂါပါ အဆစ်ရခဲ့သောကြောင့် ထိုအလုပ်ကို မလုပ်နိုင်ခဲ့တော့ပေ။

ထို့ကြောင့် ရွာမှာ ပြန်ပြီး ကွမ်းခြံစိုက်ပျိုးသောအလုပ် လုပ်ကာ အသက်မွေးဝမ်းကျောင်းပြုခဲ့လေသည်။

ထိုခြံကလေးနှင့်ပင် လုပ်ကိုင်စားသောက်ခဲ့ရာ ယခုအချိန်အထိ ကြာမြင့်ခဲ့သော်လည်း စားရရုံသာ ရှိပြီး ငွေပိုငွေလျှံတော့ မရှိလှပေ။

ယခုကဲ့သို့ ပိုးများသောရာသီ ရောက်ပါက ကွမ်းပင်များ သေကြေပျက်စီးသောကြောင့် ကွမ်းအထွက်နည်းတတ်ပြီး ဝင်ငွေလည်း မကောင်းလှပေ။

ထိုအချိန်က ကွမ်းအရွက်တစ်ရာ အစည်းတစ်စည်းမှ ငွေတစ်ကျပ်ထက် ပိုမရပေရာ ကွမ်းအထွက်နည်းသောအချိန်တွင် စားဖို့ပင် အနိုင်နိုင် ရလေသည်။

သို့ကြောင့်လည်း ယခုလို ကွမ်းအထွက်နည်းသောအချိန်မျိုးမှာ တစ်ဖက်လမ်းမှ ဝင်ငွေရစေရန် နီမောင် ယိုးဒယားဘက် သွားမည်ဟု





ခွင့်ပန်သောအခါ မလွှတ်ချင်သော်လည်း ခွင့်ပေးလိုက်ခြင်းပင်ဖြစ်၏။

ခရီးသွားရန်အတွက် ပစ္စည်းများ ပြင်ဆင်ထုပ်ပိုးသောအခါ ဖခင်ဖြစ်သူ ဦးဘရှိန်ကပင် ပြောပြပေးသည်။

ဦးစွာ ၎င်းတို့ခြံမှ ထွက်သောကွမ်းရွက်များအပြင် အခြားခြံမှ ထွက်သည့်ကွမ်းရွက်များကို ဝယ်ယူ၍ အရွက်တစ်ရာလျှင် တစ်စည်းကျ စီးလေသည်။

ထို့ပြင် ဈေးဆိုင်မှ အကြွေးစနစ်ဖြင့် ဝယ်ယူထားသောပစ္စည်းများကိုလည်း အဆင်သင့်ဖြစ်စေရန် အနားမှာ ချထားလေသည်။

ထိုပစ္စည်းများမှာ တစ်ပိဿာလျှင် (၃)ကျပ်ဈေးနှင့် ကုလားပဲခြမ်း(၁၅)ပိဿာ၊ လမ်းခရီးမှာ အကြောင်းရှိပါက အသုံးပြုရန် သစ်သားမီးခြစ်၊ ဖယောင်းတိုင်ထုပ်၊ ပလတ်စတစ် မိုးကာပိုင်းများ၊ လွယ်ပုံးချည်ကြိုး၊ အုန်းဆံကြိုးပါမကျန် ဝယ်ယူရလေသည်။

၎င်းဝယ်ယူခဲ့သောအကြွေးစာရင်းမှာ ငွေ(၅၀)ကျော်ဖိုးခန့် ရှိလေသည်။

ပထမဦးစွာ ကုလားပဲခြမ်း(၈)ပိဿာခန့်ကို လေးထောင့်သံပုံးအတွင်းသို့ ထည့်သည်။

ကျန်ပဲခြမ်း(၇)ပိဿာကို ပလတ်စတစ်အိတ်တစ်လုံးနှင့် ထည့်ကာ အဝတ်ဟောင်းတစ်ခုဖြင့် ထပ်၍ထုပ်သည်။

ပဲများ ထည့်ထားသောသံပုံးကို ကျောပိုးအိတ်ကဲ့သို့ သိုင်းလွယ်၍ရအောင် ကျောသိုင်းကြိုးများ တပ်ဆင်ရသည်။

အဝတ်ထုပ်ကိုတော့ လက်ဖြင့် ဆွဲသွား၍ရအောင် လက်ကိုင်ကြိုး တပ်ဆင်ရသည်။

ထိုသို့ပြုလုပ်ပြီးသောအခါ အထုပ်နှင့်သံပုံးကို တွဲ၍ အုန်းဆံကြိုးစများဖြင့် ခိုင်ခံ့အောင် တုပ်နှောင်ရပေသည်။

ထိုမျှနှင့် မပြီးသေးဘဲ ပိုနေသောကြိုးများဖြင့် သံပုံးနှင့် အထုပ်



www.burmeseclassic.com

www.burmeseclassic.com



တို ပြုတ်ကျမသွားစေရန် အထပ်ထပ် ချည်ရပြန်သည်။

ထိုခရီးလမ်းမျိုးက ပစ္စည်းများကို ကြိုးဖြင့် အထပ်ထပ် ချည်နိုင်လေ ပိုကောင်းလေဖြစ်ကြောင်း အတွေ့အကြုံရှိပြီးသော ဦးဘရှိန်က ပြောပြလေသည်။

အထုပ်,ထုပ်ပြီးသောအခါ နဖူးသိုင်းကြိုး တပ်ရသေးသည်။ နဖူးနေရာတွင် အဝတ်ကြမ်းတစ်ခုလည်း ခံရသေးသည်။ ထိုကဲ့သို့ တပ်ဆင်ထားမှ ဦးခေါင်းဖြင့် ကြိုးကို ထိန်းပေးထားရသောအခါ မပွန်းမပဲ့ဘဲ သက်သာမည်ဖြစ်ပေသည်။

နီမောင် ပစ္စည်းများ ပြင်ဆင်နေချိန်မှာ စောထီးနှင့်ငမဲအောင် ရောက်လာသည်။

သူတို့နှစ်ယောက်နှင့်အတူ မြဝင်းသူလည်း ပါလာသည်။

"နီမောင် နင် ပစ္စည်းတွေ ပြင်ပြီးပြီလား"

နီမောင်က ခေါင်းညိတ်ပြသည်။

"နင်ရော ပြင်ပြီးပြီလား"

"ပြင်ပြီးပြီ"

"ဘာပစ္စည်းတွေ သယ်မှာလဲ"

"သူများတွေ ပြောတဲ့အတိုင်း ဟိုမှာ ပဲဈေးကောင်းတယ်ဆိုလို့ ကုလားပဲခြမ်းနဲ့ကောက်ညှင်းထုပ်ပဲ သယ်ယူသွားမယ်"

"နင်က သွားဖူးတာ မဟုတ်တော့ အလေးချိန်များများ ဘယ် သယ်နိုင်ပါ့မလဲ"

"အချိန်တစ်ဆယ် ဆယ့်ငါးလောက်တော့ သယ်နိုင်ပါတယ်"

"သယ်နိုင်သလောက် သယ်ခဲ့ပေါ့၊ လမ်းရောက်တော့လည်း ငါတို့ သုံးယောက်က ဝိုင်းပြီးကူသယ်ပေးမှာပေါ့"

"ကျေးဇူးတင်ပါတယ် နီမောင်ရယ်၊ နင်တို့သုံးယောက် အခုလို လိုက်ကြတယ်ဆိုတာ ငါ့အတွက် အဖော်လိုက်ပေးကြမှန်း ငါသိပါတယ်"





"ရပါတယ် မြဝင်းသူရယ်၊ တစ်ယောက်အကြောင်းရှိရင် တစ်ယောက် အကူအညီပေးရမှာပေါ့၊ ငါတို့ကို ကျေးဇူးတင်စရာ မလိုပါဘူး ဒါထက် ဘယ်တော့ ခရီးထွက်ကြမှာတဲ့လဲ"

"ဒီကနေ့ည(၃)နာရီအချိန်လောက်မှာ စထွက်ကြမယ်လို့ ပြောတယ်၊ မိုးတစိမ့်စိမ့်နဲ့ အဲဒီအချိန်မျိုး ထွက်မှ အဖမ်းအဆီး အနှောင့် အယှက်တွေနဲ့ ကင်းမှာလို့ ပြောတယ်"

"သူတို့နဲ့ ဘယ်နေရာမှာ တွေ့ကြမှာလဲ၊ နင်ကရော သူတို့အဖွဲ့ နဲ့ လိုက်မှာလား"

နီမောင်က မေးလိုက်သည်။

"အားလုံး အတူတူ သွားကြမှာ မဟုတ်လား။ ငါကတော့ နင်တို့နဲ့ ပဲ အတူသွားမှာပေါ့၊ ဘာလဲ. . . နင်က ငါနဲ့ အတူတူ သွားမှာ ရှုပ်တယ် လို့ ထင်နေလို့လား"

"မဟုတ်ပါဘူး မြဝင်းသူရယ်၊ အတူသွားအတူလာတော့ ပိုကောင်းတာပေါ့"

ထိုသို့ပြောလိုက်တော့မှ မြဝင်းသူမှာ အတန်အသင့် တွေနှပ် သွားဟန်ရှိလေသည်။

"ည(၃)နာရီလောက်မှ ထွက်ကြမှာဆိုတော့ ရွာလယ်ဘက်က အိမ်တစ်အိမ်မှာ စုကြမယ်လို့ ကိုကျော်တင့် လာပြောသွားတယ်၊ သွားခါ နီးတော့ နင်တို့သုံးယောက်က ငါ့ကိုပါ ဝင်ခေါ်ကြဟာ"

"အေး. . . နင့်အိမ်ကပဲ စောင့်နေ"

ထို့နောက် မြဝင်းသူ ပြန်သွားလေတော့သည်။

မြဝင်းသူမှာ သတ္တိလည်းရှိ၊ အကြမ်းခံနိုင်သော အမျိုးသမီး တစ်ဦးဖြစ်သော်လည်း ယခုသွားမည့်ခရီးမျိုးကတော့ သူမအတွက် အန္တရာယ်များလှပေသည်။

သို့သော်လည်း ယခုအချိန်ရောက်မှတော့ ဘာမှမတတ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



တော့ပေ။

ညဘက်ရောက်သောအခါ မိုးက တဖွဲဖွဲ ရွာသွန်းနေသည်။ သွားဖို့အချိန်က လိုသေးသော်လည်း နီမောင်မှာ တစ်ခါမှ မသွားဖူးသေးသောခရီးမျိုး သွားရမည်မို့ စိတ်လှုပ်ရှားမှုဖြစ်နေပြီး အိပ်မပျော်နိုင်ပေ။

အဖေနှင့်အမေကတော့ ခရီးမထွက်မီ တရေးတမော အိပ်ရန်နှင့် လမ်းခရီးမှာ သတိဝီရိယနှင့် သွားဖို့ တဖွဖွနှင့် မှာကြားနေကြလေသည်။

ပုလိပ်ကင်းတဲ ရှိရာဘက် ည(၁၂)နာရီထိုးသော သံချောင်းခေါက်သံ ပေါ်လာပြီး မရှေးမနှောင်းမှာပင် အထုပ်အပိုးများ လွယ်ထားကြသည့် စောထီးနှင့်ငမဲအောင်တို့နှစ်ယောက် ရောက်လာကြသည်။

ထိုအချိန်ရောက်တော့ မိုးက မသည်းတော့ပေ။

အမှောင်ရိပ်များကတော့ ပတ်ဝန်းကျင်တဝိုက် ဖုံးလွှမ်းထားနေဆဲပင်ရှိသေးသည်။

"နီမောင်ရေ. . . သွားကြရအောင်၊ ငါတို့ မြဝင်းသူကို ဝင်ခေါ်ကြရဦးမှာ"

"အေး. . အေး. . လာပြီ"

နီမောင်က မိဘနှစ်ပါးကို ကန်တော့ပြီးနောက် အထုပ်များကို လွယ်ကာ အိမ်ပေါ်မှ ဆင်းလာသည်။

အောက်ရောက်၍ ကြည့်လိုက်တော့ စောထီးနှင့် ငမဲအောင်တို့နှစ်ယောက်အပြင် သူတို့နောက် မနီးမဝေးနေရာမှာ နောက်ထပ်လူတစ်ယောက် ရပ်နေသည်ကို ဝိုးတဝါး လှမ်းမြင်ရသည်။

ပထမတော့ မြဝင်းသူပါ တစ်ပါတည်း ပါလာလေသလားဟု ထင်လိုက်မိသည်။

အသေအချာ ကြည့်တော့မှ သူ မသိသော ယောကျ်ားတစ်ယောက်၏ပုံပန်းသဏ္ဌာန်ဖြစ်မှန်း သတိပြုမိလေသည်။





"မင်းတို့နောက်မှာ ဘယ်သူပါလာတာလဲ"

နီမောင် မေးတော့ ကျန်နှစ်ယောက်က အလန့်တကြားနှင့် နောက်သို့ လှည့်ကြည့်သည်။

"ဘယ်မှာလဲ. . . ဘယ်သူမှ မရှိပါလား"

ထိုအခါမှ ပြန်ကြည့်လိုက်တော့ မည်သူမှ မတွေ့ရတော့ပေ။ အိပ်ချင်မူးတူးနှင့် မိမိမျက်စိအကြည့်မှားရှေ့သလားဟုပင် ထင်မိသော်လည်း စောစောက မြင်လိုက်ရသော လူပုံသဏ္ဌာန်ကတော့ မျက်စိမှားစရာအကြောင်းမရှိပေ။

သို့သော်လည်း ထပ်မပြောတော့ပေ။

"ငါ မျက်စိမှားတာ ဖြစ်မှာပါ"

ဟု စကားလျှောချလိုက်သော်လည်း ကျန်နှစ်ယောက်ကတော့ သိပ်မယုံကြပေ။

ထို့နောက် အထုပ်အပိုးများ လွယ်တန်တာလွယ်၊ ကျောပိုးတန်တာ ကျောပိုး၊ လက်မှ ဆွဲတန်တာဆွဲနှင့် သတ်မှတ်ထားသောနေရာသို့ သွားကြလေသည်။

၎င်းတို့သည် မော်တော်ကားလမ်းမကြီးအတိုင်း တောင်ဘက်သို့ ထွက်ခဲ့ကြသည်။

အတန်ကြာအောင် လျှောက်မိသည်အထိတော့ လမ်းမပေါ်မှာ ဘယ်သူမှ မတွေ့ရပေ။

ထိုသို့သွားနေရင်းမှပင် ငမဲအောင်က နောက်သို့ မကြာခဏ လှည့်ကြည့်နေသဖြင့် စောထီးက မေးသည်။

"ငမဲအောင်. . . ဘာကြောင့် နောက်ကို မကြာခဏ လှည့်ကြည့်နေရတာလဲ"

"ငါတို့နောက်က ကပ်ပါလာတဲ့ ခြေသံလိုလို ကြားလို့ လှည့်ကြည့်နေတာ၊ မင်းမကြားမိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း. . . ငါတော့ မကြားမိပါဘူး၊ မင်းကလည်း ကိုယ့်ခြေသံ ကိုယ်ပြန်ကြားပြီး လန့်နေပြန်ပါပြီ"

"လန့်နေတာ မဟုတ်ဘူး၊ ငါ သေသေချာချာ ကြားလို့ ပြောတာ၊ မယုံရင် မင်းတို့နှစ်ယောက်ပါ သတိထားပြီး နားထောင်ကြည့်ကြ"

ဟု ပြောကာ ဆက်လျှောက်လာသည်။

မိုးရေများ စွတ်စိုနေသော မော်တော်ကားလမ်းမှာ ကြီးမားသောမြွေကောင်ကဲ့သို့ ငြိမ်သက်စွာ ရှိနေချေသည်။

လမ်းမပေါ်မှာ သူတို့ခြေသံများမှလွဲ၍ အခြားမည်သည့်အသံမှ မကြားရပေ။

သတိထား၍နားထောင်ကြည့်တော့မှ မိမိနောက်မှ ကပ်ပါလာသော အခြားခြေသံတစ်သံကိုပါ သတိပြုမိသောကြောင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။ ထိုသို့ကြားသဖြင့် လှည့်ကြည့်လိုက်သောအခါမှာလည်း မည်သူ့ကိုမှ မတွေ့ရပေ။

နီမောင်က တစ်စုံတစ်ရာကို တွေးမိသဖြင့် ခပ်ပေါ့ပေါ့သဘောမျိုးဖြင့် ပြောလိုက်လေသည်။

"ငါတို့သုံးယောက်က ခရီးထွက်ကာနီးမှာ ကျောက်ဘီလူးရုပ်ကို အမဲသား သွားပို့ပေးထားတော့ ငါတို့ကို စောင့်ရှောက်ပေးဖို့ လိုက်လာတာလည်း ဖြစ်မှာပေါ့ကွာ"

ထိုစကားကြားတော့ ကျန်နှစ်ယောက်မှာ စိတ်သက်သာရာရသွားဟန် ရှိလေသည်။

တဖြည်းဖြည်းနှင့် လျှောက်သွားကြရာ မော်တော်ကားလမ်းမနံဘေးရှိ ခြံကျယ်ကြီးတစ်ခု ရောက်သွားသောအခါ ချိုးကွေ့ဝင်သွားကြသည်။

ခြံအတွင်းမှာ အိမ်တစ်လုံး ရှိပြီး ရေနံဆီမီးခွက်တစ်လုံး ထွန်းထားသည်။





သူတို့ ဝင်လာတာ မြင်တော့ မြဝင်းသူက သူမ ယူဆောင်ရမည့် အထုပ်အပိုးများကို ပြင်ဆင်နေသည်။

ပိုးထိခံရပြီးကတည်းက အလုပ်ကောင်းစွာ မလုပ်နိုင်ဘဲ တရှောင်ရှောင်ဖြစ်နေသည့် ဦးသာဒွန်းက မြဝင်းသူကို စိတ်မချသဖြင့် တဖွဖွ မှာနေသည့်ကြားမှ နီမောင်တို့သုံးယောက်ကိုလည်း ကျေးဇူးတင်စကား ပြောသည်။

"ငါ့တူတို့ မင်းနှမကို စောင့်ရှောက်ပေးကြပါကွယ်၊ မလွှဲသာလို့သာ ထည့်လိုက်ရပေမယ့် ဒီလမ်းခရီးမျိုးက မိန်းကလေးတွေနဲ့ မသင့်လျော်လှပါဘူး၊ အခု မင်းတို့ပါ လိုက်ပေးမယ်ဆိုလို့သာ ထည့်ပေးလိုက်တာပါ"

"စိတ်ချပါ ဦးလေး၊ မှဲ့တစ်ပေါက် မစွန်းရအောင် ကျွန်တော်တို့သုံးယောက် စောင့်ရှောက်ပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ် ငါ့တူတို့ရယ်"

ထို့နောက် မြဝင်းသူကိုပါ ခေါ်ပြီး ခြံဝန်းအတွင်းမှ ပြန်ထွက်ခဲ့ကြလေသည်။

သူတို့လေးယောက်မှာ မိမိတို့ပစ္စည်းများကို လွယ်ပိုးလျက် တောင်ဘက်လမ်းအတိုင်း လျှောက်လာကြရာ သစ်ပင်များဖြင့် အုံ့အုံ့ဆိုင်းဆိုင်း ရှိနေသော ခြံကျယ်တစ်ခုသို့ ရောက်သောအခါ ချိုးကွေ့ဝင်ခဲ့ကြသည်။

ထိုခြံအတွင်းမှာ သရက်ပင်၊ ပိန္နဲပင်၊ ငှက်ပျောပင်၊ ကွမ်းသီးပင်များ ရှိနေရာ လူသွားလမ်းအတိုင်း ဝင်သွားကြသည်။

ခြံအလယ်နေရာလောက်တွင် အိမ်တစ်လုံး ရှိနေပြီး ထိုအိမ်အတွင်းမှ မီးရောင်ထွက်နေသည်။

"ဘယ်သူတွေလဲဟေ့"

သူတို့ခြေသံကြားသောကြောင့် အိမ်အတွင်းမှ လှမ်းမေးသော



www.burmeseclassic.com

www.burmeseclassic.com



သည်။

"မြဝင်းသူတို့ပါ"

မြဝင်းသူက ပြန်ပြောလိုက်သောအခါ အတွင်းမှ နောက်ထပ်ဘာမှဆက်မမေးတော့ပေ။

သူတို့ အိမ်ရှေ့ရောက်တော့ အတွင်းမှ လူတစ်ယောက် အပြင်ဘက်သို့ ထွက်လာသည်။

အိမ်ထဲမှာ ထွန်းထားသောမီးရောင်ကြောင့် ထိုလူမျက်နှာကို ကောင်းစွာမြင်ရသည်။

အခြားသူ မဟုတ်ပေ။

မှောင်ခိုသွားမည့်အဖွဲ့ကို ဦးဆောင်သွားမည့် ကျော်တင့်ဆိုသူဖြစ်သည်။

ကျော်တင့်မှာ အသက်(၃၅)နှစ်အရွယ်ခန့်ရှိပြီး အသားမည်းမည်း၊ အရပ်မြင့်မြင့်နှင့် မျက်နှာပြင်ပေါ်မှာ ကျောက်ပေါက်မာ အမာရွတ်များ ရှိလေသည်။

သူသည် နှုတ်ခမ်းမွေးရေးရေး ရှိပြီး အလိုရမ္မက်ကြီးသော မျက်လုံးလည်း ရှိလေသည်။

မြဝင်းသူကို မြင်သောအခါ များစွာဝမ်းသာသွားဟန် ရှိလေသည်။

"မြဝင်းသူတို့ လာပြီလား၊ အိမ်ပေါ် တက်ပြီး အထုပ်တွေချထားပြီး ခဏတော့ နားကြဦး၊ ဒါထက် သူတို့သုံးယောက်ကရော နင်နဲ့ အတူလိုက်မယ့်အဖော်တွေပဲလား"

ကျော်တင့်က နီမောင်တို့သုံးယောက်ကို အကဲခတ်သလို ကြည့်ရင်း မေးလိုက်လေသည်။

"ဟုတ်ပါတယ်"

"ငါက နင်တစ်ယောက်တည်း လိုက်မယ်မှတ်လို့ ခေါ်တာ





ဒီခရီးမျိုးက ခိုးကြောင်ခိုးဝှက်နဲ့ လျှို့ဝှက်ပြီး သွားရတာဆိုတော့ လူများလို့ သိပ်မကောင်းဘူး"

သူ့အမူအယာက မြဝင်းသူနှင့်အတူ နီမောင်တို့ ပါလာသည်ကိုပင် စိတ်အနှောင့်အယှက်ဖြစ်နေဟန်ရှိသည်။

"အို. . . ကျွန်မတစ်ယောက်တည်းတော့ ဘယ်လိုက်ဝံ့ပါ့မလဲ"

"နင်ကလည်းဟာ. . . ငါတစ်ယောက်လုံး ပါနေမှပဲ၊ ဘာများစိုးရိမ်စရာ ရှိသေးလို့လဲ"

မြဝင်းသူက ဘာမှပြန်မပြောပေ။

"သူတို့ကို မခေါ်ဘဲ နင်တစ်ယောက်တည်း လိုက်ခဲ့ပါလား"

"မလိုက်ဝံ့ပါဘူး. . . အဖေက သူတို့နဲ့ အပ်ထည့်လိုက်တာဆိုတော့ သူတို့ မပါရင်တော့ ကျွန်မလည်း မလိုက်တော့ပါဘူး"

ဟု ယတိပြတ် ပြောတော့မှ ကျော်တင့်၏လေသံက ပြောင်းသွားလေတော့သည်။

"ဒီလိုတော့ မလုပ်ပါနဲ့၊ သူတို့ ပါမှ ဖြစ်မယ်ဆိုရင်တော့ လေးယောက်စလုံးကိုပဲ ခေါ်သွားပါ့မယ်၊ ကဲ. . . အိမ်ပေါ်မှာ အထုပ်တွေချပြီး နားကြဦး၊ ငါ ခရီးထွက်ဖို့ အစီအစဉ်တွေ သွားလုပ်လိုက်ဦးမယ်"

ဟု ပြောကာ ကျော်တင့်က အိမ်ထဲ ပြန်ဝင်သွားလေသည်။

နီမောင်တို့လည်း တဲပေါ် တက်သွားပြီး အထုပ်များကို ချကာမှ သူတို့အရင် ရောက်နေသူအချို့ကို တွေ့ရလေသည်။

၎င်းတို့မှာလည်း နယ်ခြားဘက်သို့ သွားမည့်လူများဖြစ်ဟန်ရှိပြီး အထုပ်များကို အနီးမှာ ချထားကြသည်။

အခန်းအလယ်မှာ ရေနံဆီမီးအိမ်တစ်လုံး ထွန်းထားသောကြောင့် တစ်ယောက်နှင့်တစ်ယောက် ကောင်းစွာမြင်ကြရသည်။

ယောကျ်ားမိန်းမ (၁၀)ယောက်ခန့်ရှိပြီး ထိုအထဲတွင် အသက်(၁၈)နှစ် (၁၉)နှစ်အရွယ် မိန်းကလေးများပင် တစ်ယောက်နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ပါလေသည်။

မြဝင်းသူမှာ သူမနှင့် ရွယ်တူမိန်းကလေးအချို့ကို မြင်တော့မှ အတန်အသင့် စိတ်သက်သာရာ ရသွားဟန်ရှိလေသည်။

နယ်ခြားဘက်သို့ သွားမည့်သူများထဲမှာ မြန်မာလူမျိုး သိပ်မပါဘဲ ထားဝယ်သားများနှင့် မွန်၊ ကရင်တိုင်းရင်းသားလူမျိုးတို့သာ များလေသည်။

ခေတ်ကာလ မကောင်းသေးသောအချိန် ဖြစ်သောကြောင့် ယိုးဒယားနယ်စပ်နှင့် နီးသောနေရာများတွင် ရောင်စုံလက်နက်ကိုင်များက တစ်ဗိုလ်တစ်မင်း သောင်းကျန်းနေသောအချိန်ကာလလည်း ဖြစ်သည်။

မြန်မာပြည်မှ ထွက်ပြေးတိမ်းရှောင်နေကြသည့် ပြည်ပြေးအဖွဲ့များလည်း ရှိသောကြောင့် အစိုးရစစ်တပ်များလည်း ရှိသည်။

အစိုးရစစ်သားများက သောင်းကျန်းသူများကို နှိမ်နင်းရင်းနှင့် မှောင်ခိုသမားတွေပါ ပစ္စည်းသိမ်းယူ၍ လူကို ဖမ်းဆီးလေသည်။

အစိုးရစစ်တပ်နှင့် မတွေ့ဘဲ သောင်းကျန်းသူများနှင့် တွေ့ခဲ့လျှင်တော့ ပစ္စည်းသိမ်းယူရုံတင်မကဘဲ လူကိုပါ သတ်ဖြတ်ကြပေသည်။

သို့ကြောင့် ထိုခရီးလမ်းမျိုးကို ကျွမ်းကျင်သူ မပါဘဲ အရဲစွန့်ပြီး မသွားလာဝံ့ကြပေ။

ကျော်တင့်တို့လို ခရီးလမ်း အတွေ့အကြုံရှိသူများနှင့်သာ သွားလာဝံ့ကြသည်။

လိုက်မည့်သူများ စုံသလောက် ရှိသောအခါတွင် ကျော်တင့်က တစ်ခေါက်ပြန်ရောက်လာသည်။

ဂုဏ်မှာ အရက်သောက်ထားဟန်ရှိလေသည်။

"ကဲ. . . ခရီးထွက်ကြမယ့်လူတွေ အစုံအလင် ရောက်ကြပြီ





ဆိုတော့ ပြောစရာရှိတာတွေ ကြိုပြောထားရမယ်၊ အားလုံးနားထောင်ကြပါ၊

ဒီတစ်ခေါက် သွားမယ့်ခရီးကို ကျုပ်ကပဲ ဦးဆောင်ပြီး သွားမှာဖြစ်တယ်၊ ဒါကြောင့် လိုက်ကြမယ့်သူတွေ ကျုပ်အစီအစဉ်တွေအတိုင်းပဲ လုပ်ကြရမယ်၊ ကျုပ်စကား နားမထောင်ဘဲ ကိုယ်ထင်ရာ ကိုယ်လုပ်လို့ အန္တရာယ်နဲ့ တွေ့ရင် သွားတဲ့လူတွေအားလုံး ဒုက္ခရောက်ကြရလိမ့်မယ်"

ကျော်တင့်က စကားရပ်လိုက်သောအခါ အခန်းတွင်းမှာ တိတ်သွားလေသည်။

"ကျုပ်က ဦးဆောင်သွားရတဲ့အတွက် လမ်းမှာ တွေ့တဲ့ အတားအဆီးတွေကို ပြေလည်အောင် လုပ်ဖို့တော့ ကျုပ်ကပဲ တာဝန်ယူပေးပါ့မယ်၊

ဒါပေမယ့် ကုန်ကျတဲ့ စရိတ်စကတွေကိုတော့ အခု သွားတဲ့လူတွေက မျှခံကြရမယ်၊ ဒီကိစ္စကိုရော သဘောတူကြရဲ့လား"

ထိုသို့မေးသောအခါ အခန်းထဲမှာ တိတ်ဆိတ်ငြိမ်သက်သွားလေသည်။ ကျော်တင့်က အခြေအနေကို အကဲခတ်ပြီး ဆက်ပြောသည်။

"အခုကတည်းက ပွင့်ပွင့်လင်းလင်း ပြောကြနော်၊ သဘောမတူရင် အခုကတည်းက ဒီအဖွဲ့နဲ့ မလိုက်ဘဲ ကိုယ့်အစီအစဉ်နဲ့ သွားလို့ရတယ်"

ဟု ပြောတော့မှ တစ်ယောက်စ နှစ်ယောက်စက သဘောတူလက်ခံကြောင်း ပြောသည်။

"ကဲ. . . ဒီလိုဖြင့် မနက်(၃)နာရီမှာ ခရီးစထွက်မယ်၊ အခုတော့ အားရှိအောင် တစ်ရေးတစ်မော အိပ်လိုက်ကြဦး"

ဟု ပြောဆိုကာ ကျော်တင့်က အခန်းတွင်း ပြန်ဝင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ တီးတိုးစကားသံများ ပေါ်လာသည်။

ထိုခရီးလမ်းအတွက် ပစ္စည်းမရောင်းရသေးခင်ကပင် ထို အမြတ်အစွန်းကို ခေါင်းပုံဖြတ်မည့်သူက အဆင်သင့် ရှိနေကြောင်း သူတို့ မသိကြပေ။







# အခန်း(၈)

## မရှူရာလမ်းမှ ပန်းတစ်ပွင့်

အချိန်က နံနက်ပိုင်း (၄)နာရီခန့် ရှိနေချေပြီ၊ အရုဏ်တက်ချိန် ရောက်နေပြီဖြစ်သော်လည်း မိုးတဖွဲဖွဲ ရွာသွန်းနေသောကြောင့် အလင်း ရောင်က မပေါ်လာချေသေး၊ အဝေးမှ လင်းကြက်တွန်သံများကို ကြား နေရသည်။

ထိုအချိန်မှာပင် နီမောင်တို့တတွေမှာ အိပ်ယာမှ ထကြ မိမိတို့ အထုပ်အပိုးများကို ပြင်ဆင်ကာ နေအိမ်မှ စတင်ထွက်ခွာကြ လေသည်။

သူတို့အနေနှင့် တစ်ကြိမ်တစ်ခါမှ မသွားဖူးသေးသောခရီးကို



www.burmeseclassic.com

www.burmeseclassic.com



သွားရတော့မည်ဖြစ်သောကြောင့် စိတ်လှုပ်ရှားလျက် ရှိနေကြသည်။

ထိုအချိန်မျိုးမှာ မိုးကလေး တစိမ့်စိမ့်နှင့် တစ်ရွာလုံး အိပ်မော ကျနေကြသောကြောင့် တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေသည်။

ထိုအချိန်မျိုးတွင် အိပ်မပျော်နိုင်ကြသူအချို့ ရှိမည်ဆိုပါက အခြားမဟုတ်ဘဲ ခရီးထွက်မည့်သူများနှင့် သက်ဆိုင်ကြသည့် မိဘ ဆွေမျိုးများသာ ဖြစ်ပေမည်။

ထိုရာသီ ထိုအချိန်မျိုးတွင် လမ်းမပေါ်မှာ ခြေသံတဖျပ်ဖျပ်နှင့် သွားသူများမှာ မှောင်ခိုကုန်ကူးမည့်အဖွဲ့များသာ ဖြစ်ပေသည်။

အဘယ့်ကြောင့် ထိုအချိန်မျိုးမှာ ခရီးထွက်ရသနည်းဆိုပါမူ ထိုကိစ္စများမှာ တရားဝင် ခွင့်ပြုထားသည့်အလုပ် မဟုတ်သောကြောင့် သိသာသိစေ မမြင်စေနှင့် ဟူသောစကားအတိုင်း အခြားသူများ အိပ် မောကျနေသောအချိန်မျိုးကို ရွေး၍ ခရီးထွက်ကြရခြင်းဖြစ်ပေသည်။

ကားလမ်းမပေါ် ရောက်သည်နှင့် ရွာတံခါးပေါက် ရှိရာ ဝတ် ကြီးဘုရားရှိရာသို့ ခြေလှမ်းသွက်သွက်ဖြင့် သွားကြရလေသည်။

တစ်လမ်းလုံး တစ်ဦးနှင့်တစ်ဦး စကားမပြောနိုင်ကြဘဲ ခြေသံ များသာ ပေါ်ထွက်နေသည်။

သူတို့အားလုံး၏ရင်ထဲမှာ စိုးရိမ်စိတ်ကိုယ်စီဖြင့် ရင်ဖိုနေကြ သည်ကတော့ အမှန်ပင်ဖြစ်၏။

သူတို့ တည်းခိုသောနေရာမှ ဝတ်ကြီးဘုရား ရှိရာသို့ (၁၀) မိနစ်၊ (၁၅)မိနစ်ခန့် သွားရုံနှင့်ရောက်သွားလေသည်။

ဝတ်ကြီးဘုရားအနီးမှာ ကားလမ်းမကြီးကို ကန့်လန့်ဖြတ် ကာ ထားသော ရွာတံခါး ရှိလေသည်။

ယခုအချိန်တွင် ရွာတံခါး မဖွင့်သေးပေ။

ရွာတံခါးမကြီးအနီးမှာ အလှူခံတဲရှိပြီး ထိုတဲပေါ်မှာတော့ ကင်းသမားအချို့ ရှိနေသည်။





အချို့မှာ အိပ်ပျော်နေပြီး အချို့မှာ နိုးနေကြသည်။ ကင်းသမား များက သူတို့ ထွက်လာတာ မြင်သော်လည်း တားဆီးခြင်း မပြုကြပေ။

အဘယ့်ကြောင့်ဆိုသော်. . .

သူတို့လည်း အခါအခွင့်သင့်ပါက မှောင်ခိုလုပ်ငန်း၊ ဒါမှမဟုတ် အထမ်းသမားအလုပ်ကို လုပ်ကြရသောကြောင့်ဖြစ်ပေသည်။

ဂိတ်ဝနား ရောက်တော့ နိုးနေသော ကင်းသမားတစ်ယောက် ကို ဆေးလိပ်ပေးပြီး သတင်းစုံစမ်းကြည့်သည်။

"အခြေအနေ ဘယ်လိုလဲ"

"အခြေအနေ ကောင်းပါတယ်၊ မင်းတို့ရှေ့ကတောင် တစ်ဖွဲ့ ထွက်သွားကြပြီ"

"ဘယ်လောက်ကြာပြီလဲ"

"(၁၀)မိနစ် (၁၅)မိနစ်လောက်ရှိပြီ"

ထိုသို့သတင်းပေးသော်လည်း ပိတ်ထားသော ရွာတံခါးကို တော့ ဖွင့်မပေးချေ။

ဒါကတော့ ၎င်းတို့ တာဝန်ကျရာ ရွာတံခါးပေါက်မှ မှောင်ခို သမားများကို ထွက်ခွင့်မပေးခြင်းဖြစ်၏။

သို့သော်လည်း အခြားလမ်းမှ ထွက်သွားသောအခါမှာတော့ တားမြစ်ခြင်း မပြုကြပေ။

မသိကျိုးကျွန်ပြုနေသည် ဆိုသောစကားမှာ ထိုနေရာ ထို အခြေအနေမျိုးနှင့် များစွာဆီလျော်လှပေသည်။

သို့ကြောင့် ကျော်တင့် ဦးဆောင်သော မှောင်ခိုသမားအဖွဲ့မှာ ရွာတံခါးမှ မထွက်ဘဲ ဝတ်ကြီးဘုရားဝင်းအတွင်းသို့ ချိုးဝင်ကာ ဘုရား အုတ်တံတိုင်းအပေါ်မှ ရွာအပြင်သို့ ထွက်ကြရပေသည်။

"မိုးလင်းကာနီးပြီဟေ့. . . အလင်းရောင် မလာခင် ရွာနဲ့ဝေး နိုင်သမျှဝေးအောင် ခြေလှမ်းခပ်သွက်သွက်သွားကြ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ရှေ့မှ သွားနေသောကျော်တင့်က အားလုံးကြားသာအောင် အသံခပ်အုပ်အုပ်ဖြင့် နောက်သို့ လှည့်ပြောသည်။

မှောင်ခိုအဖွဲ့၏ ပထမ စခန်းထောက်နေရာမှာ ဖင်းဘားရွာဖြစ်သည်။

ဖင်းဘားရွာသို့ရောက်အောင် ကားလမ်းမကြီးအတိုင်း သွားရမည်ဖြစ်သော်လည်း ထိုလမ်းမှ မသွားဘဲ တောလမ်းမှ သွားကြရမည်ဖြစ်သည်။

သို့သော်လည်း ထိုတောလမ်းခရီးမှာ သချောင်းကုန်းတစ်ခုကို ကျော်ဖြတ်သွားရမည်ဖြစ်သည်။

ထိုသချိုင်းမှာ ကလိန်အောင်သချိုင်းဖြစ်လေသည်။

ကားလမ်းမှ မဟုတ်ဘဲ တောလမ်းမှ သွားရသောကြောင့် နွံ့ဗွက်များ နင်း၍သွားရသည်။

ချောင်းထဲမှာ ဖြတ်သွားစဉ် ခြေထောက်များကို ကျွတ်တွယ်ခြင်းခံရသည်။

ကျွတ်မှာ အကောင်သေးသောကြောင့် တွယ်စက မသိဘဲ သွေးဝပြီး ကွာကျသွားမှ သိရသည်။

ထိုနေရာမှ သွေးများ ထွက်နေသော်လည်း ရွှံ့စေးကြောင့် မကြာခင် ပျောက်သွားလေသည်။

မြေစေး၊ ရွှံ့စေးများမှာ မိုးရေစွတ်စိုမှုကြောင့် ချောနေရာ အထုပ်အပိုးများ ထမ်းထားသူတို့မှာ ဟန်ချက်ပျက်ပြီး တဘိုင်းဘိုင်းနှင့် လဲကြလေသည်။

မြဝင်းသူပင် တစ်ကြိမ်လဲကျသောကြောင့် နီမောင်က ထူပေးရသည်။

ထိုအခြေအနေကို ကျော်တင့်က ကွက်ကြည့်ကွက်ကြည့် လုပ်နေသည်။





ကျော်တင့်မှာ မြဝင်းသူ၏အချစ်ကို ရရန် ကြိုးစားနေသူ ဖြစ်ပေသည်။

မိုးမလင်းသေးပေ။

မိုးက တဖွဲဖွဲ ရွာနေသောကြောင့် မှုန်မှုန်မှိုင်းမှိုင်း ရှိနေသေးသည်။ ရွာအပြင်ဘက် လှည်းလမ်းကြောင်းမှ သွားရသောကြောင့် လမ်းက ဆိုးလှသည်။

သို့ပြင် သစ်ချုံများ ပေါက်နေသောကြောင့် ချုံများ ရှိသောနေရာမှ တိုးသွားတန် သွားကြရသည်။

ထမ်းလာသောအထုပ်များ၏အလေးချိန်က ပို၍လေးလာချေပြီ။

အထုပ်ထမ်းထားသူတိုင်း မိုးအေးအေးနှင့်ပင် ချွေးသီးချွေးပေါက်များ ထွက်နေကြသည်။

ခြေချော်မလဲအောင် ခြေကုတ်ယူရသည်က တစ်ကြောင်း၊ အထုပ်ကို ဂရုစိုက်၍ ထမ်းထားရသည်ကတစ်ကြောင်းကြောင့် ပို၍ ပင်ပန်းလှပေသည်။

သူတို့ထက် မိန်းမသားဖြစ်သော မြဝင်းသူမှာ ပိုမိုပင်ပန်းနေဟန်ဖြင့် တစ်ကိုယ်လုံး ချွေးရွှဲနေချေပြီ။ သို့စေကာမူ မြဝင်းသူမှာ စိတ်ဓါတ်မာကျောလှသည့် မိန်းကလေးဖြစ်သဖြင့် ယောကျ်ားများနှင့် ခြေရည်တူ မီအောင် လိုက်လေသည်။

"မြဝင်းသူ. . . နင့်အထုပ်တွေ သိပ်လေးနေရင် ငါတို့ကို မျှပေးပါလား"

"ရပါတယ် နီမောင်ရယ်၊ နင်တို့မှာလည်း အထုပ်တွေ ပါလာကြတာပဲ"

"ဒါပေမယ့် နည်းနည်းတော့ ကူပေးလို့ရပါတယ်"

ထိုသို့ပြောနေစဉ် မြဝင်းသူအခြေအနေကို အစော်ခတ်ရှင်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်လာသော ကျော်တင့်က အနားရောက်လာသည်။

သူကတော့ ခေါင်းဆောင်ဖြစ်သောကြောင့် ထမ်းစရာအထုပ် မပါပေ။

သူ့အထုပ်များကို တခြားသူများက မျှဝေထမ်းလာကြခြင်းဖြစ်လေသည်။

"မြဝင်းသူ သိပ်မောနေပြီလား၊ နင့်အထုပ်တွေ ငါ့ကို ပေးလေ၊ ငါကူထမ်းပေးမယ်"

"ရပါတယ်. . . ကျွန်မဘာသာ ထမ်းနိုင်ပါတယ်"

"ခရီးက အခုမှ အစပဲ ရှိသေးတယ်၊ ရှေ့မှာ ဒီထက် အများကြီး ဆိုးတဲ့ခရီးတွေ ဖြတ်ရဦးမှာ၊ ပေးပါ. . . လေးတဲ့အထုပ်ကို ငါထမ်းပေးပါ့မယ်"

ဟု ပြောပြောဆိုဆိုနှင့် မြဝင်းသူထံမှ အထုပ်တစ်ထုပ်ကို ဆွဲယူပြီး ထမ်းသွားကြလေရာ နီမောင်လည်း နောက်ထပ်ဘာမှ မပြောသာတော့ပေ။

သူတို့နှစ်ယောက် အနည်းငယ် ဝေးသွားတော့မှ ငမဲအောင်က အပြစ်တင်သောလေသံဖြင့် ခပ်တိုးတိုး ပြောသည်။

"သူတို့နှစ်ယောက်က ဘာလိုလို သတင်းထွက်နေတာ၊ မင်းက သိပ်ပြီးစေတနာကောင်းမနေနဲ့၊ တော်ကြာ ကျော်တင့်ဆိုတဲ့လူက တစ်မျိုးထင်ပြီး လမ်းမှာ ဒုက္ခပေးနေဦးမယ်"

"ငါက ရိုးရိုးသားသား စေတနာနဲ့ ပြောမိတာပါကွာ"

သူတို့တတွေသည် အမှောင်ရိပ်များ ဖုံးလွှမ်းနေသော လှည်းလမ်းကြောင်းတိုင်း သတိဖြင့် သွားကြရသည်။ လှည်းလမ်းကြောင်းမှာ လမ်းဘေးတစ်ဖက်တစ်ချက် ချုံနွယ်များ ရှိသောကြောင့် ရှေ့နောက်တန်းစီပြီး သွားကြရသည်။

ရှေ့ဆုံးမှ သွားနေသူထံမှ နှစ်တောင့်ထိုး လက်နှိပ်ဓါတ်မီး





တစ်လက် ပါသော်လည်း သိပ်မသုံးဝံ့ပေ၊ အရေးကြီးသောနေရာရောက်မှသာ ခပ်အုပ်အုပ် ထိုးကြည့်ရုံမှတပါး မသုံးဝံ့ပေ။

လက်နှိပ်မီးရောင်ကြောင့် စစ်တပ်မှ လူများ တွေ့သွားလျှင် အဖမ်းခံရမည်ဖြစ်သည်။

ခရီးက အတော်ကလေး ရောက်လာသည့်အခါ သံပုံးလွယ်ထားသော ပခုံးတဝိုက်မှာ နာကျင်လှပေပြီ။

သို့သော် တစ်ဖွဲ့လုံး မနားမချင်း မည်သူမှ မနားဝံ့ဘဲ ဇွဲတင်း၍ လိုက်ကြရသည်။

ရွာများနှင့် အတော်ဝေးလာပြီး တောင်ကုန်းတစ်ခုသို့ ရောက်တော့မှ ပစ္စည်းများ ချပြီး ခဏတဖြုတ် နားခွင့်ရကြသည်။

ထိုအခါ နာကျင်နေသောနေရာများကို နှိပ်နယ်သူက နှိပ်နယ်၊ ခြေထောက်မှာ တွယ်ကပ်ပါလာသော ကျွတ်များကို ဖြုတ်သူက ဖြုတ်ကြရလေသည်။

ထိုခရီးလမ်းကို အကြိမ်ကြိမ် သွားဖူးသူများပင် ချွေးတလုံးလုံးနှင့် အတော်ကလေး မောပန်းနေကြပေရာ နီမောင်တို့လို အတွေ့အကြုံမရှိသူများအဖို့တော့ ပြောဖွယ်ရာ မရှိတော့ပေ။

နီမောင်မှာ ထိုဒုက္ခများနှင့် လက်တွေ့ကြုံရသောအခါမှ ဖခင်ပြောလိုက်သောစကားများကို ပြန်သတိရမိလေတော့သည်။

ဘယ်သို့ပင်ရှိစေ. . .

ယခုအခြေအနေ ရောက်မှတော့ ဘယ်နည်းနှင့်မှ နောက်ပြန်ဆုတ်၍မရပေ။

ထိုသို့နားကြသောအချိန်မှာ ကိုယ့်အဖွဲ့နှင့်ကိုယ်၊ ကိုယ့်လူနှင့်ကိုယ် နားကြသော်လည်း မြဝင်းသူကိုတော့ ကျော်တင့်က နေရာတစ်နေရာမှာ ထားသဖြင့် သူတို့ရှိရာသို့ မလာပေ။

ကျော်တင့်က သူမပစ္စည်းများကို ယူထားသောကြောင့် ဝစ္စည်း



www.burmeseclassic.com

www.burmeseclassic.com



ရှိသောနေရာမှာ နေရသည်လည်းဖြစ်ပေမည်။

ထိုနေရာမှာ နာရီဝက်ခန့် နားပြီး ခရီးဆက်ကြရပြန်သည်။ ထိုနေရာမှ ကျော်သောအခါ မြေလမ်းမဟုတ်တော့ဘဲ ကျောက်တုံး ကျောက်ခဲများအပေါ်မှ ကျော်ဖြတ်သွားကြရပြန်သည်။

လမ်းက မြေသားလမ်းလို မချောတော့သော်လည်း ကျောက်သားလမ်းမို့ ကြမ်းလှသောကြောင့် သတိထားကာ လျှောက်ကြရသည်။

ကျောက်စွန်းကျောက်ချွန်များဖြင့် ထိခိုက်မိ၍ ခြေထောက်ကွဲသွားလျှင် ခရီးဆက်နိုင်မည် မဟုတ်ပေ။

ထိုကျောက်စွန်းများ ရှိသောလမ်း ရောက်သောအခါ အသင့်ယူဆောင်လာသော ဖိနပ်ဟောင်းများ စီး၍ လျှောက်ကြရသည်။

အချို့က ရာဘာဖိနပ်၊ အချို့က တောစီးဖိနပ်ဟောင်းများကို စီးကြလေသည်။

တောင်ကုန်းများက တဖြည်းဖြည်းနှင့် အပေါ်သို့ တက်လာသောအခါ သယ်ယူလာသောအထုပ်များက ပို၍လေးလာတော့သည်။

အချိန်နှစ်ဆယ်ကျော်ကျော် လေးသောအထုပ်များမှာ တဖြည်းဖြည်းနှင့် ထိုထက်မက ပိုလေးလာသည်ဟု စိတ်ထဲမှာ ထင်လာမိကြသည်။

ထိုအချိန်မှာ မိုးက အနည်းငယ် စဲစပြုလာချေသည်။

အရှေ့ဘက်မှ တက်လာသော အရုဏ်ဦးအလင်းရောင်များကြောင့် ပတ်ဝန်းကျင်ကို အတန်အသင့် မြင်လာရပေပြီ။ ၎င်းတို့ ရောက်နေသောနေရာမှာ ဝါးပင်ရှည်ကြီးများ ထူထပ်စွာ ပေါက်နေသည့် တောင်ကြောတစ်ခုပေါ်၌ ဖြစ်ပေသည်။

ထိုတောင်ပေါ်မှ တောင်ပတ်လမ်းအတိုင်း လျှောက်ကြစဉ် အောက်ဖက်မှ တဝေါဝေါနှင့် စီးဆင်းနေသောချောင်းကိုလည်း မြင်ကြရသည်။





"ရှေ့မှာ ဇင်းဘားရောက်တော့မယ်၊ ဇင်းဘားရောက်ရင် နားကြမှာမို့ မြန်မြန်သွက်သွက် လျှောက်ကြဟေ့"

ရှေ့မှ တစ်ယောက်က အော်ပြောသံကို အားလုံးကြားကြရသည်။

'နားကြမယ်' ဆိုသောစကားကြောင့် တကယ်မနားရသေးသော်လည်း စိတ်ထဲမှာ အားရှိသလို ခံစားရသဖြင့် ခြေလှမ်းများ အနည်းငယ် ပိုသွက်လာသလို ရှိလေသည်။

တောင်ကြောထိပ်ပေါ် ရောက်ပြီးသောအခါ အောက်ဖက်သို့ ပြန်ဆင်းသွားရပြန်သည်။

တောင်ခြေသို့ ရောက်သောအခါ တောင်ကြောပေါ်မှာ ရှိစဉ်က လှမ်းမြင်နေရသောချောင်းက သူတို့ရှေ့မှာ ကာဆီးလျက်ရှိနေချေသည်။

ရောက်ဖူးသူများ ပြောပုံအရတော့ ထိုချောင်းရေမှာ နွေရာသီ၌ အနည်းငယ်သာ ရှိသော်လည်း ယခု မိုးကျပြီဖြစ်သောကြောင့် ခါးစောင်းခန့်အထိ ရေပြည့်နေချေပြီ။

ရေစီးကလည်း မြန်နေသောကြောင့် တစ်ယောက်လက် တစ်ယောက်ဆွဲကာ သတိဖြင့် ကူးရလေသည်။

မြဝင်းသူကိုတော့ ကျော်တင့်ကပင် ဖေးမကြင်နာစွာနှင့် လက်ကို တွဲ၍ကူးလေသည်။

"မြဝင်းသူ သတိနဲ့ ကူးနော်၊ လဲကျလိုက်ရင် တစ်ကိုယ်လုံး စိုရွှဲသွားမယ်"

ကျော်တင့်က စောစောက မြဝင်းသူထံမှ အထုပ်တို ကူထမ်းပေးသော်လည်း ချောင်းကူးကာနီးတွင် အခြားတစ်ယောက် ယူထမ်းပြီး အလွတ်ကူးလေသည်။

ချောင်းအလယ်လောက် ရောက်သောအခါ မြဝင်းသူမှာ ခြေ



www.burmeseclassic.com

www.burmeseclassic.com



ချော်လဲ၍ 'ဝုန်း'ကနဲ လဲကျသွားတော့သည်။

"အမယ်လေး"

"ဟင်. . . မြဝင်းသူ"

ထိုနေရာမှာတော့ ထိုလမ်းခရီးအတွက် အတွေ့အကြုံ ရှိသော ကျော်တင့်က လျင်မြန်လေသည်။

ရေစီးကြောင်းထဲသို့ လဲကျသွားသော မြဝင်းသူကိုယ်ပေါ်သို့ ခုန်အုပ်လိုက်ပြီး ရေထဲမှာ အတန်ကြာအောင် လုံးထွေးနေပြီးမှ မြဝင်းသူလက်ကို ဆွဲတင်လာလေသည်။

"တော်ပါသေးရဲ့. . . ရေစီးထဲ ပါသွားရင် မလွယ်ဘူး"

ဟု အားလုံးကြားအောင် ပြောလိုက်သေးသည်။

မြဝင်းသူမှာတော့ ရှက်စိတ်ဖြင့် မျက်စိမျက်နှာပျက်နေချေသည်။

အားလုံး ချောင်းတစ်ဖက်ကမ်း ရောက်ပြီး ခရီးဆက်သောအခါ လယ်ကွင်းများ ရှိရာသို့ ရောက်သွားကြသည်။

ထိုလယ်ကွင်းများမှ ဖြတ်သွားစဉ် တစ်ရွာလုံး ခြံစည်းရိုးများ ကာရံထားသော ဇင်းဘားရွာကို လှမ်းမြင်ရသည်။ ထိုသို့ ကာရံရခြင်း အကြောင်းမှာ. . .

နယ်ခြားဘက် သွား၍ မှောင်ခိုကုန်ကူးသူများ ဇင်းဘားရွာတွင်းမှ ဖြတ်၍မသွားစေရန် ရွာလူကြီးအမိန့်ဖြင့် ပြုလုပ်ထားခြင်းဖြစ်ပေသည်။

သို့ကြောင့် ရွာစည်းရိုးအနီးမှ ပတ်သွားကြရသည်။ ရွာတွင်း အဝင်မခံသော်လည်း ရွာအပြင်မှ ဖြတ်သွားသည်ကို လှမ်းမြင်သော်လည်း ဖမ်းဆီးနှောင့်ယှက်ခြင်းတော့ မပြုကြပေ။

ရွာအစွန်ဘက် ရောက်သောအခါ တဲတစ်လုံး တွေ့ရသည်။ တဲပေါ်မှာတော့ ကောက်ညှင်းထုပ်များ အဖြည့်ထည့်ထားသော လင်





ပန်းကြီးများ ရှေ့ချထားသည့် စျေးသည်ကို တွေ့ရသဖြင့် ထိုနေရာမှာ ခဏဝင်နားကြသည်။

ထိုစျေးသည်များမှာ ရွာအပြင်ဘက်မှ ဖြတ်သွားဖြတ်လာ လုပ်ကြသော မှောင်ခိုသမားများကို စောင့်၍ ရောင်းသောစျေးသည်များဖြစ်သည်။

ကလိန်အောင်ဘက်မှ လာသော မှောင်ခိုသမားများမှာ ထိုလမ်းမှလွဲ၍ အခြားလမ်း မရှိသဖြင့် ထိုနေရာမှပင် တဲထိုး၍ စောင့်ရောင်းကြခြင်းဖြစ်သည်။

သို့စေကာမူ ထိုနေရာမှာ ရောင်းသော စျေးသည်များက အခြားနေရာမှာ ရောင်းသောစျေးသည်များထက် စျေးပိုကြီးပေသည်။ အဘယ့်ကြောင့်ဆိုလျှင်. . .

မှောင်ခိုအထမ်းသမားများကို ရောင်းရသည့်အခါ လက်ငင်း ရသည် သိပ်မရှိဘဲ အကြွေးစနစ်ဖြင့် ပေးရသည့်အခါ ပေးရသောကြောင့် အကြောင်းမသင့်သောအခါ အမြတ်မရသည့်အပြင် အရင်းပါ ဆုံးသောအဖြစ်မျိုးနှင့် ကြုံရတတ်ပေသည်။

ယူသွားသူများက မပေးချင်ကြ၍ တမင်ရှောင်သွားခြင်း မဟုတ်ဘဲ အဖမ်းအဆီးခံရ၍သော်လည်းကောင်း၊ အသတ်အဖြတ် ခံရ၍သော်လည်းကောင်း ပြန်မရောက်လာနိုင်သောကြောင့် ဖြစ်ပေသည်။

အကြွေးပေးသည်ဆိုရာမှာလည်း လူတိုင်းကို ပေးသည်မဟုတ်ဘဲ ထိုလမ်းကို အမြဲတစေ ဖြတ်သွားဖြတ်လာ ပြုလုပ်လေ့ရှိသော မျက်နှာသိတစ်ယောက် ပါမှ ၎င်းတာဝန်ယူရောင်းပေးခြင်းဖြစ်၏။

ယခုလည်း ထိုလမ်းခရီးမှာ အမြဲတစေ သွားလာနေသော ကျော်တင့် ပါလာသောကြောင့် ကျော်တင့်က တာဝန်ခံပေးသောလူ အချို့ကို မုန့်ပဲသွားရည်စာများ၊ ကောက်ညှင်းထုပ်များကို အငြွေး



www.burmeseclassic.com

www.burmeseclassic.com



ရောင်းပေးရာ လမ်းတလျှောက်လုံး မောပန်းလာသူတို့မှာ နောင်ခါလာ နောင်ခါဈေးဆိုသလို အကြွေးရသောမုန့်များ၊ ကောက်ညှင်းထုပ်များကို တဝတပြဲ စားနေကြသည်။

နီမောင်တို့သုံးယောက်ကတော့ ထိုလမ်းခရီးအတွက် အတွေ့အကြုံလည်း မရှိ၊ အကြောင်းလည်း မသိသေးသောကြောင့် ဝယ်စားစရာ ပိုက်ဆံတစ်ပြားမှ မပါလာကြပေ။

ကျော်တင့်ကလည်း သူတို့နှင့် သိကျွမ်းခင်မင်မှု မရှိသောကြောင့် တာဝန်ယူပေးခြင်း မရှိရာ အကြွေးဝယ်၍လည်း မရပေ။

သို့ကြောင့် ဗိုက်ဆာဆာနှင့်ပင် တဲနှင့် မနီးမဝေးနေရာမှာ အထုပ်များကို ချကာ ထိုင်နားနေကြလေသည်။

ခဏကြာတော့ သူတို့သုံးယောက် ထိုင်နေသောနေရာသို့ မြဝင်းသူ ရောက်လာလေသည်။

သူမလက်ထဲမှာ ကောက်ညှင်းထုပ်တစ်တွဲ ပါလာသည်။

"နီမောင်၊ စောထီး၊ ငမဲအောင်တို့ ငါ နင်တို့အတွက် ကောက်ညှင်းထုပ် ဝယ်လာခဲ့တယ်၊ ရော့. . . စားကြ"

"နင့်မှာ ပိုက်ဆံပါလာလို့လား"

"ဟင့်အင်း. . . တစ်ပြားမှ မပါပါဘူး"

"ဒါဖြင့် ဘယ်လိုယူလာတာလဲ"

"ဈေးသည်ဆီက အကြွေးဝယ်လာတာပေါ့"

"ဘယ်သူက တာဝန်ခံပေးသလဲ"

"ကိုကျော်တင့်က တာဝန်ခံပေးတာ"

"မစားတော့ပါဘူးဟာ"

"ဟင်. . . ဘာဖြစ်လို့လဲ၊ ငါက နင်တို့အတွက် တမင်သက်သက် ဝယ်လာပေးတဲ့ဟာ၊ နင်တို့သုံးယောက်က ငါ့ကို စိတ်ဆိုးနေကြတယ် မဟုတ်လား၊ ငါက ဟိုလူနဲ့ ရောချင်လို့ ရောနေတယ်များ ထင်နေ





လို့လား၊ ငါက အဲဒီလို နေပေးမှ အခွင့်အရေး ရတန်သရွေ့ ရပြီး နင်တို့အတွက်လည်း အကူအညီပေးလို့ရမှာပေါ့၊ နင်တို့က ငါ့စေတနာကို မသိဘဲနဲ့ အထင်လွဲနေကြတယ်"

ဟု ငိုသံပါကလေးနဲ့ ပြောလေသည်။

"ငါတို့က နင့်ရဲ့စေတနာကို မသိလို့ မဟုတ်ပါဘူးဟာ၊ ငါတို့အတွက်ကြောင့် နင့်မှာ အကြွေးတွေ သိပ်များနေမှာစိုးလို့ပါ"

မြဝင်းသူက ဘာမှပြန်မပြောဘဲ မျက်ရည်စများကို လက်မောင်းအကျီစဖြင့် တို့သုတ်နေသည်။

"ကဲ. . . ကဲ. . . နင် ဒီလောက် စိတ်မကောင်းဖြစ်နေရင်လည်း နင်တို့ ယူလာတဲ့ကောက်ညှင်းထုပ်ကို ငါတို့သုံးယောက် စားပါ့မယ်၊ ဒါပေမယ့် တစ်ခုတော့ ရှိတယ်နော်၊ အပြန်မှာ ကြွေးဆပ်တဲ့အခါ အဲဒီကြွေးကို ငါတို့ပေးရမှ ဖြစ်မှာ"

ထိုသို့ပြောပြီး နီမောင်က မြဝင်းသူလက်ထဲမှာ ကိုင်ထားသော ကောက်ညှင်းထုပ်တွဲများကို လှမ်းယူပြီး ဝေမျှစားသောက်သောအခါမှ မြဝင်းသူမျက်နှာလေးမှာ ပြန်လည်ကြည်လင်လာလေတော့သည်။





www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၉)

## မယ်တဲချောင်းမှ လျှို့ဝှက်သောလူ

ရှေ့သို့ ခရီးဆက်ကြရာမှာတော့ သူတို့အတွက် ပန်းခင်းလမ်းမျိုး မဟုတ်ဘဲ အန္တရာယ်များသောလမ်းများကိုသာ ဖြတ်ကျော်သွားကြရလေသည်။

ဇင်းဘားမှ ကျော်၍ အတန်ကြာအောင် သွားသောအခါ "မိန်းမပန်းလမ်းတန်း" သို့ ရောက်ကြသည်။

ထိုနေရာသို့ ရောက်ရန် ရေတံခွန်အချို့ကို ကျော်သွားရသည်။ တောင်ပတ်လမ်းများမှ ခက်ခက်ခဲခဲ ဖြတ်သွားကြရသည်။

ထိုခရီးမျိုးကို ဖြတ်သွားရသည့်အခါ နေသာချိန်တွင် မထောင်း



www.burmeseclassic.com

www.burmeseclassic.com



သာသော်လည်း မိုးသဲသဲမဲမဲ ရွာချသောအခါမှာ အန္တရာယ် ပိုများလေသည်။

တောင်စောင်းများအပေါ်မှ ဖြတ်သွားသောအခါ ခြေချော်ပြီး ချော်လဲသူ၊ အောက်သို့ ပြုတ်ကျသွားသူများ ရှိပေသည်။

ထိုသို့ပြုတ်ကျသွားသောအခါ ချောက်အတွင်းသို့ ကျပါက အသက်သေဆုံးနိုင်သည်။

သို့မဟုတ်ဘဲ အနိမ့်ပိုင်းနေရာသို့ ကျသွားပါက ခြေကျိုး လက်ကျိုးသူများ၊ ပါသွားသောပစ္စည်းများ ပျက်စီးခြင်း စသော ဘေးအန္တရာယ်တို့နှင့် ကြုံတွေ့ကြရသည်။

အချို့လည်း လမ်းက မိုးရွာ၍ ချောနေသောကြောင့် ဟန်ချက်မထိန်းနိုင်ဘဲ ခြေချော်လဲကျရာ ထမ်းထားသောပစ္စည်းများ ပြုတ်ကျပြီး ပျက်စီးခြင်းများဖြစ်ကြရသည်။

ပဲများ ရေစိုခြင်း၊ ဆီပုံးများ ကွဲအက်ခြင်းကြောင့် အမြတ်မရခင် အရင်းပါ ဆုံးသောအဖြစ်မျိုးနှင့် ကြုံရသူများလည်း ရှိလေသည်။

မိန်းမပန်းလမ်းတန်းကို ကျော်ရသည့်အခါ ရေစီးကြမ်းသော ချောင်းကျယ်တစ်ခုကို ဖြတ်ကျော်ကြရသည်။

(၂၅)ပေခန့် ကျယ်ဝန်းပြီး မိုးရွာသောအခါ ရေစီးကြမ်းသောကြောင့် တစ်ယောက်နှင့်တစ်ယောက် လက်တွဲ၍ ကူးကြရသည်။

မိန်းမပန်းလမ်းတန်းဟု ခေါ်ရခြင်းမှာ ထိုလမ်းတလျှောက်လုံး တောင်တက်လမ်းချည်း ဖြစ်သောကြောင့် မိန်းမများ ခရီးသွားသည့်အခါ ပင်ပန်းလွန်းသောကြောင့် မိန်းမပန်းလမ်းဟု အမည်ပေးထားခြင်းဖြစ်ပေသည်။

မိန်းမပန်းလမ်းမှ လွန်တော့ အောက်သဲကွက်၊ ထိုမှတစ်ဆင့် အထက်သဲကွက်သို့ ရောက်သောအခါ ခေတ္တစခန်းချကြပြီး ပါလာသော အစားအသောက်များကို ချက်ပြုတ်စားသောက်ကြသည်။ ထမင်း





ချက်သူကချက်၊ ငှက်ပျောဖက်များ ခုတ်၍ ရေဆေးကာ ခင်းသူကခင်းနှင့် တက်ညီလက်ညီ လုပ်ကြရသည်။

ချက်ပြီးသော ထမင်းနှင့်ဟင်းများကို ထိုငှက်ပျောဖက်များပေါ်မှ ပုံ၍ ဝိုင်းဖွဲ့စားသောက်ကြလေသည်။

ဟင်းကတော့ မယ်မယ်ရရ မရှိပေ။

ငှက်ပျောအူကို မျှင်ငပိနှင့် အရည်ဆမ်းချက်ပြီး ယူလာသော ထားဝယ်ငပိထောင်းနှင့် နယ်စားရသည်မှာ ထမင်းမြိန်လှပေသည်။

ထားဝယ်ငပိထောင်းမှာ မျှင်ငပိကို မီးဖုတ်၍ မိုးမျှော်ပြုပ်သီး မရမ်းသီး စသည်တို့နှင့် ရောထောင်းထားသော ချဉ်၊ ငန်၊ စပ် အရသာရှိသော ငပိထောင်းပင်ဖြစ်ပေသည်။

ငှက်ပျောအူဟင်းနှင့် ငပိထောင်းနှင့် စားရစေကာမူ ပင်ပန်းမှုဒဏ်ကြောင့် ထမင်းမြိန်ကြပေသည်။

စားသောက်ပြီးသည်နှင့် ခဏနားကာ ရှေ့သို့ ခရီးဆက်ရပြန်သည်။ ခရီးစဉ်ကတော့ မယ်ကဲတောင်ပေါ်မှ ကျော်ဖြတ်ပြီးနောက် မယ်ကဲချောင်းကို ကျော်ဖြတ်ကြရမည်ဖြစ်သည်။ မယ်ကဲချောင်းမှာ အန္တရာယ်များလှသောနေရာပင်ဖြစ်သည်။ ပေ(၃၀)ခန့် ကျယ်ဝန်းပြီး တောင်ကျရေများကြောင့် ရေစီးကြမ်းလှပေသည်။

ချောင်းရှိရာသို့ မရောက်မီကပင် ရေစီးနေသောအသံများကို တဝေါဝေါနှင့် ကြားနေရသည်။

ချောင်းစပ်သို့ ရောက်သောအခါမှာလည်း စိတ်မသက်သာစရာမြင်ကွင်းက ဆီးကြိုနေပြန်သည်။

ချောင်းအကျယ်မှာ အတော်အတန် ကျယ်ဝန်းသော်လည်း တံတားထိုးထားခြင်းတော့ မရှိပေ။

ဟိုဘက်ကမ်းသို့ ကူးရန် သစ်ပင်ကြီးတစ်ပင်ကို လှဲချထားပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ချောင်းကူးရန် လှဲထားသောသစ်ပင်ကြီးမှာ အတော်အတန်ကြီးသော်လည်း လှဲထားသည်မှာ နှစ်ပေါင်းအတော်ကြာဟန်ဖြင့် ဆွေးနေပေပြီ။

အချို့နေရာများမှာ ဆွေးမြေ့နေသောကြောင့် အကွက်လိုက်ပဲ့ကျနေလေသည်။

ထိုသစ်လုံးတံတားပေါ်မှ ကူးသောအခါ တော်ရုံကျွမ်းကျင်မှုမရှိဘဲနှင့် ကူး၍မရပေ။

ထို့ထက် လွယ်ထားသောအလေးချိန်နှင့် ကူးရသည့်အခါ ပို၍မလွယ်ပေ။

ဟန်ချက်ပျက်၍ ချောင်းထဲ ပြုတ်ကျသွားပါက ပစ္စည်းလည်းဆုံး၊ လူလည်း သေနိုင်ပေသည်။

သစ်လုံးတံတားပေါ်မှ ကူးရာတွင် တစ်ယောက်ပြီးမှ တစ်ယောက် ကူးကြရသည်။

ကျွမ်းကျင်သူများကတော့ အထုပ်များကို လွယ်ထားရင်းနှင့်ပင် ဟန်မပျက် မတ်တတ်ရပ်ကာ ကူးလေသည်။

အချို့ကတော့ ခွထိုင်ပြီး ဖင်ရွှေ့ဖင်ရွှေ့နှင့် ကူးကြသည်။ ထိုနေရာမှာတော့ လမ်းတစ်လျှောက်လုံး ကြွံကြွံခံနိုင်သော မိန်းကလေးများမှာ အခက်အခဲနှင့် တွေ့ကြရလေသည်။

၎င်းတို့ ပါလာသောအထုပ်များကို အဖော်များက တစ်ဖက်ကမ်း ရောက်အောင် ကူ၍ပို့ပေးကြသော်လည်း လူသက်သက်ချည်း ကူးရန်ပင် အခက်အခဲ တွေ့ကြရသည်။

တစ်ယောက်တည်း မကူးဝံ့သဖြင့် နောက်တစ်ယောက်က သွားဆွဲလျှင်လည်း နှစ်ယောက်အလေးချိန်ဆိုလျှင် သစ်လုံးကျိုးကျမည်စိုးသောကြောင့် မိမိဖာသာ တစ်ယောက်တည်းသာ အရဲစွန့်ကာ ကူးကြရသည်။





စောစောက ပြောသကဲ့သို့ပင် ယောကျ်ားလေးအချို့ပင် မတ်တတ်ရပ်၍ကူးနိုင်သော်လည်း မိန်းကလေးများနှင့် ကျန်လူအတော်များများကတော့ သစ်လုံးပေါ် ခွထိုင်ပြီး ဖင်ရွှေ့၍ ကူးရသည်။

မြဝင်းသူမှာ သူမ၏ပစ္စည်းများကို ကျော်တင့်တို့လူစုက ကူ၍သယ်ပေးသွားသောကြောင့် လူအလွတ်ချည်း ကူးရလေသည်။

"မြဝင်းသူ ဘာမှမကြောက်နဲ့၊ ရဲရဲသာ ကူးခဲ့၊ အောက်ချောင်းရေကို ငုံ့မကြည့်နဲ့၊ မူးပြီးလိမ့်ကျသွားမယ်၊ ရှေ့ကိုသာ တည့်တည့်ကြည့်ပြီး ရဲရဲသာ ကူးလာခဲ့"

ဟု တစ်ဖက်ကမ်း ရောက်နေသော ကျော်တင့်၏အော်သံကို အဆက်မပြတ် ကြားနေရသည်။

ခဏကြာတော့ မြဝင်းသူ တစ်ဖက်ကမ်းသို့ ရောက်သွားလေတော့သည်။

ဒီဘက်ကမ်းမှာ နီမောင်တို့သုံးယောက်သာ ကျန်ခဲ့တော့သည်။ ထိုအချိန်ရောက်မှ မိုးက ပိုသည်းလာသည်။

တစ်ဖက်ကမ်းသို့ ရောက်နေသူများက မိုးစိုမှာစိုးသောကြောင့် လေကွယ်မိုးကွယ်နေရာများ ရှိရာသို့ တက်သွားကြသောကြောင့် တစ်ဖက်ကမ်းစပ်၌ နီမောင်တို့သုံးယောက်သာ ကျန်ခဲ့တော့သည်။

"ဘယ်လိုလုပ်ကြမလဲ နီမောင်"

"ငါတို့ပဲ ကျန်ခဲ့တာ. . . ကူးကြရုံပဲ ရှိတာပေါ့"

"မိုးဒီလောက်သည်းနေတာ ကူးလို့ဖြစ်ပါ့မလား၊ တို့မှာလည်း အထုပ်အပိုးတွေနဲ့ မတော်တဆ ခြေချော်ကျသွားရင် ခက်မယ်"

"မိုးနည်းနည်းစဲသွားမှ ကူးသွားရင် မကောင်းဘူးလား"

"မဖြစ်ဘူးထင်တယ်. . . မြဝင်းသူက ဟိုဘက်ကမ်း ရောက်သွားပြီ၊ တော်ကြာ ဟိုလူတွေက ငါတို့ကို မစောင့်ဘဲ သွားကြရင် ခက်လိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြားသောအခါ ကျန်နှစ်ယောက်စိတ်ထဲ၌ မိမိကြုံတွေ့နေရသည့် အခက်အခဲထက် တစ်ဖက်ကမ်း ရောက်သွားသော မြဝင်းသူအတွက် ပူပန်သောက ရောက်နေသော နီမောင်၏အခြေအနေကို ရိပ်မိကြလေတော့သည်။

ထို့အတူပင် တစ်ဖက်ကမ်းသို့ ရောက်သွားပြီဖြစ်သော မြဝင်းသူခမျာမှာလည်း သူမက ဒီဘက်ကမ်း ရောက်နေပြီး နီမောင်တို့ သုံးယောက်စလုံး တစ်ဖက်ကမ်းမှာ ကျန်နေသောကြောင့် စိတ်ပူနေလေသည်။

"သူတို့ ကူးနိုင်ကြပါ့မလား၊ သူတို့ မပါရင်တော့ ငါလည်း လိုက်မသွားတော့ဘူး၊ ကိုယ့်ပစ္စည်းတွေ ယူပြီး နောက်ပဲ လှည့်ပြန်တော့မယ်"

ဟု စိတ်ထဲမှာ ဆုံးဖြတ်ချက် ချထားလေသည်။

ထိုအချိန်မှာပင် ကျော်တင့်အသံက ပေါ်ထွက်လာသည်။

"မိုးသိပ်များတယ်ဟေ့. . . ဒီနေရာမှာ အမိုးအကာ မရှိဘဲနဲ့ ကြာကြာနေလို့မကောင်းဘူး၊ လေမိုးအကာအကွယ်ရတဲ့နေရာရောက်အောင် ခရီးဆက်ကြရင် ကောင်းမယ်"

"ခဏစောင့်ပါဦး. . . ကျွန်မအဖော်သုံးယောက် ကျန်သေးတယ်"

"သူတို့ကို စောင့်နေရင် ကျန်တဲ့လူတွေ ဒုက္ခတွေ့နိုင်တယ်၊ ဒီတော့ သူတို့ဖာသာ နောက်က လိုက်လာပစေပေါ့"

"အို. . . ကျွန်မတော့ သူတို့ မပါဘဲနဲ့ မလိုက်တော့ဘူး၊ မစောင့်နိုင်လို့ သွားမယ်ဆိုရင်လည်း သွားနှင့်ကြပေတော့"

မြဝင်းသူစကားကြောင့် ကျော်တင့်မှာ မျက်နှာတစ်ချက် ပျက်သွားသော်လည်း နောက်ထပ် ဘာမှတော့ ဆက်မပြောတော့ပေ။

သူ့မျက်နှာပေါ်မှာတော့ မကျေနပ်သည့် အမူအယာများ တစွန်းတစ ပေါ်နေသည်။





တစ်ဖက်ကမ်းမှာပင် ရှိနေသေးသော နီမောင်တို့သုံးယောက်မှာလည်း မိုးရေထဲမှာပင် သစ်လုံးပေါ်မှ ကူးကြရန် ပြင်ဆင်နေသည်။

ထိုအချိန်မှာပင် စောထီးက လွှတ်ကနဲ ပြောလိုက်သည်။

"လူချည်း ကူးရလို့တော့ အခက်အခဲ မရှိပါဘူး၊ အခု အထုပ်အပိုးတွေ ပါနေလို့သာ ခက်နေတာ၊ ငါတို့မှာ ပါတဲ့အထုပ်တွေကို တစ်ယောက်ယောက်က လာပြီး ကူသယ်ပေးရင် သိပ်ကောင်းမှာပဲ"

"လူတောင် အနိုင်နိုင် ကူးနေရတာ၊ မင်းတို့အထုပ်ကို ဘယ်သူက လာသယ်ပေးမှာလဲ၊ ယောကျ်ားတွေပဲကွာ. . . သူများအားကိုးနေလို့မဖြစ်ဘူး၊ ဒီလိုပဲ ရအောင်ကူးကြမယ်"

ဟု ပြောဆိုကာ သစ်လုံးတံတားထိပ်သို့ ဆင်းလာကြသည်။ ပထမဦးစွာ နီမောင်က အရင်ဆုံး ကူးရန် ပြင်သည်။ ထိုသို့ပြင်နေစဉ်မှာပင် နောက်မှ ရောက်လာသော လူတစ်ယောက်က တစ်ဖက်ကမ်းသို့ ကူးရန် ပြင်လေသည်။

သူသည် ခမောက်ဝိုင်းကြီးကို ဆောင်းထားပြီး မိုးကာစကြီးကို ခြုံထားသောကြောင့် မျက်နှာကို ကောင်းစွာမမြင်ရပေ။

ထိုလူကြီးက တစ်ဖက်ကမ်းသို့ ကူးရန် ပြင်နေသော နီမောင်တို့ကြည့်ကာ မေးသည်။

"မင်းကြည့်ရတာ ဒီလမ်းတွေ သွားဖူးတဲ့ပုံ မပေါ်ဘူး၊ ဒီပုံနဲ့သာ ကူးရင် လူရောအထုပ်တွေပါ တံတားအောက် ကျသွားမှာပေါ့ကွ"

"ကျွန်တော်တို့က အခုတစ်ခေါက်မှ လိုက်လာတာပါ ဦးကြီး"

"ဒီလိုဆိုရင်လည်း ခရီးသွားဟန်လွှဲ ငါကပဲ အကူအညီ ပေးပါ့မယ်ကွာ၊ ကဲ. . ပေး. . ပေး. . မင်းတို့အထုပ်တွေကို တစ်ဖက်တမ်း ရောက်အောင် ငါ ကူသယ်ပို့ပေးပါ့မယ်"

ထိုစကားကြောင့် နီမောင်တို့သုံးယောက်မှာ အံ့ဩခြင်းနှင့်အတူ ဝမ်းသာသွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်မှာတော့ မိုးများ တဝုန်းဝုန်း ရွာနေသည့်ကြားမှပင် ထိုလူကြီးက သူတို့အထုပ်များကို တစ်ဖက်ကမ်း ရောက်အောင် ပို့ပေးလေသည်။

ရင်းမှာ သစ်လုံးပေါ်မှ အထုပ်အပိုးတွေ ထမ်းလျက်သားနှင့် မတ်တတ်ရပ်ကာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေပုံ ကြည့်ပြီး အံ့သြနေကြသည်။

အထုပ်များအားလုံး တစ်ဖက်ကမ်း ရောက်သွားတော့မှ သုံးယောက်သား တစ်ယောက်ပြီးတစ်ယောက် ကူးကြရလေသည်။

တစ်ဖက်ကမ်းရောက်သောအခါမှ ထိုလူကြီးကို ကျေးဇူးတင်စကား ပြောရလေသည်။

"ကျွန်တော်တို့ကို အကူအညီပေးတာ ကျေးဇူးတင်ပါတယ်ဗျာ၊ ကျွန်တော်တို့က သွားလာနေကျ အရောင်းအဝယ်သမားတွေလည်း မဟုတ်ပါဘူး"

"မင်းတို့အခြေအနေကို ကြည့်ရုံနဲ့ သိနိုင်ပါတယ်"

"ဒါထက် ဦးကြီးက ဘယ်မှာနေတာလဲ"

"နတ်လျောင်အိမ်လမ်းဆုံမှာ နေတယ်"

"ဗျာ. . . နတ်လျောင်အိမ်လမ်းဆုံမှာ နေတယ် ဟုတ်လား၊ ဒါဖြင့် ကျွန်တော်တို့ နေတဲ့ဘက်မှာပေါ့"

ထိုလူကြီးက ခေါင်းညိတ်ပြလေသည်။

"ဒါဖြင့် အခု ဘယ်သွားမှာလဲဟင်"

"ငါလည်း မင်းတို့နဲ့ ခရီးအတူတူ သွားမှာပါပဲ၊ လမ်းရောက်တော့ တွေ့ကြဦးမှာပေါ့"

ဟု ပြောဆိုကာ မိုးရေထဲမှာ ခပ်သွက်သွက် ထွက်သွားလေတော့သည်။

"နတ်လျောင်အိမ်လမ်းဆုံမှာ နေတယ်ဆိုတော့ ငါတို့လို





မှောင်ခိုသွားတဲ့လူပဲဖြစ်မယ်"

ငမဲအောင်က ပြောသည်။

"မှောင်ခိုကုန်ကူးတဲ့လူက အထုပ်အပိုးတွေ ပါမှာပေါ့၊ သူ့မှာ ဘာအထုပ်မှ မပါဘဲ"

"ဘာပဲဖြစ်ဖြစ် ငါတို့တတွေ အခက်အခဲ တွေ့နေတုန်း လာပြီး အကူအညီပေးသွားတာကတော့ ကျေးဇူးတင်စရာပဲကွာ"

"ဒါ့အပြင် သူက ပြောသွားသေးတယ်ကွ၊ နောက်လည်း တွေ့ကြဦးမှာပေါ့တဲ့"

"တွေ့တော့လည်း ကောင်းတာပေါ့ကွာ"

ဟု အချင်းချင်း ပြောဆိုကာ သုံးယောက်သား ကျော်တင့်တို့ ရှိသောနေရာသို့ ခပ်သုတ်သုတ် သွားကြလေသည်။

ကျော်တင့်မှာ နီမောင်တို့သုံးယောက်စလုံးကို အထုပ်အပိုး ကိုယ်စီထမ်းလာတာကို မြင်တော့ အံ့သြသွားလေသည်။ သူ့စိတ်ထဲမှာ သုံးယောက်စလုံး ထိုကဲ့သို့ ချောချောမောမော ရောက်လာလိမ့်မည်ဟု ထင်မထားသောကြောင့်ဖြစ်ပေသည်။

မြဝင်းသူကတော့ နီမောင်တို့ ရောက်လာသဖြင့် ဝမ်းသာသွားသည်။

သူမအနေနှင့် ယခုမှပင် သက်ပြင်းချနိုင်တော့သည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၀)

## ထမင်းတောင်းသည့် ဗရုဇဿာတသား

ရှေ့လမ်းခရီးမှာတော့ အန္တရာယ်များက တစ်ခုပြီးတစ်ခု တွေ့ကြရသည်။

လမ်း၌ ကျောက်လုံးကြီးစခန်းကို ကျော်သွားသောအခါ လမ်းနံ့ဘေးရှိ ကျောက်လုံးကြီးပေါ်မှာ ထုံးဖြင့် သတိပေးစာ ရေးထားသည်ကို တွေ့ရသည်။

"သတိ. . .

ရှေ့တွင် တောကြမ်း၍ အန္တရာယ်ရှိသည်၊

သတ်မှတ်သောလမ်းမှ သွားကြပါ"



www.burmeseclassic.com

www.burmeseclassic.com



ထိုစာကြောင်းကို မည်သူက ရေးထားခဲ့မှန်း မသိသေးသော်လည်း ထိုသတိပေးစာကြောင့် စိတ်ထဲမှာ စိုးရိမ်စိတ် ဖြစ်ကြရလေသည်။ ကျောက်လုံးကြီးစခန်းမှ လွန်သောအခါ ဝါးတောများအတွင်းမှ သွားကြရသည်။

လူတစ်ယောက် သွားသာရုံ လမ်းကလေး ဖောက်ထားပြီး အမှတ်အသားများလည်း ပြုလုပ်ထားလေသည်။

ထိုလမ်းမှလွဲပြီး အခြားသွားစရာလမ်းလည်း မရှိပေ။ ဝါးတောများ၊ သစ်တောများအတွင်းမှ ဖြတ်ပြီး ချောင်းအသွယ်သွယ်ကိုလည်း ကူးကြရသည်။ နောက်ဆုံး ကျွဲခတ်စခန်းသို့ ရောက်သောအခါ ညအိပ်နားရန် စခန်းချကြလေသည်။

အချို့ကတော့ ဝါးများကို ခုတ်၍ တိုင်စိုက်ကာ ငှက်ပျောရွက်များဖြင့် အမိုးအကာ လုပ်ကြလေသည်။ နီမောင်တို့သုံးယောက်လည်း ဝါးခုတ်သူကခုတ်၊ ငှက်ပျောရွက် ရှာသူကရှာ၊ ထမင်းဟင်း ချက်ရန်ပြင်သူကပြင်နှင့် အလုပ်ရှုပ်နေလေသည်။

မြဝင်းသူကတော့ မိန်းကလေးအဖော်များ ရှိရာမှာ နေလေသည်။ နီမောင်တို့သည် ဝါးများကို တိုင်ထူပြီး ငှက်ပျောရွက်ကြီးများကို အမိုးတင်သည်။

အကာအရံကတော့ သင့်သလောက်သာ ဖြစ်သလို ကာကြသည်။ မိုးရာသီဖြစ်သောကြောင့် ထင်းခြောက်ရှာရသည်နှင့် မီးမွှေးရတာကတော့ ခက်သည်။

ရွာမှ ယူလာသောလွှစာမှုန့်နှင့် ရေနံချေး ဆွတ်ထားသည့် မီးစာချေးခံပြီး အတန်ကြာအောင် မွှေးမှ မီးခိုးများ အူထွက်လာသည်။

ညဦးပိုင်းအချိန်ရောက်သောအခါ ချက်ပြုတ်စားသောက်ပြီး မီးဖိုမှ မီးအပူငွေ့ဖြင့် တရေးတမော အိပ်ကြလေသည်။

နီမောင်မှာ တော်တော်နှင့် အိပ်မပျော်ဘဲ ထိုခရီးမျိုးကို အရဲ





စွန့်ပြီး လိုက်လာမိသောအဖြစ်ကို တွေးနေမိသည်။ မိဘများ အတန်တန် တားနေသည့်ကြားမှ ထိုမျှ အန္တရာယ်များသောအလုပ်ကို လုပ်ရန် ခရီးထွက်လာခဲ့ခြင်းမှာ ငွေရဖို့ တစ်ခုတည်းအတွက် မဟုတ်မှန်းတော့ သူ့ဖာသာ သိနေသည်။

ထိုသို့တွေးမိသောအခါ ရင်မောစွာ သက်ပြင်းချမိလေသည်။ ညဦးပိုင်းအချိန်လောက်တွင် မှေးခနဲ အိပ်ပျော်သွားလေသည်။ ထိုသို့ အိပ်ပျော်သွားစဉ် တစ်စုံတစ်ယောက်က လာနှိုးသဖြင့် ပြန်နိုးလာသည်။

ကြည့်လိုက်တော့ သူ့ဘေးမှာ လူတစ်ယောက် ရပ်နေသည်ကို တွေ့ရသည်။

မိုးကာစကြီးကို ခြုံထားပြီး ခမောက်ဝိုင်းကြီးကို ဆောင်းထားသည်ကို မြင်တော့ နေ့လည်ပိုင်းက မယ်ကဲချောင်း ကူးရာမှာ သူတို့ကို အကူအညီပေးသွားသည့်သူမှန်း သိလေသည်။

"ဟင်. . . ဦးကြီး"

"ငါဆာနေလို့. . . မင်းတို့မှာ စားစရာရှိရင် ကျွေးပါဦးကွာ"

နီမောင် တအံ့တဩဖြင့် နေရာမှ ထလိုက်သည်။ စောထီးနှင့် ငမဲအောင်ကတော့ တခေါခေါနှင့် ဟောက်ကာ အိပ်မောကျနေလေပြီ။

"ကျွန်တော်တို့မှာတော့ မနက်အဆာပြေ စားဖို့ထားတဲ့ ထမင်းကြမ်းနဲ့ငပိထောင်းပဲ ရှိပါတယ်"

"ရှိတာပဲပေါ့ကွာ. . . အဆာပြေ စားရရင် တော်ပါပြီ"

ဟု ပြောသဖြင့် နီမောင်က ထမင်းနှင့်ငပိထောင်းကို ချပေးလိုက်သောအခါ တစ်ထိုင်တည်းနှင့် ကုန်အောင် စားသွားလေတော့သည်။

ပြန်ကာနီးတော့ နီမောင်က မေးသည်။

"ဒါထက် ဦးကြီးက ဘယ်ကိုသွားမှာလဲ"

"မင်းတို့နဲ့ အတူတူပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"နယ်ခြားဘက် သွားပြီး မှောင်ခိုပစ္စည်း ရောင်းဖို့လား"

"ငါ့မှာတော့ ရောင်းစားစရာပစ္စည်း မပါပါဘူး"

"ဒါနဲ့များ ဦးကြီးရယ်၊ ဒီခရီးက အန္တရာယ်များပါဘိသနဲ့၊ ကျွန်တော်တို့တောင် မသိလို့ လိုက်လာမိတာ၊ နောက်တော့ တော်ပါပြီဗျာ"

ထိုလူကြီးက ဘာမှမပြောပေ။

"ဒါထက် စပ်စုတယ်လို့တော့ မထင်ပါနဲ့၊ ဦးကြီးက ရောင်းစရာပစ္စည်းမပါဘဲနဲ့ ဘာကိစ္စ သွားမှာလဲဟင်"

"အဖော်လိုက်လာတာပါ"

"ဟင်. . . ဘယ်သူနဲ့ အဖော်လိုက်လာတာလဲဟင်"

"မင်း နောက်တော့ သိမှာပါ၊ ကဲ. . . သွားဦးမယ်ဟေ့"

ဟု ပြောကာ ပြန်ထွက်သွားလေတော့သည်။

ထိုအချိန်မှာပင် စောထီးနှင့်ငမဲအောင်တို့က အိပ်ပျော်ရာမှ ပြန်နိုးလာကြသည်။

"နီမောင်. . . တစ်ယောက်တည်း ဘယ်သူနဲ့ စကားပြောနေတာလဲ"

"နေ့လည်က မယ်ကဲချောင်းအကူးမှာ ငါတို့ကို အထုပ်တွေ ကူထမ်းပေးသွားတဲ့ဦးကြီး ရောက်လာပြီး ထမင်းလာတောင်းလို့ ငါတော့ ရှိတဲ့ထမင်း ပေးလိုက်တယ်"

နီမောင်က အကျိုးအကြောင်း ပြောပြလိုက်သောအခါ ငမဲအောင်က မှတ်ချက်ချသည်။

"ငါ့အထင်ပြောရရင်တော့ ငါတို့ ခရီးမထွက်ခင်က နတ်လှောင်အိမ်လမ်းဆုံက ကျောက်ဘီလူးကို အမဲသား ပို့ပေးပြီး အကူအညီတောင်းခဲ့လို့များ နောက်က တကောက်ကောက် လိုက်ပြီး အကူအညီပေးနေတာများလား မသိဘူး"

"ဒီလိုဆိုရင်လည်း ပိုကောင်းတာပေါ့ကွာ"





ထိုသို့ပြောပြီး သုံးယောက်သား ပြန်အိပ်ကြလေသည်။

ထိုအချိန်မှာ အခြားမိန်းကလေးအဖော်များနှင့် အိပ်နေသော မြဝင်းသူကို ကျော်တင့်က တဲအပြင်ဘက်သို့ ခေါ်သွားပြီး သူနဲ့ ပတ်သက်သောအဖြေတစ်ခု ရရန် ကြိုးစားနေလေသည်။

"မြဝင်းသူရယ်. . . အခွင့်အရေးယူတယ်လို့တော့ မထင်ပါနဲ့ဟာ၊ ငါ နင့်ကို ချစ်ခွင့်ပန်ထားတာ ကြာပါပြီ၊ အခုအချိန်ထိလည်း အဖြေမရသေးဘူး၊ ငါနဲ့ ပတ်သက်ပြီး နင့်သဘောထား ဘယ်လိုရှိတယ်ဆိုတာ သိပါရစေဟာ"

ကျော်တင့်ထံမှ အရက်နံ့ ရနေသောကြောင့် စိတ်ညစ်မိသော်လည်း သူမအနေနှင့် အကျဉ်းအကျပ် အခြေအနေမျိုး ရောက်နေလေသည်။

"ကျွန်မ ဒီအကြောင်းတွေကို မစဉ်းစားချင်သေးလို့ တကယ်လို့ စဉ်းစားတဲ့အခါမှပဲ တစ်ခုခု ပြန်ပြောပါရစေ"

"နင်က ငါ့အပေါ်မှာ အခုထိ မယုံသေးဘူး မဟုတ်လား၊ ငါ့အနေနဲ့ မိန်းကလေးတွေနဲ့ ရှုပ်တယ်လို့ သတင်းထွက်နေတာကလည်း အလုပ်သဘောအရ မတွဲချင်ဘဲ တွဲနေရလို့ပါ၊ နင့်အပေါ်မှာတော့ တကယ့်မေတ္တာစစ်နဲ့ ဖြူဖြူစင်စင် ချစ်တာပါဟာ"

ဟု ပြောကာ မြဝင်းသူလက်ကလေးတစ်ဖက်ကို ဖျတ်ကနဲ ဆုပ်ကိုင်လိုက်ရာ မြဝင်းသူက ပြန်ရုန်းလိုက်သည်။

"ကျွန်မအဖေ နေမကောင်းလို့ ဒီခရီးကို စွန့်စွန့်စားစား လိုက်လာရတာပါ၊ ဒီအချိန်မှာ အခွင့်အရေး မယူချင်ပါနဲ့ ကိုကျော်တင့်"

ဟု ပြောကာ တဲဘက်သို့ ပြန်သွားလေတော့သည်။

ကျော်တင့်မှာ နေရာ၌ မချင့်မရဲ ကျန်ခဲ့လေတော့သည်။

နောက်တစ်နေ့ မနက်လင်းသောအခါ မြဝင်းသူက သူ့ဗေ အထုပ်များကို ယူပြီး နီမောင်တို့ ရှိရာသို့ ရောက်လာလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်တာလဲ မြဝင်းသူ"

"ငါ နင်တို့နဲ့ပဲ အတူတူ သွားတော့မယ်"

"ဒီလိုဆိုရင်လည်း နင့်အထုပ်တွေကို ငါတို့သုံးယောက်က ဝိုင်းတူသယ်ပေးပါ့မယ်"

"ရပါတယ်တာ"

နီမောင်က မြဝင်းသူအခြေအနေကို ကြည့်ပြီး မေးလိုက်သည်။

"နင်တို့ချင်း အဆင်မပြေကြလို့လား"

"နင်ဘာမေးတာလဲ. . . ငါက ဘယ်သူနဲ့ အဆင်ပြေနေလို့လဲ"

မြဝင်းသူလေသံက အနည်းငယ် မာသွားပြီး မျက်နှာထားကလည်း တင်းသွားသောကြောင့် နီမောင်က စကားမဆက်ဝံ့တော့ပေ။

"နင်က ငါ့ကို ကျော်တင့်နဲ့ တစ်မျိုးထင်နေတာ မဟုတ်လား၊ အရှင်းဆုံး ပြောရရင် အခုအချိန်ထိ သူ့ကို စိတ်ကူးထဲတောင် ထည့်လို့မရသေးဘူး"

"ငါက နင့်အတွက် မေးတာပါ မြဝင်းသူရယ်. . . စိတ်မဆိုးပါနဲ့"

ဟု ပြောတော့မှ သူ၏အမူအယာက ပြောင်းသွားလေသည်။

"နီမောင်. . . ငါ နင့်ကို ပြောစရာရှိတယ်"

"ဘာများလဲ"

"ငါတို့တတွေတော့ မကျွမ်းကျင်ဘဲနဲ့ ဒီလမ်းကို လိုက်လာမိတာတော့ မှားပြီထင်တယ်၊ လမ်းမှာ နောက်ထပ် ဘယ်လိုအန္တရာယ်တွေနဲ့ ထပ်တွေ့ဦးမယ် မသိဘူးနော်"

"နင်ကြောက်နေလို့လား"

"ကြောက်တော့ မကြောက်ပါဘူး၊ ဒါပေမယ့် တစ်ခုခု မှားနေတယ်လို့ စိတ်ထဲမှာ ထင်နေမိလို့ပါ"

"အခုအခြေအနေ ရောက်မှတော့ နောက်ပြန်ဆုတ်လို့မှ မရ





တော့ ရှေ့ဆက်တိုးရမှာပဲ၊ နင့်မှာ အန္တရာယ်တစ်ခုခုနဲ့ ကြုံရင် ငါတို့ရှေ့က ကာကွယ်ပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ် နီမောင်ရယ်"

နီမောင်နှင့် မြဝင်းသူတို့မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေပြီး အတန်ကြာမှ ပြုံးလိုက်ကြလေသည်။

တကယ်တော့ ယခု သူတို့ရောက်သော ကျွဲခတ်စခန်းမှာ နာမည်ကျော်စခန်းတစ်ခုပင်ဖြစ်ပေသည်။

နယ်ခြားသို့ မှောင်ခိုသွားသူများမှာ အခြားပစ္စည်းများအပြင် ကျွဲ၊ နွားများကိုပါ မောင်းယူသွားလေ့ရှိသည်။ အခြားမှ မောင်းလာသောကျွဲများမှာ ထိုစခန်းအထိသာ ချောချောမောမော လိုက်လာကြပြီး ထိုစခန်းနေရာသို့ ရောက်သောအခါ ဘယ်လိုပင် မောင်းမောင်း ရှေ့ဆက်မလိုက်ဘဲ ပေရပ်နေတော့သည်။

တစ်ခါမှာတော့ ထိုကျွဲနွားများက မောင်းလာသောလူကို ပြန်ခတ်သောကြောင့် လူသေဆုံးမှုများ ရှိခဲ့ဖူးပေပြီ။

သို့ကြောင့် ထိုနေရာကို ကျွဲခတ်စခန်းဟု အမည်ပေးထားကြခြင်းဖြစ်ပေသည်။

နောက်တစ်နေ့မနက်ပိုင်းမှာပင် ကျွဲခတ်စခန်းမှ စတင်ထွက်ကြလေသည်။

တစ်နေ့လုံး ခရီးဆက်ခဲ့ကြရာ နေညိုချိန် ရောက်တော့ လိပ်ပုတ်ချောင်းနံဘေးသို့ ရောက်သွားကြသည်။

ထိုချောင်းတစ်ဝိုက်တွင် စခန်းချရန် ပြင်နေကြပေရာ နီမောင်တို့လည်း တဲတစ်လုံး ထိုးရန် ပြင်ဆင်ကြလေသည်။

ယခင်က တဲကို ဖြစ်ရုံသာ ထိုးကြသော်လည်း ယခုအခါ မြဝင်းသူပါ ရှိနေသောကြောင့် တဲကို လုံခြုံအောင် ရှိစေဖို့ ဂရုပြုကြလေသည်။

ထုံးစံအတိုင်း ညနေစောင်းအချိန်တွင် ငှက်ပျောဖက် ခုတ်သူ



www.burmeseclassic.com

www.burmeseclassic.com



ခုတ်၊ ထမင်းဟင်းချက်ရန် ပြင်သူက ပြင်လေသည်။

ထိုနေရာ၌ ယခင်လူများ ထိုးထားခဲ့သောတဲဟောင်းများ ရှိသောကြောင့် ဝါးလုံးခုတ်စရာ မလိုတော့ဘဲ ငှက်ပျောရွက်များသာ ရှာဖွေခုတ်ကြလေသည်။

ငမဲအောင်က ထင်းခြောက်များ ရှာပေးပြီး မြဝင်းသူက ထမင်း ချက်ရန် ပြင်ဆင်နေစဉ် နီမောင်တို့နှစ်ယောက်က ငှက်ပျောဖက် ခုတ် ရန် တောတွင်းသို့ ဝင်ခဲ့ကြသည်။

အချိန်က နေဝင်ရီတရောအချိန်မို့ တောတွင်းမှာ အမှောင်ရိပ် များ သမ်းနေချေပြီ။

ငှက်ပျောရွက် ခုတ်ယူရန် တောထဲ ဝင်လာသူများမှာ ထိုနေရာ တဝိုက်ရှိ ငှက်ပျောရွက်များအား အခြားသူများ ခုတ်ယူသွားပြီဖြစ်သော ကြောင့် တောတွင်း ရောက်အောင် ဝင်ရောက်ရှာဖွေကြရသည်။

ထိုသို့ တောတိုးဝင်သွားစဉ်မှာ မလှမ်းမကမ်းနေရာဆီမှ လူ ညည်းသံလိုလိုအသံကို ကြားရလေသည်။

'တဟင်းဟင်း' နှင့် ညည်းညူနေသောအသံမှာ ငှက်ဖျားတက် နေရာမှ ညည်းနေသောအသံမျိုးဖြစ်သည်။

ထိုအသံကြားတော့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့် လိုက်ကြသည်။

"ဟိုဘက်က ညည်းသံလိုလို ကြားရတယ်"

"ကြားရတာတော့ မိန်းမအသံပဲ၊ မှောင်ခိုသမားတွေများ ဖြစ် နေမလား"

ထိုသို့ပြောနေစဉ် ငိုသံကို စတင်ကြားရသည်။

"ကျွန်မကို ကယ်ကြပါရှင်. . . ကယ်ကြပါ"

ထိုအသံကြားသောအခါ နီမောင်နှင့်စောထီးတို့မှာ တစ် ယောက်နှင့်တစ်ယောက် တိုင်ပင်ပြီး အသံကြားရာဘက်သို့ သွားကြ





လေသည်။

အသံကြားသောနေရာမှာ သစ်ပင်ကြီးတစ်ပင်အောက်ရှိ ချုံ များ နောက်ဘက်ဆီမှ ဖြစ်ပေသည်။

နီမောင်နှင့်စောထီးတို့သည် ဓါးများကို ကိုင်ပြီး ချုံအနောက် ဘက်သို့ သွားကြည့်သောအခါ စောင်အဟောင်းတစ်ထည်နှင့် ပတ်ချ ထားသော လူတစ်ယောက်ကို တွေ့ရသည်။

မိန်းမတစ်ယောက်ဖြစ်မှန်း သိရသော်လည်း သူတို့ဘက်သို့ ကျောပေးထားသောကြောင့် မျက်နှာကိုတော့ မမြင်ရသေးပေ။

ညည်းညူသံမှာ ထိုနေရာမှ ထွက်နေခြင်းဖြစ်၏။

"ကယ်ကြပါရှင်. . . ကျွန်မကို ကယ်ကြပါ"

"ဒီ. . ဒီမှာ. . "

နီမောင်က အနားရောက်အောင် တိုးသွားပြီး အသံပြုလိုက် သည်။

"အဟင်း. . ဟင်း"

"ဒီမှာဗျ. . . ခင်ဗျားဘယ်လိုဖြစ်နေတာလဲ"

ထိုအခါမှ လဲနေသူက တဖြည်းဖြည်း ထလာသည်။

သူမမျက်နှာကို မြင်ရသောအခါ နှစ်ယောက်စလုံး နောက် ဘက်သို့ ခြေတစ်လှမ်းနှစ်လှမ်း ဆုတ်သွားကြသည်။ အဘယ်ကြောင့် ဆိုသော်. . .

အမှောင်ရိပ်ထဲမှာ မြင်လိုက်ရသောမျက်နှာမှာ ကြောက်စရာ ဖွယ်ကောင်းလှသောကြောင့်ဖြစ်သည်။ အရိုးပေါ် အရေတင်ရုံသာ ရှိနေပြီး ဖိုးရိုးဖားရားဖြစ်နေသောဆံပင်များက မျက်နှာပေါ် ကျနေ သည်။ မျက်နှာတစ်ခုလုံးမှာလည်း မှင်စာရုပ်ကဲ့သို့ ဖြစ်နေပြီး မျက်လုံး နှစ်လုံးက ပြူးထွက်နေသည်။

နှာခေါင်းက အတွင်းသို့ ချိုင့်ဝင်နေပြီး ပါးစပ်အတွင်းမှ ကျိုးတိုး



www.burmeseclassic.com

www.burmeseclassic.com



ကွဲတဲ ရှိနေသောသွားများက အပြင်သို့ ခေါထွက်နေသည်။

ထိုမိန်းမက နီမောင်တို့ကို မျက်လုံးအပြူးသားနှင့် လှမ်းကြည့်နေသည်။

"ခင်ဗျားဘယ်လိုဖြစ်နေတာလဲ"

နီမောင်က လှမ်းမေးလိုက်သည်။

"ကျွန်မ မှောင်ခိုလိုက်လာရင်းနဲ့ လမ်းမှာ ငှက်ဖျားမိပြီး သတိလစ်သွားတာကို အဖော်တွေက သေပြီမှတ်လို့ တောထဲမှာ ပစ်ထားခဲ့ကြတာပါ၊ အစာမစားရတာလည်း အတော်ကြာပါပြီ၊ စားစရာလေးများရှိရင် ပေးခဲ့ကြပါ"

ဟု သူ့အဖြစ်အပျက်ကို ပြောပြလေရာ နီမောင်က သနားသွားလေသည်။

"အခုလောလောဆယ် ကျွန်တော်တို့မှာ စားစရာ ဘာမှ မပါလာဘူးဗျ၊ ခင်ဗျားလိုက်နိုင်မယ်ဆိုရင် စခန်းချတဲ့နေရာကို လိုက်လာရင် ရှိတာ ကျွေးပါ့မယ်"

"ကျေးဇူးပါပဲ ငါ့မောင်ရယ်"

နီမောင်တို့နှစ်ယောက်မှာ ငှက်ပျောရွက်များကို ရသမျှ ခုတ်ပြီး နောက်ကြောင်းပြန်လှည့်သောအခါ စောစောက မိန်းမမှာ တောင်ဝှေးကြီးနှင့် နောက်မှ လိုက်လာလေသည်။

စောစောက မလှုပ်နိုင်သောအနေအထားမျိုး ရှိနေသော်လည်း ယခု လိုက်လာသောအခါမှာတော့ လူကောင်းတစ်ယောက်လို ရှိနေလေ၏။

ထိုအခါ စောထီးက တိုးတိုးပြောသည်။

"နီမောင်. . . မင်းခေါ်လို့ ဟိုမိန်းမတော့ နောက်က ထလိုက်လာပြီ၊ ကြည့်ရတာ သိပ်ပြီးဟန်ပုံမပေါ်ဘူး၊ ငါ့စိတ်ထဲမှာတော့ သူ့ကြည့်ရတာ ဖုတ်ဝင်နေသလိုပဲ"







"နေမကောင်းဖြစ်ပြီး ရုပ်ပျက်နေတာ ဖြစ်မှာပါကွာ"

ဟု ပြောဆိုကာ စခန်းရှိရာသို့ ပြန်လာကြသည်။

စခန်းကို ပြန်ရောက်သောအခါ မြဝင်းသူနှင့်ငမဲအောင်တို့ နှစ်ယောက်ကလည်း နီမောင်တို့နောက်မှ ပါလာသောမိန်းမကို ကြည့်ပြီး လန့်သွားကြသည်။

နီမောင်က အကျိုးအကြောင်း ပြောပြပြီး ထမင်းနှင့်ဟင်းအချို့ကို ဖက်နှင့် ထုပ်ပေးလိုက်သောအခါ ထိုနေရာမှာပင် ပလုတ်ပလောင်းစားလေသည်။

ထိုမိန်းမ စားသောက်နေပုံမှာ ခေါစပစ်ကျွေးနေသည်ကို သရဲသဘက်များက လာရောက်စားနေသည်နှင့် တူလှသည်။ စားပြီးသောအခါ နီမောင်က ပြောသည်။

"ကျွန်တော်တို့လည်း အလုပ်ကိစ္စနဲ့ သွားကြမှာမို့ ခင်ဗျားကို ခေါ်မသွားနိုင်တာ စိတ်မကောင်းပါဘူးဗျာ"

"ရပါတယ် ငါ့မောင်ရယ်၊ အခုလို ကျွေးတာကိုပဲ ကျေးဇူးတင်လှပါပြီ၊ မင်းတို့ ခေါ်လည်း အစ်မက မလိုက်ဝံ့ပါဘူး"

"ဘာဖြစ်လို့လဲဗျ"

"မင်းတို့နဲ့ ပါလာတဲ့အဖော်ကို ကြောက်ပါတယ်"

"ဗျာ. . . ကျွန်တော်တို့လေးယောက်အပြင် အခြားဘယ်သူမှ မပါ,ပါဘူး"

"မဟုတ်ဘူး. . . တစ်ယောက်ပါသေးတယ်၊ ဒါကို မင်းတို့ မသိကြဘူးလား"

နီမောင်တို့လေးယောက်မှာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

"အခုလို ကျွေးမွေးတဲ့အတွက် ကျေးဇူးတင်ပါတယ်လေ. . . သွားတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သွားမှာလဲဟင်"

"စောစောက သစ်ပင်အောက်ကိုပဲ ပြန်ရမှာပေါ့၊ အစ်မက အဲဒီနေရာမှာ နေတာ အတော်ကြာပြီလေ"

ဟု ပြောဆိုကာ စောင်ကို ခေါင်းပေါ်မှာ ခြုံ၍ အမှောင်ထဲ ပြန်ဝင်သွားလေတော့သည်။

ထိုအခါမှ နီမောင်တို့လည်း အခြေအနေကို သဘောပေါက်သွားကြလေသည်။

အတန်ကြာတော့ မြဝင်းသူက မေးသည်။

"သူပြောသွားတဲ့ ငါတို့နဲ့ ပါလာတဲ့အဖော်ဆိုတာ ဘယ်သူလဲဟင်"

ထိုအခါ နီမောင်က. . .

"နင် နောက်တော့ သူ့ကို တွေ့ရပါလိမ့်မယ်"

ဟုသာ ပြောလိုက်လေသည်။

အပြင်မှာ အမှောင်ထုက များလာပြီး မိုးက တဖွဲဖွဲ ရွာနေချေပြီ။







# အခန်း(၁၁)

## နတ်လှောင်အိမ်မှ သေလာသကျွ

အန္တရာယ်အသွယ်သွယ် အခက်အခဲများစွာတို့ကို ကျော်ဖြတ်သွားကြပြီး နောက်ဆုံး သူတို့ သွားလိုသော နယ်ခြားသို့ ရောက်သွားကြလေသည်။

တောင်တစ်လုံးပေါ်မှာ နယ်ခြားအမှတ်အသား ချထားလေသည်။ မြန်မာပြည်ဘက်မှာ ကျောက်ပုံတစ်ပုံ၊ ယိုးဒယားဘက်မှာ ကျောက်ပုံတစ်ပုံတို့ဖြစ်သည်။

သို့ကြောင့် ထိုတောင်ကို 'ကျောက်ပုံတောင်' ဟုပင် အမည်



www.burmeseclassic.com

www.burmeseclassic.com



ပေးထားလေသည်။

တောင်ခြေရင်းရှိ သစ်ပင်ကြီးတစ်ပင်ခြေရင်း၌ ပျဉ်ပြားတစ်ချပ်ပေါ်မှာ. . .

သတိ - ဂိတ်ဖွင့်ချိန် နံနက်(၇)နာရီ(၃၀)။
ဂိတ်ပိတ်ချိန် ညနေ(၄)နာရီ၊

အခြားပျဉ်ပြားတစ်ချပ်ပေါ်၌. .

သတိ - အန္တရာယ်ရှိသည်။ လမ်းဘေးသို့ (၅)ပေအတွင်း
မဝင်ရ၊

ဟူသော သတိပေးစာများ ရေးကပ်ထားသည်။

ကျောက်ပုံတောင်၏တောင်ထိပ်နေရာမှာတော့ မြန်မာနိုင်ငံနယ်မြေနှင့် ယိုးဒယားနိုင်ငံနယ်မြေကို ပိုင်းခြားသတ်မှတ်ထားသည့် နယ်ခြားမှတ်တိုင် စိုက်ထူထားသည်။

နှစ်နိုင်ငံ နယ်နိမိတ်ကို ပိုင်းခြားထားသည့် မှတ်တိုင်ဆိုသည်မှာ ကျောက်တိုင်စိုက်ထူထားခြင်း မဟုတ်ဘဲ အမြင့်(၄)ပေ၊ အလျား(၉)ပေ၊ အနံ(၃)ပေခန့် ရှိသည့် စတုဂံ ပုံသဏ္ဌာန် ကျောက်ပုံကြီးနှစ်ပုံကို တစ်ပုံနှင့်တစ်ပုံ နှစ်တောင်ခြားကာ တောင်နှင့်မြောက် ပုံခြားထားခြင်းဖြစ်ပေသည်။

နယ်ခြားမှတ်တိုင် အမှတ်အသားပြုထားသော ကျောက်ပုံကြီးများ၏အရှေ့ဘက် ယိုးဒယားပိုင်နယ်စပ်တွင် ဇရပ်အိုကြီးတစ်ဆောင်ရှိလေသည်။

ဟောင်းနွမ်းလှပြီဖြစ်သော ဇရပ်အိုကြီး၏ပုံသဏ္ဌာန်မှာ မကောင်းဆိုးဝါးကြီးတစ်ကောင် ထိုင်နေသည့် ပုံသဏ္ဌာန်နှင့် တူလေသည်။

ထိုဇရပ်ကြီး၏အမည်မှာ ရင်ကွဲဇရပ်(အချို့က ဇရပ်ရင်ကွဲ)ဟု ခေါ်ကြသည်။





ရင်ကွဲဇရပ်ဟု ခေါ်ရခြင်းအကြောင်းမှာ မြန်မာပြည်မှ ကုန်ပစ္စည်းယူလာသူများ ထိုနေရာရောက်သည်နှင့် တစ်ဖက်နိုင်ငံမှ ကုန်သည်ပွဲစားများ၏ကုပ်သွေးစုပ်မှုကို ခံရသဖြင့် အရှုံးကြီးရှုံးကာ ရင်ကွဲပက်လက်ဖြစ်ကြရသည်ကို အကြောင်းပြုပြီး ထိုအမည်မျိုး ပေးထားလေသလား မသိတော့ပေ။

ထိုဇရပ်အနီးမှာ တဲတန်းလျားများ ထိုး၍ လက်ဖက်ရည်ဆိုင်များ ရှိသည်။

ထိုဆိုင်များမှာ လက်ဖက်ရည်လည်းရောင်း၊ အရက်လည်းရောင်း၊ ဖဲဝိုင်းလည်း ထောင်ထားသည်။

နယ်ခြားသို့ ကုန်ရောင်းလာသူများမှာ အသောက်အစားလောင်းကစားနှင့် အပျော်အပါး ဝါသနာပါ,ပါက ထိုနေရာမှာပင် အရင်းရောအမြတ်ပါ တစ်ထိုင်တည်း ကုန်သွားနိုင်သောနေရာဖြစ်သည်။

ထို့ပြင် အနီးတဝိုက်တွင် လူတစ်ယောက်လျှင် တစ်ကျပ်ပေး၍ အိပ်နိုင်သည့် တည်းခိုစရာနေရာများလည်းရှိသည်။

ထိုနယ်ခြားစခန်းမှ ရှေ့ဆက်သွားသောအခါ တစ်မိုင်ခန့် အကွာအဝေးတွင် တောင်ကုန်းတစ်ခု ရှိလေသည်။

ထိုတောင်ကုန်းပေါ်မှာ ထုံးဖြူသုတ်ထားသော စေတီငယ်တစ်ဆူလည်း ရှိသည်။

လမ်းခရီးတွင် ပုလိပ်ဌာနတွင် အစစ်ဆေးခံရပြီးမှ ယိုးဒယားနယ်ခြားမြို့ကလေးဖြစ်သော နတ်အိမ်တောင်သို့ ရောက်ကြသည်။ နတ်အိမ်တောင်သည် တောင်များ ဝန်းရံထားသော ချိုင့်ဝှမ်းအတွင်း၌ ရှိလေသည်။

ထိုမြို့ကလေးမှာပင် မိမိတို့မှာ ပါလာသောပစ္စည်းများတို့ရောင်းချကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



ယိုးဒယားဈေးသည်များက ဆီ၊ ပဲ စသောပစ္စည်းများကို ဈေးနှုန်းဖြတ်ကာ ဝယ်ယူကြသည်။

နီမောင်ယူလာသည့် ကွမ်းထုပ်များလည်း ရောင်းရသည်။ သို့သော်လည်း သူတို့ကြားသည့်ဈေးမျိုး မရဘဲ ၎င်းတို့ ဈေးသည်များ ဖြတ်သည့် ပါးစပ်ဈေးဖြင့်သာ ရောင်းကြရသည်။

သို့စေကာမူ ပစ္စည်းရောင်းရသည့် ကျသင့်တန်ဖိုးငွေကို ငွေသားချည်း မပေးဘဲ သူတို့ဆိုင်မှာ ရောင်းသောပစ္စည်းများကို တန်ဖိုးသင့်၍ ပေးချေခြင်းဖြစ်သည်။

နီမောင်တို့ ယူသွားသောပစ္စည်းများကို ဈေးနှိမ်ဝယ်ပြီး ၎င်းတို့ထံမှ ကုန်ပစ္စည်းများကို အမြတ်တင် ရောင်းချလေရာ ၎င်းတို့အတွက် နှစ်ခါမြတ်ပြီး နီမောင်တို့အတွက်ကတော့ နှစ်ခါရှုံး ဖြစ်လေသည်။

၎င်းတို့ ပြန်ပေးသောပစ္စည်းများမှာ ရေဒီယို၊ နာရီ၊ တက်တချွန်၊ တက်ထရက်၊ ကြွေရည်သုတ်ပန်းကန်၊ ပလတ်စတစ် ပစ္စည်းများနှင့် ဆင်ကြယ်ဖိနပ် စသည်တို့ဖြစ်သည်။

လမ်းမှာ တင်ခဲ့သောအကြွေးများ ပေးရန် ငွေသားအနည်းငယ် တောင်းသောအခါမှာပင် အခက်အခဲ တွေ့ရသည်။ ပစ္စည်းဝယ်သောဆိုင်များက ငွေသားမပေးလိုကြဘဲ ၎င်းတို့ဆိုင်မှာ ရောင်းသောပစ္စည်းများကိုသာ ပေးလိုကြသည်။

နောက်ဆုံး အတင်းတောင်းတော့မှ အနည်းငယ် ပေးသည်။ တကယ်တော့ နီမောင်တို့အတွက်ကတော့ မျှော်မှန်းထားသလောက် အကျိုးအမြတ် မရသော ခရီးကြမ်းတစ်ခုပင်ဖြစ်ပေသည်။

ထိုမှောင်ခိုဈေး ရောက်သောအခါမှ အနယ်နယ်အရပ်ရပ် ဒေသဒ သီးသီးမှ မှောင်ခိုပစ္စည်း လာရောင်းသော လူမျိုးပေါင်းစုံကို တွေ့ကြရသည်။

ကရင်၊ ထားဝယ်၊ မွန်၊ မြန်မာ စသည်တို့ဖြစ်ပြီး အများအားဖြင့်





တော့ ထားဝယ်နှင့် ကရင်တိုင်းရင်းသားတို့ ဖြစ်ကြလေသည်။ ၎င်းတို့ ရောင်းချရန် ယူလာသောပစ္စည်းများမှာလည်း စုံလင်လှသည်။

ကုလားပဲခြမ်း၊ ဖယောင်းတိုင်ထုပ်၊ ကြက်သွန်အနီ အဖြူ ဆီပုံး၊ ပဲကြီးလှော်၊ ငါးခြောက်၊ ငံပြာရည်ပုံး၊ မထွန်းမေတံဆိပ် ဆေးပေါ့လိပ်၊ ခပေါင်းစီးကရက်ဗူး၊ ဆေးပြင်းလိပ်၊ ထားဝယ်ငပိ (မျှင်ငပိ)၊ ကြက်၊ ဘဲ၊ ဆား၊ ကြက်ဥ၊ ဘဲဥ၊ ဒူးရင်းသီး၊ ကွမ်းထုပ် စသည်တို့ဖြစ်သည်။

ထိုပစ္စည်းများကား သာမန်မှောင်ခိုသမားများ သယ်ယူလာသောပစ္စည်းများဖြစ်ကြလေသည်။

ငွေကြေးတတ်နိုင်သော မှောင်ခိုအကြီးစားများကတော့ ကျွဲ နွား၊ လူ၊ ရွှေနှင့် ကျောက်မျက်ရတနာများကို မှောင်ခိုကူးကြလေသည်။

မသိနားမလည်သောမိန်းကလေးများကို အထမ်းသမ အဖြစ် ခေါ်လာပြီးမှ ယိုးဒယားနယ် ရောက်သောအခါ မသိမသာ ရောင်းစားခဲ့ခြင်းဖြစ်၏။

ထိုနည်းဖြင့် အမှောင်လမ်း ရောက်သွားကြရသည့်မိန်းကလေးများမှာ မနည်းတော့ပေ။

ယခုလည်း ကျော်တင့်တစ်ယောက် သူနှင့် အတူပါလာသော မိန်းကလေးအချို့ကို ခေါ်ပြီး ထွက်သွားရာ မြဝင်းသူကိုပင် အရေးမလုပ်တော့ပေ။

ထိုအချိန်မှစပြီး ကျော်တင့်ကို မတွေ့ရတော့ပေ။ သူသည် နတ်အိမ်တောင်တွင် လူသိအများဆုံး မှောင်ခိုသမားတစ်ယောက်ဖြစ်သည်။

အခြားသူများ မဆိုထားနှင့်၊ လက်နက်ကိုင် သောင်းကျန်းသူများနှင့်ပင် အကျွမ်းဝင်သူတစ်ယောက်ဖြစ်ပေသည်။

ယခုလည်း မလည်မဝယ်နှင့် လိုက်လာသော မိန်းကလေးများကို ခေါ်ဆောင်သွားပြန်လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ထိုမိန်းကလေးများ ယူလာသောပစ္စည်းများကိုပင် ရောင်းပေးနေသလား၊ ဒါမှမဟုတ် အခြားဘယ်လိုအကြောင်းရှိလေသည်လဲတော့ မည်သူမှ မသိကြရပေ။

အဘယ့်ကြောင့်ဆိုသော်. . .

လမ်းတလျှောက်လုံး အတူတကွ လာခဲ့ကြသောမှောင်ခိုသမားများမှာ နတ်အိမ်တောင်သို့ ရောက်သောအခါ မိမိတို့ပစ္စည်းများကို လိုက်လံရောင်းချနေကြရသောကြောင့် လူစုကွဲသွားခြင်းဖြစ်ပေသည်။

နီမောင်၊ စောထီး၊ ငမဲအောင်နှင့် မြဝင်းသူတို့ကတော့ ၎င်းတို့ပစ္စည်းများကို ရောင်းချပြီး ထိုမှ ရလာသောကုန်ပစ္စည်းများကို ထုပ်ပိုးသယ်ယူကာ ရင်ကွဲဇရပ်သို့ ပြန်ကြလေသည်။

ထိုဇရပ်သို့ ရောက်သောအခါ အချိန်လည်း မရှိတော့သဖြင့် မိမိနှင့် အတူလာသူများနှင့် တွေ့လိုတွေ့ငြား စောင့်ကြလေသည်။ ထိုနေရာရောက်သောအခါ ထမင်းနှင့်ဟင်းကို ဖြစ်သလို ဝယ်စားရင်းနားကြသည်။

"ငါတို့လည်း လမ်းမှာ ကြုံတွေ့ရတဲ့ အန္တရာယ်တွေနဲ့စာရင် ရတဲ့အမြတ်က ဘာမှမပြောပလောက်ဘူး၊ နောက်တော့ ဒီခရီးမျိုး မသွားချင်တော့ဘူး၊ ကိုယ့်ရွာမှာပဲ ရသမျှနဲ့ အေးအေးနေတော့မယ်"

ဟု မြဝင်းသူက ပြောသည်။

"ငါလည်း အဖေပြောတုန်းက သိပ်မယုံဘူး၊ အခု လက်တွေ့ကြုံမှပဲ သိရတော့တယ်၊ တကယ်တော့ စဉ်းစားကြည့်ရင် ဒီကလူတွေ အလွန်မဟုတ်ပါဘူး၊ ငါတို့က လွန်တာပါ၊ ကိုယ့်နယ်က ပစ္စည်းတွေကို အသက်ဘေးအန္တရာယ်တွေကြားက ပင်ပင်ပန်းပန်း ထမ်းပိုးယူလာပြီး သူတို့ဆီ ရောက်မှ သူတို့ ဖြတ်တဲ့ဈေးနဲ့ ပေးကြရတယ်၊

ဒါတောင် ပိုက်ဆံရတာ မဟုတ်ဘဲ သူတို့ ပေးတဲ့ပစ္စည်းတွေကို ဈေးကြီးကြီးနဲ့ ပြန်ယူရသေးတယ်၊ အမှန်တော့ ကိုယ့်ပစ္စည်းကို လျှော့





ဈေးနဲ့ ပေးရပြီး သူတို့ဆီက ပစ္စည်းကို တန်ဖိုးကြီးကြီးနဲ့ ပြန်ယူရဖို့ ပင်ပင်ပန်းပန်းနဲ့ လာပို့ပေးရသလိုပါပဲ၊

သူတို့က မှားတာ မဟုတ်ဘဲ ငါတို့က တကူးတက သယ်ယူလာရတာဆိုတော့ သူတို့အလွန်မှ မဟုတ်တာ"

ဟု ပြောရာ အားလုံးက လက်ခံကြလေသည်။

ထိုသို့စကားပြောနေကြစဉ် ညဦးပိုင်းအချိန်လောက်တွင် လက်နက်ကိုင်ထားသည့် သောင်းကျန်းသူလေးယောက် ဇရပ်ပေါ် တက်လာသောကြောင့် အားလုံး ထိတ်ထိတ်ပျာပျာ ဖြစ်ကုန်ကြသည်။

ထိုနေရာမှာ အစိုးရစစ်တပ် မရှိဘဲ ၎င်းတို့ မင်းမူနေသောကြောင့် နီးရာဓါးကို ကြောက်နေရသည့်နေရာမျိုးဖြစ်သည်။

လက်နက်ကိုင်များက နီမောင်တို့လေးယောက် ရှိရာသို့ လျှောက်လာပြီး အနားမှာ ရပ်လိုက်သည်။

"မင်းတို့လေးယောက် လိုက်ခဲ့ပါ"

"ကျုပ်တို့မှာ ဘာအပြစ်ရှိလို့လဲ"

"မင်းတို့က အစိုးရစစ်တပ်နဲ့ အဆက်အသွယ်ရှိတဲ့ ဒလျှို (သူလျှို)တွေလို့ သတင်းပေးတဲ့လူက ပေးလိုက်တယ်၊ ဒါကြောင့် ငါတို့နဲ့ လိုက်ခဲ့ပါ"

"ခင်ဗျားတို့ မှားနေပြီထင်တယ်၊ ကျုပ်တို့က ရိုးရိုးသားသား လုပ်ကိုင်စားသောက်နေတဲ့လူတွေပါ"

"ဒါတွေ ငါတို့မသိဘူး၊ သတင်းပေးတဲ့လူက ပေးတော့ ဖမ်းပြီး စစ်ရမှာပဲ၊ မဟုတ်ရင်တော့ သက်သာမယ်၊ ဟုတ်ရင်တော့ တစ်ခါတည်း အသေပဲ"

ဟု ကြိမ်းမောင်းကာ နီမောင်တို့လေးယောက်ကို ဇရပ်ပေါ်မှ ခေါ်ချသွားလေသည်။

ဇရပ်ပေါ်မှာ ရှိနေသူများမှာ ထိုကဲ့သို့ အဖြစ်အပျက်များမှာ



www.burmeseclassic.com

www.burmeseclassic.com



သူတို့အတွက် မဆန်းကြယ်တော့သလို စားမြဲတိုင်းစား၊ အိပ်မြဲတိုင်း အိပ်ကာ ကျန်ခဲ့ကြလေသည်။

လက်နက်ကိုင်များက သူတို့လေးယောက်ကို တောစပ်၌ ရှိသော ဝါးလုံးတန်းလျားတဲတစ်လုံး ရှိရာသို့ ခေါ်သွားကာ သစ်လုံးများ ကာရံထားသည့်အခန်းတစ်ခုထဲသို့ ထည့်ထားလေသည်။

တဲအတွင်းမှာတော့ အခြားလက်နက်ကိုင်အချို့လည်း ရှိနေကြလေသည်။

ဖဲချသူကချ၊ အရက်သောက်သူက သောက်နေကြသည်။ ညဦးပိုင်းအချိန်လောက်တွင် တဲအတွင်းသို့ ကျော်တင့် ရောက်လာသည်။

သူက အစောင့်တစ်ယောက်ကို မှာလိုက်သောအခါ ထိုအစောင့်က မြဝင်းသူကို တစ်ယောက်တည်း ခေါ်သွားပြီး ကျော်တင့်ရှိရာသို့ ပို့ပေးသည်။

"နင်တို့သတင်းကို ကြားလို့ လိုက်လာတာ. . . ဘယ်လိုဖြစ်တာလဲ"

"မသိဘူး"

"ဒီအချိန်မှာ မာနကြီးမနေနဲ့ မြဝင်းသူ၊ အားလုံး သေသွားကြလိမ့်မယ်၊ ငါက စေတနာနဲ့ ကယ်ပေးမလို့ လာတာ၊ နင် ငါပြောတာကို လက်ခံရင် နင်တို့လေးယောက်စလုံးကို ကယ်ပေးမယ်"

မြဝင်းသူက မီးဝင်းဝင်းတောက်လုမတတ် မျက်လုံးဖြင့် တစ်ချက်မော့ကြည့်သည်။

"နင်အပါအဝင် ဟိုသုံးယောက်ကို အသက်မသေစေချင်ရင် ငါ့အချစ်ကို လက်ခံပြီး ငါနဲ့ လက်ထပ်ရမယ်. . . ဘယ်လိုလဲ"

"ဒါတွေအားလုံး နင့်လက်ချက်ဆိုတာ ငါသိပြီ ကျော်တင့်၊ ဒီမှာ ရှင်းရှင်းပဲ ပြောမယ်၊ ငါတို့ကို သတ်ချင်လည်းသတ်၊ မသတ်ချင်လည်းနေ၊ နင့်လို စိတ်ယုတ်မာ ရှိတဲ့လူမျိုးကို ဘယ်တော့မှ လက်မထပ်ဘူး"





ကျော်တင့်က တစ်ချက်ရယ်လိုက်သည်။

"ဒီစကားကို သေသေချာချာ စဉ်းစားပြီးမှ ပြောတာလား"

"ငါ့စကား အကုန်ပဲ"

"ဒီလိုဆိုရင်လည်း နင့်ရှေ့မှာတင် တစ်ယောက်ချင်း ထုတ်သတ်ပြမယ်"

ဟု ပြောပြီး ကျော်တင့်က ခေါင်းဆောင်လုပ်သူကို အခြားဘာသာစကားဖြင့် ပြောလိုက်ရာ ထိုခေါင်းဆောင်က သူ့လူနှစ်ယောက်ကို နီမောင်တို့သုံးယောက်ကို ကြိုးဖြင့် တုပ်၍ အပြင်ခေါ်ထုတ်လာရန် အမိန့်ပေးလိုက်လေသည်။

ထိုအခါ သောင်းကျန်းသူတစ်ယောက်က သေနတ်ဖြင့် ချိန်ထားပြီး ကျန်တစ်ယောက်က နွယ်ကြိုးဖြင့် သုံးယောက်စလုံးကို လက်ပြန်ကြိုးတုပ်ကာ အပြင်သို့ ခေါ်ထုတ်သွားလေသည်။

"သူတို့သုံးယောက်ကို ဟိုတောစပ် ခေါ်သွားပြီး တစ်ယောက်ချင်း ဓါးနဲ့ ခုတ်သတ်လိုက်"

ဟု ခေါင်းဆောင်က အမိန့်ပေးလိုက်ရာ ဓါးတစ်လက်ကိုပါ ယူ၍ တောစပ်သို့ ခေါ်သွားလေသည်။

"ဘယ်လိုလဲ မြဝင်းသူ၊ နင် ငါလိုချင်တဲ့အဖြေ ပေးမှာလား"

"ငါ့ကို အခုချက်ချင်း သတ်ပစ်ရင်တောင် နင်လိုချင်တဲ့အဖြေကို တစ်သက်လုံး မရဘူးမှတ်ပါ"

နီမောင်တို့ကို ကြိုးတုပ်ပြီး ခေါ်လာသူနှစ်ယောက်မှာ တစ်ယောက်က သေနတ်ကို လွယ်ထားပြီး တစ်ယောက်က ဓါးကိုင်ထားသည်။

တဲနှင့် မနီးမဝေး ရောက်သောအခါ ရပ်လိုက်သည်။ ထိုနေရာမှာ မီးအလင်းရောင်များနှင့် ဝေးနေသောကြောင့် အမှောင်ပို ထွက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မြဝင်းသူမှာ နီမောင်တို့ကို ကြိုးတုပ်၍ခေါ်သွားသည်ကို လှမ်းမြင်သောအခါ ဖြစ်လိုရာဖြစ်စေတော့ အားလုံးအသက်ကို ကယ်တင်ရန် သူမ အနစ်နာခံရလေမလားဟု တွေးလိုက်မိသေးသည်။

သို့သော် ထိုအတွေးကို ချက်ချင်းဖျောက်လိုက်ပြီး ချက်ချင်း သေဖို့ရန်သာ စဉ်းစားလိုက်သည်။

တောစပ်သို့ ရောက်သောအခါ တစ်ယောက်က နီမောင်ကို ရှေ့သို့ ခေါ်ထုတ်ပြီး ကျန်တစ်ယောက်က ဓါးကို ပြင်လိုက်သည်။

နီမောင်က မျက်စိမှိတ်ထားလိုက်သည်။

ဒီတစ်ကြိမ်တော့ ကယ်မည့်သူ ဝေးပြီဟုသာ တွေးလိုက်မိသည်။

ထိုအခိုက်မှာပင် မမျှော်လင့်သောအခြေအနေတစ်ခု ဝင်လာလေသည်။

ဓါးဖြင့် ခုတ်ရန် ပြင်နေသူနောက်မှ ခြေသံတစ်သံ ပေါ်လာသောကြောင့် လှည့်ကြည့်လိုက်သည်။

သို့ကြောင့် ဓါးကိုင်ထားသူရော သေနတ်ကိုင်ထားသူပါ လှည့်ကြည့်လိုက်သည်။

အမှောင်ရိပ် ကျနေသည့် တောစပ်တစ်နေရာမှာ လူတစ်ယောက် ရပ်နေလေသည်။

မျက်နှာကို မမြင်ရလောက်အောင် ခမောက်ဝိုင်းကြီးကို ခပ်စိုက်စိုက် ဆောင်းထားပြီး မိုးကာအမည်းကြီးကို တစ်ကိုယ်လုံး ခြုံထားသော လူမည်းကြီးပင်ဖြစ်သည်။

လူတစ်ကိုယ်လုံးကို သဲသဲကွဲကွဲ မမြင်ရစေကာမူ အမှောင်ထဲမှာ အရောင်တလက်လက် ထွက်နေသည့် မျက်လုံးအစုံကိုတော့ တွေ့နေရသည်။

"ခင်ဗျားဘယ်သူလဲ"





"ငါ့နာမည်က နတ်လှောင်အိမ်က သေလာယက္ခ"

"သေလာယက္ခသောဘာသော မသိဘူး၊ ဒီနေရာ ဘာလာလုပ်တာလဲ"

"မင်းတို့ကို သေမင်းဆီ ပို့ပေးမလို့"

"ဒီလိုလုပ်လို့ ရမတဲ့လား၊ ဒီနယ်မှာ ငါတို့ကို ဘယ်သူကမှ အံမတုဝံ့ဘူး"

"ဒါပေမယ့် ငါကတော့ မင်းတို့ကို သတ်ရမှာပဲ"

"ဘယ်သူသေမလဲ ကြည့်သေးတာပေါ့"

ဟု ပြောကာ သေနတ်သမားက သေနတ်ဖြင့် ချိန်ပစ်သည်။

"ဒိုင်း. . . ဒိုင်း"

အနီးကပ် ပစ်သောကြောင့် သေနတ်ကျည်ဆန်က လွဲစရာအကြောင်းမရှိပေ။

သို့စေကာမူ သေလာယက္ခမှာ လဲကျသွားခြင်း မရှိဘဲ ရှေ့သို့ ဆက်တိုးလာသည်။

ထိုအခါ ဓါးကိုင်ထားသူက ဓါးနှင့် ပြေးခုတ်သည်။ အနားမရောက်ခင်မှာပင် သေလာယက္ခထံမှ လက်တစ်ဖက် ထွက်လာပြီး ဓါးကိုင်ထားသူ၏လည်ကုပ်ကို ကိုင်ကာ အပေါ်သို့ ဆွဲမြှောက်လိုက်သည်။ ဓါးတခြား လူတခြား ဖြစ်သွားသောအခါ အပေါ်သို့ မြှောက်ပြီး ကိုင်ပေါက်ချလိုက်သည်။

"အား. . ."

ထိုအခါ သေနတ်ကိုင်ထားသူက သေနတ်ဖြင့် ထပ်ပစ်ပြန်သည်။

"ဒိုင်း. . . ဒိုင်း"

ထိုအသံကြားတော့ တဲအတွင်းမှာ ကျန်ခဲ့သော ခေါင်းဆောင်လုပ်သူက တဲအပြင်ထွက်လာပြီး အော်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်တွေ. . . မါးနဲ့ ခုတ်သတ်ပါလို့ ပြောလျက် ဘာကြောင့် သေနတ်ပစ်နေတာလဲ၊ ဒီနားမှာ မင်းအမေလင်တွေ ရှိနေတာ မသိဘူးလား၊ တော်ကြာ သေနတ်သံ ကြားတာနဲ့ ရောက်လာကြလိမ့်မယ်"

ဟု အော်ပြောသည်။

ထိုသို့အော်ပြောပြီး မကြာခင်မှာပင် တောစပ်မှ အသံနက်ကြီးဖြင့် အော်သံထွက်ပေါ်လာသည်။

"အား. . ."

ထိုအော်သံကြားသောအခါ သောင်းကျန်းသူ ခေါင်းဆောင်မှာ ဇဝေဇဝါဖြစ်သွားသည်။

"ဟော့ကောင်တွေ. . . ဟိုမှာ ဘာဖြစ်နေတာလဲ သွားကြည့်ကြစမ်း၊ အခြေအနေ မဟန်ရင် ပစ်သတ်လာခဲ့"

ဟု အမိန့်ပေးလိုက်သည်နှင့် နောက်ထပ်လက်နက်ကိုင် နှစ်ယောက်က တောစပ်သို့ ပြေးသွားကြသည်။

မကြာခင်မှာ သေနတ်သံများ၊ အော်ဟစ်သံများ ကြားလိုက်ရပြီး ပြန်လည်ငြိမ်သက်သွားပြန်သည်။

ထိုအခါ ခေါင်းဆောင်လုပ်သူက သဘောပေါက်သွားလေတော့သည်။

"ဟေ့. . . အားလုံး သေနတ်တွေ အဆင်သင့်ပြင်ကြ၊ တောစပ်မှာ ရန်သူရောက်နေပြီ"

ဟု ပြော၍မှ မဆုံးမီ သေနတ်သံများကြောင့် ထိုအနီးတဝိုက်မှာ ရှိနေသော အစိုးရစစ်သားများ ရောက်လာပြီး သောင်းကျန်းသူစခန်းကို ဝိုင်းဝန်းပစ်ခတ်ကြလေတော့သည်။

တိတ်ဆိတ်နေသောအချိန်မှာ သေနတ်သံနှင့် အော်သံဟစ်သံများ ဆူညံစွာ ပေါ်ထွက်လာတော့သည်။





သောင်းကျန်းသူများမှာ အစိုးရစစ်တပ် အဝိုင်းခံရသောကြောင့် သေနတ်ဖြင့် ပြန်ပစ်သူပစ်၊ ထွက်ပြေးရန် ကြိုးစားသူကကြိုးစားနှင့် ရှုပ်ထွေးနေလေတော့သည်။

ထိုအခြေအနေကို အခွင့်ကောင်းယူ၍ မြဝင်းသူက နီမောင်တို့ရှိရာဘက်သို့ မှန်း၍ပြေးသည်။

"အခုလောက်ဆိုရင် အသတ်ခံလိုက်ရပြီလား မသိဘူး၊ သူတို့ဘာမှမဖြစ်ကြပါစေနဲ့"

ဟုလည်း စိတ်ထဲမှာ ကြိတ်၍ဆုတောင်းနေမိသည်။

ထိုနေရာရောက်သောအခါ ကြိုးတုပ်ထားလျက် မြေပြင်ပေါ်မှာ လဲလျောင်းနေသောနီမောင်တို့သုံးယောက်ကို ဗိုးတဝါး မြင်ရလေသည်။

"နီမောင်၊ စောထီး၊ ငမဲအောင် နင်တို့ ဘာဖြစ်ကြသေးလဲ. . . ဘာဖြစ်ကြသေးလဲ"

"မြဝင်းသူလား. . . ငါတို့ ဘာမှမဖြစ်ဘူး၊ သေနတ်သံတွေကြောင့် ဝပ်နေရတာ"

သို့ကြောင့် ဝမ်းသာသွားပြီး သုံးယောက်စလုံးကို ကြိုးဖြေပေးလိုက်သည်။

"သောင်းကျန်းသူတွေစခန်းတော့ စစ်တပ်က ဝိုင်းနေပြီ၊ ငါတို့ဒီနေရာက လွတ်အောင်ပြေးကြစို့ရဲ့"

ဟု ပြောဆိုတိုင်ပင်ကာ သုံးယောက်သား တောအန္တရာယ်လွတ်ရာသို့ ထွက်ပြေးကြလေတော့သည်။

ထိုအချိန်မှာ သောင်းကျန်းသူစခန်းသို့ ရောက်နေသော တော်တင့်မှာလည်း အခြေအနေမကောင်းသောကြောင့် ထိုနေရာမှ ထွက်ပြေးလေတော့သည်။

သူ့အနေနှင့် အစိုးရ စစ်သားများလက်မှ လွတ်အောင် ပြေး



www.burmeseclassic.com

www.burmeseclassic.com



နိုင်သော်လည်း အခြားအန္တရာယ်လက်မှတော့ မလွတ်သာခဲ့ပါချေ။

သူထွက်ပြေးသောလမ်းပေါ်မှာ မည်းမည်းသဏ္ဍာန်ကြီးက ရပ်နေလေသည်။

သို့ကြောင့် အခြားလမ်းမှ လှည့်ပြေးရန် ကြိုးစားပြန်တော့လည်း မည်းမည်းသဏ္ဍာန်ကြီးက ရောက်နေပြန်လေသည်။

"ခင်. . ခင်ဗျားဘယ်သူလဲ"

"သလာယက္ခ"

"ဘာကြောင့် ကျုပ်နောက်ကို လိုက်နေတာလဲ"

"မင်းဆီက ကြွေးတောင်းစရာရှိလို့ပေါ့"

"ဘာကြွေးလဲဗျ"

"နတ်လှောင်အိမ်မှာ ငါ့အတွက် လာပို့ထားတဲ့ အမဲသားကို မင်းတို့ ယူပြီးချက်စားခဲ့တာ မှတ်မိသေးလား"

ထိုစကားကြားသောအခါ ကျော်တင့်မှာ များစွာကြောက်ရွံ့ထိတ်လန့်သွားလေတော့သည်။

နတ်လှောင်အိမ်လမ်းဆုံမှာ ရှိသော ကျောက်ဘီလူးရုပ်ကြီးနောက်မှာ ဖဲရိုက်နေကြစဉ် နီမောင်တို့သုံးယောက်က အမဲသားတွဲလာပို့ကြသည်။ ထိုအမဲသားတွဲကို ယူ၍ချက်စားပြီးနောက် ကြောက်မက်ဖွယ်ကောင်းသော မည်းမည်းသဏ္ဍာန်ကြီး ရောက်လာပြီး တင်းပုတ်ဖြင့် လိုက်ထုနေသောကြောင့် အချို့သေပြီးနောက် ထွက်ပြေးခဲ့ရပုံများကို သတိရလေတော့သည်။

"အဲဒီကြွေးကို မင်း အခုပြန်ပေးရမယ်"

ဟု ပြောသည်နှင့် ခြေဦးတည့်ရာသို့ ထွက်ပြေးလေတော့သည်။ ထိုသို့ပြေးသော်လည်း မလွတ်နိုင်တော့ဘဲ သူပြေးရာ လမ်းပေါက်မှာ မည်းမည်းသဏ္ဍာန်ကြီးက ရောက်နှင့်နေပြီး နောက်ဆုံး ၎င်းလက်ချက်နှင့်ပင် ကျော်တင့်ခမျာ မရှုမလှနှင့် အသက်ပျောက်သွားလေတော့





သည်။

ထိုအချိန်မှာပင် သောင်းကျန်းသူစခန်းကိုလည်း အစိုးရ စစ်တပ်က သိမ်းပိုက်ပြီးနောက် သေနတ်သံများ ငြိမ်သွားခဲ့ချေပြီ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၂)

## နှစ်ကိုယ်ထိတွေ့မေတ္တာလမ်း

တောနက်ထဲမှ ဘေးအန္တရာယ်များကို ကျော်ဖြတ်၍ ပြန်ခဲ့ကြရာ နောက်ဆုံးမှာတော့ ကလိန်အောင်ရွာနှင့် နီးသော တောင်ကုန်းရှိရာသို့ ပြန်ရောက်ကြလေသည်။

ထိုနေရာမှ နောက်ထပ်တစ်ညအိပ်ခန့် ခရီးဆက်ပါက သူတို့နေသော ကလိန်အောင်ရွာသို့ ပြန်ရောက်ကြတော့မည် ဖြစ်သည်။ နီမောင်၊ စောထီး၊ ငမဲအောင်၊ မြဝင်းသူတို့လေးယောက်မှာ ချောင်းနှင့်နီးသော တောင်ကုန်းတစ်ခုပေါ်မှာ ဝါးတဲထိုး၍ တစ်ညနားကြသည်။

သူတို့လေးယောက်စလုံးမှာ စားစရာလည်း မပါတော့သောသို့ကြောင့် စောထီးနှင့်ငမဲအောင်က အဆာပြေ စားဖို့ အသီးအနှံ



www.burmeseclassic.com

www.burmeseclassic.com



သို့မဟုတ် သားငါးတစ်မျိုးမျိုး ရရန် အရှာထွက်သွားကြသည်။

နီမောင်နှင့်မြဝင်းသူက တဲပေါ်မှာ မီးရအောင်မွှေးပြီး မီးဖိုထားရသည်။ နီမောင်၊ စောထီး၊ ငမဲအောင်တို့သုံးယောက်စလုံးမှာ ကုန်ချင်းလဲယူရသည့်ပစ္စည်းများ တစ်ခုမှ မပါတော့ဘဲ ငွေအနည်းငယ်သာ ကျန်တော့သည်။

မီးပုံအနီးမှာ မီးအရှိန်ရအောင် လုပ်နေသည့်နီမောင်ကို မြဝင်းသူ မေးသည်။

"နီမောင် . . . နင်တို့သုံးယောက်စလုံးမှာ ဘာပစ္စည်းမှ မပါတော့ဘူးနော်"

နီမောင်က ပြုံး၍ခေါင်းညိတ်ပြသည်။

"ငါ့အတွက်နဲ့ အခုလို ဒုက္ခရောက်ကြရတာ ငါစိတ်မကောင်းပါဘူးဟာ၊ တကယ်လို့သာ နင်တို့ တစ်ခုခု ဖြစ်သွားရင် ငါတော့ ဘယ်လိုမှ ဖြေလို့ရမှာ မဟုတ်ဘူး"

"ဘယ်တတ်နိုင်ပါ့မလဲဟာ. . . ကံတရားပဲပေါ့"

"ငါတို့တတွေ သိပ်မှားခဲ့တာပဲ၊ မိဘတွေ အတန်ဆန် တားနေတဲ့ကြားက ဇွတ်တိုးပြီး လုပ်ခဲ့ကြတာ အကျိုးအမြတ် မရတဲ့အပြင် အရင်းပါ ဆုံးခဲ့ရတယ်၊ ဒါတောင် အသက်မသေကြလို့ တော်သေးတယ်၊ နင်တို့ကို ဘယ်သူလာကယ်တာလဲဟင်"

နီမောင်က အကြောင်းစုံ ပြောပြလိုက်ရာ မြဝင်းသူမှာ များစွာ အံ့ဩနေလေသည်။

"ငါတော့ တစ်သက်လုံး ဒီလိုအလုပ်မျိုးကို ဘယ်တော့မှ မလုပ်တော့ဘူးလို့ ဆုံးဖြတ်လိုက်ပြီ၊ နင်ရော ဘယ်လိုစိတ်ကူးလဲဟင်"

"နင့်လိုပဲပေါ့ မြဝင်းသူရယ်၊ မကောင်းမှန်း မသိလို့ လုပ်မိတာကြောင့် အခုလိုဖြစ်မှတော့ မကောင်းမှန်း သိပြီဆိုရင် ဝေးဝေးက ရှောင်ရုံ ရှိတာပေါ့၊ ငါတော့ ရွာပြန်ရောက်တာနဲ့ ကိုယ့်ခြံကို ဂရုစိုက်ပြီး





လုပ်တော့မယ်လို့ စိတ်ကူးမိတယ်"

"ငါလည်း ဒီလိုပါပဲ၊ ဒါပေမယ့် အဖေက မကျန်းမာလေတော့"

"ဒီအတွက် စိတ်မပူပါနဲ့ မြဝင်းသူရယ်၊ ငါတို့သုံးယောက်က နင့်အတွက် အကူအညီပေးဖို့ တိုင်ပင်ထားပြီးသားပါ"

"ကျေးဇူးတင်ပါတယ်ဟာ. . . နင်တို့စေတနာကို ငါသိပါတယ်၊ ဒါပေမယ့် အမြဲတမ်းတော့ ဘယ်သူက ကူပေးနိုင်မှာလဲ"

"ဟိုနှစ်ယောက်တော့ ငါမသိဘူး၊ သူတို့နှစ်ယောက် မကူနိုင်ရင်တောင် ငါကတော့ အမြဲတမ်း အကူအညီပေးသွားမှာပါ"

"အဲဒီလို ပေးပြန်တော့လည်း ပတ်ဝန်းကျင်က တစ်မျိုးမြင်ကြဦးမယ်"

"ပတ်ဝန်းကျင်ဆိုတာကတော့ ပြောမှာပဲ၊ မပြောစေချင်ရင်တော့ တစ်ခုခု လုပ်ရုံပဲ ရှိတော့တာပေါ့"

"ဘယ်လိုလုပ်မှာလဲ"

"လူကြီးတွေကို ပြောပြီး နင်နဲ့ငါနဲ့ လက်ထပ်ပြီး အတူတူ နေလိုက်ရင် ဘယ်သူကမှ ပြောမှာမဟုတ်တော့ဘူး"

ထိုစကားကြောင့် မြဝင်းသူမျက်နှာပေါ်မှာ ကျေနပ်မှု အပြုံးရိပ်ကလေးများ ပေါ်လာသည်။

"ဒီစကားကို ဘယ်တုန်းကတည်းက ပြောဖို့ စိတ်ကူးထားတာလဲ"

"ကြာပါပြီ. . ဒါပေမယ့် သူများတွေအတွက် အနှောင့်အယှက်ပေးရာကျမှာစိုးလို့ မပြောဘဲ နေခဲ့တာ"

"အခုတော့ မဟုတ်မှန်း သိပြီမဟုတ်လား"

"သိပြီလေ. . . ဒါကြောင့် ဖွင့်ပြောတာပေါ့၊ နင့်သဘောတာရော ဘယ်လိုလဲ"

"ဘာပြန်ပြောရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



မြဝင်းသူက အပြုံးဖြင့် မေးသည်။

"တစ်ခုခုပေါ့. . . သဘောတူရင်တူတယ်၊ မတူရင် မတူဘူး ပေါ့"

"ငါ့မျက်နှာအမူအယာကို ကြည့်ရုံနဲ့ မသိနိုင်ဘူးလား"

"အင်း. . . ရိပ်မိသလိုလိုတော့ ရှိတယ်၊ ဒါပေမယ့် ပါးစပ်က ပြောတော့ ပိုကောင်းတာပေါ့"

နီမောင်က အကျပ်ကိုင်သည်။

"ရွာရောက်တော့ အဖေ့ကို ပြောပြီး နင်စီစဉ်ချင်သလို စီစဉ် ပေါ့ဟာ. . . ငါလက်ခံပါ့မယ်"

"ဒီစကားကြားမှပဲ စိတ်အေးရတော့တယ်၊ ဒီတစ်ပတ် ကုန် ရောင်း လိုက်ခဲ့တာ အခြားအကျိုးအမြတ် မရပေမယ့် နင့်မေတ္တာကို ရတာကတော့ ဝမ်းသာစရာ အကောင်းဆုံးပဲ"

ဟု ပြောလိုက်လေရာ မြဝင်းသူကပါ နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက် လေတော့သည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (နတ်လှော်င်အိမ်မှ သေလာယက္ခ)အမည်ရှိ ဂမ္ဘီရဆန်းကြယ်ဝတ္ထုသည်လည်း နိဂုံးကမွတ် အဆုံးသတ်ပြီဖြစ်ပေတော့သတည်း။

အနိယာဟောတု သုခီအတ္တာနံ ပရိဟရန္တု။

ပြီးဆုံး ။ ။ (၂၀၁၀)ခုနှစ်၊ မေလ(၂၅)ရက် အင်္ဂါနေ့၊ နံနက်(၉)နာရီ